# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၃)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

## ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျား -**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ မင်္ဂလာအခါသမယ၌ ချင်းပြည်နယ်အတွင်းသာမက မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေထိုင်လျက်ရှိကြသော ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ကျွန်ပြုပြီးသည့်နောက် တောင်တန်းနှင့် မြေပြန့်ဒေသများကို သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ချင်းတိုင်းရင်းသားတို့သည် ကိုလိုနီလက်အောက်ကနေ လွတ်မြောက်ရန် အသက်သွေးချွေး အိုးအိမ်စည်းစိမ်များစွာကိုစတေးပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်ရေး ရရှိပြီးသည့်နောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၌ လူထုညီလာခံကျင်းပပြီး တိုက်သူကြီးများ(စော်ဘွားများ) အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အုပ်ချုပ်ရေးစနစ်ဟောင်းမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့သည့် ဖလမ်းမြို့၊ လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို **"ချင်းအမျိုးသားနေ့"** အဖြစ် ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည့် သတ္တမအကြိမ် ချင်းရေးရာကောင်စီညီလာခံက ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်မှ အစပြုပြီး သတ်မှတ်ခဲ့သည့် ချင်းအမျိုးသားနေ့သည် ယခုအခါ (၇၃) နှစ်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှုသမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့် ချင်းမျိုးနွယ်စုဝင်အားလုံးအတွက် သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့သွယ်တန်းနေသည့် တောင်တန်းများ၊ ရှားပါးအပင်များပေါက်ရောက်ပြီး ရှားပါးသတ္တဝါများခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ လှပသည့်ရိဒ်ရေကန်၊ ကုလားတန်မြစ်၊ မဏိပူရ်မြစ်၊ ဘွေနူးမြစ်၊ ဘုံတလာရေတံခွန် စသည့် လှပသည့်သဘာဝအရင်းအမြစ်များတည်ရှိရာ ပြည်နယ်တစ်ခုဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ သဘာဝခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပါသည်။

**ချင်းအမျိုးသားနေ့**သည် ချင်းပြည်နယ်အတွင်း အုပ်ချုပ်ရေးအာဏာနှင့် အခွင့်အရေးအားလုံးကို စော်ဘွားများ၊ တိုက်သူကြီးများ၊ ရွာသူကြီးများကသာ သားစဉ်မြေးဆက်အမွေဆက်ခံကာ ၎င်းတို့လက်ဝယ်ထားရှိသည့် ပဒေသရာဇ်အမွေ၊ ကိုလိုနီအမွေ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းအား ဒီမိုကရေစီစနစ်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သောနေ့ဖြစ်ပြီး ချင်းမျိုးနွယ်စုဝင်အားလုံးအတွက် လေးနက်သောအဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသော သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ် ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာ ထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန် လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁)ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁)ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## ဥပဒေပြင်ဆင်ချက်များ သိရှိလိုက်နာရေး

ဆောင်းပါး | စာ | ၆



## ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

### မြန်မာနိုင်ငံသည် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ၏ အကျိုးကျေးဇူးများကို ခံစားရရှိနေပြီးဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် အစိုးရဌာနများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# နိုင်ငံသားနှင့် နိုင်ငံရေး

လောက၏ကောင်းကျိုးကို ဆောင်ရွက်ခြင်း၊ မိမိအမျိုးအနွယ် လူမျိုး၏ အကျိုးကို ဆောင်ရွက်ခြင်း၊ မိမိကိုယ်ကို ပျိုးထောင်မြှင့်တင်ခြင်းတို့က လူဖြစ်ရခြင်း၏ အနက်အဓိပ္ပာယ်အနှစ်သာရဖြစ်သည်။ လောကတ္ထစရိယ၊ ဉာတတ္ထစရိယနှင့် ဗုဒ္ဓတ္ထစရိယဟူ၍လည်း သိကြသည့် အထက်ပါ စရိယသုံးပါးတို့ကို ဗုဒ္ဓသည်လည်းကောင်း၊ တပည့်သား သံဃာတော်များသည်လည်းကောင်း ကိုယ်တိုင်ဖြည့်ကျင့်ခဲ့ကြသကဲ့သို့ လောကလူသားတို့ကိုလည်း လမ်းညွှန်ပြသတော်မူခဲ့ကြသည်။

လူသည် လူအဖြစ်ကို ရရှိလာကတည်းက မိမိကိုယ်တိုင်အတွက်သာမက မိမိဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိလူမျိုးတို့အတွက်ပါ တာဝန်ရှိသည်။ သည့်ထက်ပို၍ဆိုရလျှင် လူ့လောကကြီးတစ်ခုလုံးအတွက်ပါ တာဝန်ရှိသည်။ လူသည် ယင်းတာဝန်များကို မည်မျှကျေပွန်နိုင်သနည်း၊ မည်မျှစွမ်းဆောင်နိုင်သနည်း၊ မည်မျှထမ်းဆောင်နိုင်သနည်း စသည်တို့အပေါ်မူတည်၍ တန်ဖိုးရှိသော လူသားဖြစ်လာသည်။ လူအများ၏အကျိုးကို သယ်ပိုးထမ်းဆောင်သူသည် လူမည်ကာမတ္တထက် ပိုသူ လူကောင်းဖြစ်၍၊ အများအကျိုး ဖျက်ဆီးသူ၊ မိမိကြောင့် အများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသူမှာ လူဖြစ်ရှုံးသူ၊ လူ့ဘဝနှင့်မထိုက်တန်သူဖြစ်သည်။

နိုင်ငံသားတစ်ဦးအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးအတွက် ဆောင်ရွက်ခြင်းသည် မိမိရှင်သန်နေထိုင်ရာ လူ့အဖွဲ့အစည်းကို ပိုမို၍ ကောင်းမွန်သော၊ ပိုမို၍ အဆင့်မြင့်မားသော အခြေအနေသို့ ရောက်အောင် မြှင့်တင်ခြင်းဖြစ်သည်။ ယင်းသည်ပင် နိုင်ငံရေးဖြစ်၍ ဉာတတ္ထစရိယလည်းဖြစ်သည်။ လူသားအားလုံးနှင့် တစ်ကမ္ဘာလုံးအတွက် ရည်ရွယ်ဆောင်ရွက်နိုင်လျှင်မူ လောကတ္ထစရိယကို ဖြည့်ကျင့်နိုင်ခြင်းပင်ဖြစ်သည်။ မိမိနိုင်ငံသူ နိုင်ငံသားများ အစားအစာ ဝဝလင်လင်စားသုံးနိုင်ရေး၊ အာဟာရပြည့်ဝရေး၊ အနာရောဂါကင်းဝေး ကျန်းမာအသက်ရှည်နေနိုင်ရေး၊ ရောင်းပန်းဝယ်ပန်းများ ပွင့်လန်းကာ လျင်မြန်ချောမွေ့စွာ ကူးသန်းသွားလာဆက်သွယ်နိုင်ရေး၊ စာတတ်မြောက်ရေးနှင့် ပညာသင်ကြားရေး၊ အကျင့်စာရိတ္တမြင့်မားရေးနှင့် လူမှုဘဝများ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်များနှင့် လူမှုဒုက္ခများမှ ကယ်ဆယ်ရေးစသည်ဖြင့် မြောက်မြားလှစွာသော အရေးများကို ကဏ္ဍအသီးသီးတွင် နေ့စဉ်ပါဝင်ဆောင်ရွက်နေကြခြင်းသည် နိုင်ငံရေးဆောင်ရွက်နေကြခြင်းဖြစ်သည်။ ကိုယ့်နေရာနှင့်ကိုယ်၊ ကိုယ့်ကျွမ်းကျင်မှုနှင့်ကိုယ် ဆောင်ရွက်နေကြခြင်းဖြစ်ပြီး အားလုံး သူ့တန်ဖိုးနှင့်သူ ရှိကြသည်သာ။ စက်ယန္တရားကြီး တစ်ခုတွင် မည်မျှသေးငယ်သည့် အစိတ်အပိုင်းဖြစ်စေကာမူ မပါမဖြစ် လိုအပ်သကဲ့သို့ သူ့နေရာနှင့်သူ အရေးပါကြသည်သာ။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီပြည့်ဝသော နိုင်ငံဖြစ်ရေး၊ ဒီမိုကရေစီစနစ် စွဲမြဲခိုင်မာစေရေးအတွက် ကြိုးပမ်းအားထုတ်နေရဆဲ နိုင်ငံဖြစ်သည်။ ဒီမိုကရေစီနိုင်ငံသားတစ်ဦးအဖို့ ဉာဏ်ပညာ ဗဟုသုတနှင့်ပြည့်စုံခြင်း၊ နိုင်ငံရေးနိုးကြားခြင်း၊ ဆင်ခြင်တုံတရားပြည့်ဝခြင်းတို့လိုအပ်သလို လူတစ်ဦးချင်းစီတို့၏ ဆန္ဒနှင့် လွတ်လပ်ခွင့်တို့ကို လေးစားခြင်း၊ မတူကွဲပြားမှုတို့ကို အသိအမှတ်ပြုခြင်းတို့ လိုအပ်သည်။ တစ်ပြိုင်တည်းမှာပင် စည်းလုံးညီညွတ်မှုကိုရယူကာ ပိုမို၍ ကောင်းမွန်သော၊ ပိုမို၍ အဆင့်မြင့်သော လူ့အဖွဲ့အစည်းကို ပေါင်းစည်းညီညွတ်သည့်အင်အားဖြင့် တည်ဆောက်ကြရမှာဖြစ်သည်ဟု ရှုမြင်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၀၀၃<br>၀၄၂-၂၀၂၃၀၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/၉လ**

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

❐ ရှေ့ဖုံးမှ

ချင်းတိုင်းရင်းသားတို့သည် နယ်ချဲ့ကိုလိုနီနှင့် ဖက်ဆစ်တို့အား ဆန့်ကျင်တော်လှန်ရေး၊ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတို့တွင် အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ချင်းအမျိုးသားများသည် အခြားတိုင်းရင်းသားများနှင့် ကောင်းတူဆိုးဖက်၊ အေးအတူပူအမျှ ပြည်ထောင်စုကြီးအတွင်း အတူတကွလက်တွဲပြီး ညီညီညွတ်ညွတ်နေထိုင်ခဲ့ကြပါသည်။ ချင်းတိုင်းရင်းသားအနွယ်ဝင် အချင်းချင်းသော်လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့်အတွက် ချင်းအမျိုးသားအများစုတို့နေထိုင်ရာ ချင်းပြည်နယ်သည် ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ တောင်တန်းထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းတောင်တန်းများအပေါ်တွင် ဆက်သွယ်သွားလာရေး အဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လမ်းများအသစ်ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများ ပြုပြင်ပေးခြင်းနှင့် ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ချင်းပြည်နယ်အနှံ့အပြားတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ ဖလမ်းမြို့တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းနှင့် ပလက်ဝမြို့တွင် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ချင်းတိုင်းရင်းသား ပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုရိုးရာခလေ့ပွဲတော်များ၊ ဘာသာစကား၊ စာပေနှင့် တိုင်းရင်းသားအခွင့်အရေးများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ ချင်းတိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့်လည်း မိမိတို့ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊

**❖ ချင်းပြည်နယ်အနှံ့အပြားတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ ဖလမ်းမြို့တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းနှင့် ပလက်ဝမြို့တွင် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ချင်းတိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်**

**❖ ချင်းအမျိုးသားနေ့သည် ချင်းပြည်နယ်အတွင်း အုပ်ချုပ်ရေးအာဏာနှင့် အခွင့်အရေးအားလုံးကို စော်ဘွားများ၊ တိုက်သူကြီးများ၊ ရွာသူကြီးများကသာ သားစဉ်မြေးဆက်အမွေဆက်ခံကာ ၎င်းတို့လက်ဝယ်ထားရှိသည့် ပဒေသရာဇ်အမွေ၊ ကိုလိုနီအမွေ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းအား ဒီမိုကရေစီစနစ်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သောနေ့ဖြစ်ပြီး ချင်းမျိုးနွယ်စုဝင်အားလုံးအတွက် လေးနက်သောအဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသော သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်**

ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် မြှင့်တင်ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ မတူညီသော တိုင်းရင်းသားလူမျိုးစုတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ဘာသာ၊ စာပေတို့သည် ပြည်ထောင်စု၏ ပဒေသာစုံ အလှတရားများပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဘာသာစကား၊ စာပေများကို ယခုထက်မကတိုးမြှင့်ပြီး ထိန်းသိမ်းကာကွယ်၍ ပြည်ထောင်စုကြီး၏အလှကို ဖန်တီးပုံဖော်ပေးကြရန် တိုက်တွန်းလိုပါသည်။

ချင်းတိုင်းရင်းသားများအနေဖြင့် ဒေသအလိုက် ဘာသာစကားနှင့်စာပေ မတူညီကြသော်လည်း **"မတူကွဲပြားမှုကို စည်းလုံးမှုအင်အားတစ်ရပ်"** (Unity in diversity) အဖြစ် အသုံးချတတ်ပြီး ချင်းပြည်နယ်ကြီးတစ်ခုလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန်၊ စွမ်းရည်နှင့် စွမ်းအားရှိသော လူသားအရင်းအမြစ်များ ပိုမိုတည်ဆောက်နိုင်ရန် လိုအပ်ပါသည်။ အစဉ်အလာကြီးမားပြီး ချင်းလူမျိုးများ တစ်လုံးတစ်ဝတည်း စုစည်းစေခဲ့သော အောက်ချင်းငှက်ပမာ သစ္စာရှိမှု၊ ပွင့်လင်းမှု၊ အမှန်တရားကိုချစ်မြတ်နိုးမှုများသည် လက်ရှိချင်းတိုင်းရင်းသားများ၏ ဓလေ့စရိုက်များဖြစ်ပြီး ယင်းစရိုက်ကောင်းများဖြင့် နိုင်ငံတော်ကြီးကို စောင့်ထိန်းကာကွယ်ဖို့ တာဝန်ရှိမည်ဖြစ်ပါသည်။

ပြည်ထောင်စုသားအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က လိုလားတောင့်တနေသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပြည်ထောင်စု အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ (၁၀) နှစ်တာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ပြည်သူနှင့်လက်တွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနှင့်အတူ ချင်းတိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်းရင်း သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၅ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)
ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ကျော်ထွန်းအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူသို့အသိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် CDM အဖျက်အမှောင့်ပြုလုပ်နေသော မသမာသူအချို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာပေးတော့မည် မဟုတ်ကြောင်း အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယင်းကောလာဟလများအပေါ် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူအပေါ် တာဝန်ကျေပွန်စွာဖြင့် မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်သွားပါရန်နှင့် လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်ဟု ဖော်ပြထားသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်– တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တတိယအကြိမ် ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။**



### တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒစရိယ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီး ငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

### ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ဆရာတော်များ၏ ဆွမ်းဘောဇဉ်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်သန်လျက် ဝန်ကြီးဌာနက နေပြည်တော်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကို ၂၀၂၀ ပြည့်နှစ် မေလတွင် ၈၅၂ အိတ်၊ အောက်တိုဘာလတွင် ၉၁၄ အိတ် လှူဒါန်းခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိဘုရားစေတီပုထိုးများအား ပြည်သူအများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရေး ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရန်နှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး တည်တံ့ဝေစည်နိုင်စေရန်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ဆည်းပူးအားထုတ်ရသော ကုသိုလ်ကောင်းမှုများကြောင့် ကိုဗစ်-၁၉ ကပ်ဘေးမှ ကင်းဝေးနိုင်ကြပြီး အေးချမ်းသာယာနိုင်ပါစေကြောင်း လျှောက်ထားသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရား နာကြားကြသည်။

ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ရာ ပျဉ်းမနားမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၆၁၂ ပါး၊ သီလရှင် ၁၂၇ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၇၃၉ ပါးတို့အား ဆွမ်းဆန်တော် ၁၁၃ အိတ်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့တွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၁၃ ပါး၊ သီလရှင် ၂၅၅ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၆၆၈ ပါးတို့အား ဆွမ်းဆန်တော် ၁၀၁ အိတ် လှူဒါန်းခဲ့သဖြင့် ယနေ့ ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားတွင် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၄၀၇ ပါးတို့အား ဆွမ်းဆန်တော် ၂၁၄ အိတ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID – 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ကုမာရာဘိဝံသနှင့် နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသတို့ အမှူးပြုသော မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး ၂၇ ပါးကို ယနေ့ နေ့လယ်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးပြီး ပထမအကြိမ်အဖြစ် COVID – 19 ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID – 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အလားတူ နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန်ရွာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၄၇ ပါးတို့ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုရားခန်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးပြီး ပထမအကြိမ်အဖြစ် COVID–19 ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆရာတော်ကြီးများအား COVID – 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဆရာတော်ကြီးတစ်ပါးကို COVID – 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် မှော်ဘီမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက် စုစုပေါင်း လေးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့နှင့် ငပလီမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင် စာသင်တိုက်စုစုပေါင်း ၂၄ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော်အား အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်

# တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုရှိမှ တစ်ဦးချင်း၏ အကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်မည်

ရွေးကောက်ပွဲမဲစာရင်း မှားယွင်းမှုများကို ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့် အရေးပေါ်ကာလအတွင်း ပြည်သူလူထု၏ စားဝတ်နေရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုရှိမှ တစ်ဦးချင်း၏ အကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

○ ရှေ့ဖုံးမှ

ဘာသာရပ်ဆိုင်ရာ အရာထမ်းများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ တက်ရောက်ကြသည်။

**အကျိုးခံစားခွင့်များ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက RCEP သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံ၏ စီးပွားရေးဝန်ကြီးများက နိုင်ငံခေါင်းဆောင်များ၏ ရှေ့မှောက်တွင် Virtual ပုံစံဖြင့် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ RCEP သဘောတူစာချုပ်သည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သည့် ကုန်သွယ်မှုသဘောတူစာချုပ်များတွင် တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် ယခင်ကတည်းက လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ၆ ခုတွင် ပါဝင်ခဲ့ပြီးဖြစ်၍ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ၏ အကျိုးကျေးဇူးများကို ခံစားရရှိနေပြီး ဖြစ်ပါကြောင်း၊ RCEP စာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် မိမိနိုင်ငံ၏ ပို့ကုန်များမြှင့်တင်နိုင်ခြင်း၊ သွင်းကုန်အစားထိုးလုပ်ငန်းများကို ဖိတ်ခေါ်ရင်းနှီးမြှုပ်နှံ၍ ကုန်သွယ်မှုလိုငွေလျှော့ချနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ခြင်းဖြင့် နှစ်စဉ် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် အဆင့်မြင့်နည်းပညာများရရှိခြင်း စသည့် အကျိုးခံစားခွင့်များကို ပိုမိုရရှိမည်ဖြစ်ကြောင်း။

**အထောက်အပံ့ဖြစ်စေရေး**

RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဓိကကျသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများသို့ အသိပေးညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များသို့လည်း စာချုပ်ပါအခန်းအလိုက် ပြဋ္ဌာန်းချက်များအား ရှင်းလင်းပြောကြားသည့် ဆွေးနွေးပွဲများကို ကျင်းပပြီးဖြစ်၍ ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များနှင့် လိုလားချက်များကို သိရှိပြီး စာချုပ်အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲက RCEP ကို ပုဂ္ဂလိကကဏ္ဍမှ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည်များကို အကူအညီအထောက်အပံ့ ဖြစ်စေရေးအတွက် အစိုးရဌာနများက ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဌာနအလိုက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် လိုအပ်သည့် နည်းပညာအကူအညီများ၊ မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းသွားရန် ဖြစ်ပါကြောင်း။

**လုပ်ငန်းအစီအစဉ်ရေးဆွဲ**

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် လုပ်ငန်းများအပြင် လိုအပ်သည့် နည်းပညာအကူအညီများအတွက် နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများထံမှ ရယူနိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်ရေးဆွဲနိုင်ရေးနှင့် အကောင်အထည်ဖော်မည့် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းရေးတို့ကို အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ RCEP သဘောတူစာချုပ် အသက်ဝင်ရေးကို ထိုင်းနိုင်ငံက ဆောင်ရွက်ပြီးဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ စာချုပ်အသက်ဝင်ရေးနှင့် အကောင်အထည်ဖော်ရေးကို အလျင်အမြန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက စာချုပ်အသက်ဝင်ရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဒုတိယဝန်ကြီးက RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် စာချုပ်ပါ ကဏ္ဍအလိုက် အစိုးရဌာနများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၂၁ ခုနှစ် မတ်လ ပထမပတ်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အတူ ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများ၏ အသက်(၃)နှစ်အောက် ကလေးများအတွက် ဖွင့်လှစ်ထားရှိသည့် မေမေ့ရင်ခွင် နေ့ကလေးထိန်းဌာနသို့ သွားရောက်၍ ကလေးငယ်များကို ပြုစုစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များကို မှာကြား၍ နေ့ကလေးထိန်းဌာနတွင် သား/သမီး ရင်သွေးငယ်လေးများအား မုန့်၊ ပဲနို့နှင့် အရုပ်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များ၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ တင်ပြရှင်းလင်းသည့် အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မေမေ့ရင်ခွင် နေ့ကလေးထိန်းဌာန၌ ကလေးငယ်များ ပြုစုစောင့်ရှောက်မှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လုပ်ငန်းနယ်ပယ်များသည် များပြားကျယ်ဝန်းပါကြောင်း၊ မိမိတို့ဌာန တစ်ခုတည်းသာမက ပြည်သူ့အတွက်ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနအချင်းချင်းအပြင် UN, NGOs, CSO များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ကြရပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော မူဝါဒများ၊ လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရန် လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များနှင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ နောက်ခံအချက်အလက်၊ ရေးဆွဲထားရှိမှု၊ လုပ်ငန်းစီမံချက်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေပြင်ဆင်ချက်များ သိရှိလိုက်နာရေး

## ချမ်းအေး (တရားရေး)

**“ဥပဒေကို မသိ၍ ဖောက်ဖျက်ကျူးလွန်မိပါသည်ဟု ထုချေ၍ မရပါ။ အပြစ်က ခွင့်မလွှတ်ပါ။ ကုစားမှုမရနိုင်သည့်အတွက် ဥပဒေကို သိရှိအောင် လေ့လာမှတ်သားသင့်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပညာရှင်များက လက်ဆင့်ကမ်းဝေမျှသင့်ပါသည်။ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားများအနေဖြင့် ပြဋ္ဌာန်းထားသော တရားဥပဒေများကို အစဉ်လေးစားကြသူများပီပီ ရပ်ရွာအေးချမ်းသာယာရေး အတွက် ဥပဒေကို စောင့်ထိန်းလိုက်နာသင့်ကြပေသည်။ ဥပဒေဗဟုသုတ ပြန့်ပွားရေး ပြင်ဆင်ချက်များ၊ အစားထိုးချက်များကိုပါ နေ့စဉ်ထုတ်သတင်းစာများ မှတစ်ဆင့် ဖတ်ရှုလေ့လာပြီး ကျယ်ကျယ်ပြန့်ပြန့် ပွားများပေးသင့်ပါသည်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေး၊ အများပြည်သူဘဝလုံခြုံရေးတို့အတွက် တရားဥပဒေများကို မပျက်မကွက် လိုက်နာဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်”**

**အရေးပေါ်အခြေအနေ**

ယနေ့အချိန်အခါသည် နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည့်အချိန်ဖြစ်ပေသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၁ ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ထားခြင်း ဖြစ်ပေသည်။

**ရာဇသတ်ကြီး**

တည်ဆဲဥပဒေဖြစ်သော ရာဇသတ်ကြီးကို ခေတ်ကာလနှင့်အညီ ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲများက ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြပေသည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေအမှတ် ၅/၂၀၂၁ အရ ၁၄-၂-၂၀၂၁ ရက်နေ့တွင် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။

**ပုဒ်မ ၁၂၁ (မူလပြဋ္ဌာန်းချက်)**

**နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ခြင်း(High Treason)**

၁၂၁။ မည်သူမဆို-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုခုကို ဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင် သို့မဟုတ်

( ခ ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုခုကို ဖြစ်စေ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတစ်ခုခုကိုသော်လည်းကောင်း၊ လူတစ်ဦးဦးကို သော်လည်းကောင်း ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့မဟုတ်

( ဂ ) ထိုသို့စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့မဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့မဟုတ်

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကျန်းသော နည်းလမ်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန် အားထုတ်လျှင် သို့မဟုတ် ဖြိုဖျက်ရန် အခြားနည်းဖြင့် ပြင်ဆင်လျှင် သို့မဟုတ် ထိုသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင် သို့မဟုတ် ထိုသို့အားထုတ်မှုနှင့် ပတ်သက်လျှင် သို့မဟုတ် ထိုသို့အားထုတ်မှုကို ပြုရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့အားထုတ်မှုနှင့် ပတ်သက်ရန်ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း၌သော်လည်းကောင်း၊ အပ၌သော်လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့မဟုတ် တစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်သည်။

**အစားထိုးခြင်း**

ရာဇသတ်ကြီးပုဒ်မ ၁၂၁ ကို ၁၄-၂-၂၀၂၁ ရက်စွဲဖြင့် အောက်ပါအတိုင်း အစားထိုးခဲ့ပါသည်။ ရာဇသတ်ကြီးကို အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့်အတွက် အင်္ဂလိပ်ဘာသာဖြင့်ပင် အစားထိုးခဲ့ပါသည်။ စာရေးသူအနေဖြင့် အလွတ်သဘော မြန်မာဘာသာပြန်ပြီး တင်ပြရလျှင် အောက်ပါအတိုင်း အဓိပ္ပာယ်ရရှိပါမည် -

**ပုဒ်မ ၁၂၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း**

မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် နယ်မြေတစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင် သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်နိုင်ငံတစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံ တစ်ခုခုကိုသော်လည်းကောင်း၊ လူတစ်ဦးဦးကို သော်လည်းကောင်း၊ ပြည်ထောင်စုအတွင်း၌ ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့တည်းမဟုတ် ထိုသို့ စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုနိုင်ငံအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကို သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မညီသော လုပ်ရပ် တစ်ခုခုဖြင့်ဖြစ်စေ သို့တည်းမဟုတ် အခြား နည်းလမ်း တစ်ခုခုဖြင့်ဖြစ်စေ၊ လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကျန်းသော နည်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန်အားထုတ်လျှင် သို့တည်းမဟုတ် ဖြိုဖျက်ရန် အခြားနည်းဖြင့် ပြင်ဆင်လျှင် သို့တည်းမဟုတ် ထိုသို့ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုနှင့် ပတ်သက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုကို ပြုစေရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုနှင့် ပတ်သက်ရန်ဖြစ်စေ ပြည်ထောင်စု နိုင်ငံတော်အတွင်း၌သော် လည်းကောင်း၊ အပ၌သော် လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်း မဟုတ် တစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်သည်။

**ပုဒ်မ ၁၂၄-က ကို အစားထိုးခြင်း**

၁၂၄-က။ အကြည်ညိုပျက်အောင်ပြုခြင်း

မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ထောင်စုအတွက် သို့တည်း မဟုတ် ပြည်ထောင်စုအဖွဲ့ဝင်များအတွက် သို့တည်း မဟုတ် တပ်မတော်ကိုဖြစ်စေ၊ တပ်မတော်အဖွဲ့ဝင်များ အတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင် သော်လည်းကောင်းပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် သို့တည်းမဟုတ် မေတ္တာပျက်အောင် လှုံ့ဆော်လျှင်သို့တည်းမဟုတ်ထိုသို့လှုံ့ဆော်ရန်အားထုတ်လျှင် ထိုသူကို ထောင်ဒဏ်နှစ် ၂၀ အပြင် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ၇ နှစ်အပြင် ငွေဒဏ် သို့မဟုတ် ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၁၂၄-ဂ နှင့် ပုဒ်မ ၁၂၄-ဃ**

အထက်ပါပုဒ်မများကို ၁၄-၂-၂၀၂၁ ရက်စွဲဖြင့် အောက်ပါအတိုင်း ဖြည့်စွက်ခဲ့ပါသည်။ အလွတ်သဘော ဘာသာပြန်ဆိုတင်ပြရလျှင် -

၁၂၄-ဂ။ မည်သူမဆို တပ်မတော်နှင့် နိုင်ငံတော်၏ တည်ငြိမ်ရေးကို ထိန်းသိမ်းရာတွင် ပါဝင်သော ဥပဒေအကောင်အထည်ဖော်ရေး အဖွဲ့အစည်းများ (ဆိုလိုသည်မှာ-ရဲတပ်ဖွဲ့) ကို ဖျက်ဆီးရန် သို့မဟုတ် နှောင့်နှေးစေရန် ပြုလုပ်လျှင် သို့မဟုတ် ကြံရွယ်လျှင် ငွေဒဏ်နှင့်တကွ ထောင်ဒဏ် နှစ် ၂၀ ထိဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှစ် ၂၀ အပြင် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ် အပြင် ငွေဒဏ် သို့မဟုတ် ငွေဒဏ်ပါ ချမှတ်ရမည်။

၁၂၄-ဃ။ မည်သူမဆို တပ်မတော်တာဝန်ရှိသူများနှင့် တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းများကို တစ်နည်းနည်းဖြင့် နှောင့်ယှက်၊ နှောင့်နှေးစေလျှင် ၇ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၆/၂၀၂၁)**

ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ၁၄-၂-၂၀၂၁ ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါပြဋ္ဌာန်းချက်အရ ရာဇဝတ်ကျင့်ထုံး ဥပဒေဇယား (၂)တွင် ဖြည့်စွက်ချက်များ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ အတွက် စာတိုင်(၂)တွင် လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အတွက် စာတိုင်(၂) တွင်လည်းကောင်း ဖြည့်စွက်ခဲ့ခြင်း ဖြစ်ပါသည်။ (ဖြည့်စွက်ချက်များကို သတင်းစာများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။)

**ရာဇသတ်ကြီးပုဒ်မ ၅၀၅**

အများပြည်သူ၏ အကျိုးပျက်စီးစေမှု (public mischief) ကိုဖြစ်သော ဖော်ပြချက်နှင့်စပ်လျဉ်း၍ ပုဒ်မခွဲ(က)ကို အစားထိုးခြင်းဖြစ်ပါသည်။

“မည်သူမဆို အစိုးရ သို့မဟုတ် တပ်မတော်၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေး၊ စည်းမျဉ်း စည်းကမ်းနှင့် ဆောင်ရွက်မှုများကို ပျက်စီးစေခြင်းသော်လည်းကောင်း၊ အနှောင့်အယှက် ဖြစ်စေခြင်းသော်လည်းကောင်း၊ နှောင့်နှေးစေခြင်းသော် လည်းကောင်း၊ ပိတ်ပင်ခြင်းဖြင့် သော်လည်းကောင်း ပြုစေရန် တပ်မတော်တွင် အမှုထမ်းရွက်နေသော တပ်မတော်သားများနှင့် အစိုးရဝန်ထမ်းများအား ပြင်းထန်သော မနာခံမှု၊ သစ္စာဖောက်ဖျက်မှု ဖြစ်ပွားစေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ပြုစေတန်ရာသည့် အကြောင်းရှိလျှင်” ။

**ပုဒ်မ ၅၀၅-က ကို အစားထိုးခြင်း**

(က) နိုင်ငံသားအစုအဖွဲ့ တစ်ခုကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ကြောက်ရွံ့စေလျှင် သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်လျှင်

(ခ) မဟုတ်မမှန်ကြောင်း ကြိုတင်သိလျက်နှင့် သတင်းအမှားများကို ဖြန့်ဝေလျှင် သို့မဟုတ် ဖြန့်ဝေရန်ကြံရွယ်လျှင်

(ဂ) အစိုးရဝန်ထမ်းတစ်ဦးအပေါ် ဖြစ်စေ၊ အစိုးရဝန်ထမ်းအစုအဖွဲ့ အပေါ်ဖြစ်စေ၊ အစိုးရဝန်ထမ်းများပေါ်ဖြစ်စေ ပြစ်မှုကျူးလွန်လျှင် သို့မဟုတ် ကျူးလွန်ရန် ကြံရွယ်လျှင် သို့မဟုတ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျူးလွန်မည်ဖြစ်ကြောင်း ထိတ်လန့်စေလျှင်၊

ထိုသူကို ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**လေ့လာတွေ့ရှိချက်**

အထက်ပါလေ့လာတွေ့ရှိချက်များအရ ရာဇသတ်ကြီးကို ပြင်ဆင်ခြင်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်ခြင်းဟူ၍ နှစ်မျိုးနှစ်စားတွေ့ရပါသည်။ အဆိုပါ ပြင်ဆင်ချက်များကို ပုဒ်မတစ်ခုချင်းအလိုက် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်ခြင်း (ပုဒ်မ ၁၂၁)၊ အကြည်ညိုပျက်အောင်ပြုခြင်း (ပုဒ်မ ၁၂၄-က) (ပုဒ်မ ၁၂၄-ဂ) (ပုဒ်မ ၁၂၄-ဃ) တို့အား အစားထိုးခြင်း ဖြည့်စွက်ခြင်းလည်း ဖြစ်ပါသည်။ ထို့အပြင် ရာဇသတ်ကြီးနှင့် ဆက်နွှယ်သော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်ဖြည့်စွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ပုဒ်မ ၅၀၅ မှာ အများပြည်သူ၏ အကျိုးပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက်အကြောင်း ပြဋ္ဌာန်းချက် ဖြစ်ပါသည်။

ဆက်စပ်သော ဥပဒေများ၊ စာရွက်စာတမ်းများကို ဆက်လက်လေ့လာ ဖတ်ရှုသင့်ပါသည်။

**သိရှိလိုက်နာရေး**

ဥပဒေကို မသိ၍ ဖောက်ဖျက်ကျူးလွန်မိပါသည်ဟု ထုချေ၍ မရပါ။ အပြစ်က ခွင့်မလွှတ်ပါ။ ကုစားမှုမရနိုင်သည့်အတွက် ဥပဒေကို သိရှိအောင်လေ့လာမှတ်သားသင့်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပညာရှင်များက လက်ဆင့်ကမ်းဝေမျှသင့်ပါသည်။ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားများအနေဖြင့် ပြဋ္ဌာန်းထားသော တရားဥပဒေများကို အစဉ်လေးစားကြသူများပီပီ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဥပဒေကို စောင့်ထိန်းလိုက်နာသင့်ကြပေသည်။ ဥပဒေဗဟုသုတ ပြန့်ပွားရေး ပြင်ဆင်ချက်များ၊ အစားထိုးချက်များကိုပါ နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ဖတ်ရှုလေ့လာပြီး ကျယ်ကျယ်ပြန့်ပြန့် ပွားများပေးသင့်ပါသည်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူဘဝလုံခြုံရေးတို့အတွက် တရားဥပဒေများကို မပျက်မကွက် လိုက်နာဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကျမ်းကိုးစာရင်း**


၁။ ရာဇသတ်ကြီး(မြန်မာဘာသာပြန်ဥပဒေကော်မတီ)

၂။ The Penal code (Burma code Vol. IV,1944)

၃။ The code of Criminal Procedure (Burma code Vol. IV,1944)

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဦးစောခင်မောင်မြင့်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၈ ရက်က ဂျိုင်း – ကော့ကရိတ် တံတားတည်ဆောက်ရေး စီမံကိန်းနှင့် ဂျိုင်းလျှပ်စစ်မြစ်ရေတင် လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဂျိုင်း – ကော့ကရိတ် တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်တွင် လမ်း၊ တံတားလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဂျိုင်း–ကော့ကရိတ်တံတားတည်ဆောက်ရေးတာဝန်ခံက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အိန္ဒူ–ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ကန်ထရိုက်စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော China Road and Bridge Corporation (CRBC) ကုမ္ပဏီမှ Mr. Yong Bin Cho က လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့်အချိန်မှစ၍ ပြည်နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများရပ်တန့်မနေဘဲ သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရန် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး တံတားတည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဂျိုင်း–ကော့ကရိတ်တံတားကို ၂၀၁၉ ခုနှစ် မေလခန့်က Extradosed တံတားအမျိုးအစားအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ၂၀၂၂ ခုနှစ် မေလခန့်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးရန် လျာထားကြောင်းနှင့် အိန္ဒူ–ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို ၂၀၂၁ ခုနှစ် မေလခန့်တွင် ပြီးစီးရန် လျာထားကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ဂျိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးက ဂျိုင်းလျှပ်စစ်မြစ်ရေတင်ဖြင့် နွေစပါး ဧက ၃၅၀ နှင့် အခြားသီးနှံ ဧက ၅၀ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂျိုင်းမြစ်ရေတင်လုပ်ငန်း ပင်မမြောင်း၊ လက်တံမြောင်းနှင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တည်ဆဲဥပဒေများနှင့်အညီ သတင်းမီဒီယာသမားများနှင့် သတင်းအဖွဲ့အစည်းများအနေဖြင့် သတင်းများ ရေးသားထုတ်လွှင့်ဖော်ပြရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေတို့ အပါအဝင် တည်ဆဲဥပဒေများနှင့်အညီ သတင်းမီဒီယာသမားများနှင့် သတင်းအဖွဲ့အစည်းများအနေဖြင့် သတင်းများ ရေးသားထုတ်လွှင့်ဖော်ပြရန် လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်းမီဒီယာများသို့ အသိပေးအကြောင်းကြားစာကို ဖေဖော်ဝါရီ ၁၁ ရက် ရက်စွဲဖြင့် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အကြောင်းကြားစာ၌ သတင်းမီဒီယာဥပဒေ အခန်း (၄)၊ ပုဒ်မ ၉ တွင် သတင်းမီဒီယာသမားတစ်ဦးအနေဖြင့် လိုက်နာရန် တာဝန်ရှိသည့် ကျင့်ဝတ်စည်းကမ်းများတွင် (က) သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း (ခ) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့်ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်းဟူသည့် အချက်များ ပါဝင်ကြောင်း။

ထို့အပြင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း (၄)၊ ပုဒ်မ ၈ တွင် ပုံနှိပ်ခြင်း(သို့မဟုတ်) ထုတ်ဝေခြင်းမပြုရမည့်အချက်များ၌ (က) နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့်အကြောင်းအရာများကို ဖော်ပြခြင်းဟူသည့်အချက်လည်း အပါအဝင်ဖြစ်ကြောင်း။

ယခုအခါ တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပြီး ဆောင်ရွက်နေမှုကို အာဏာသိမ်းအစိုးရဟု မမှန်မကန် ရေးသားသုံးနှုန်းခြင်း အပါအဝင် သတင်းမီဒီယာကျင့်ဝတ်နှင့်မညီညွတ်သည့် ဆောင်ရွက်မှုများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း (၄)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ) ပါ အကြောင်းအရာများဖော်ပြနေခြင်း တို့ကို အချို့သော သတင်းစာ၊ ဂျာနယ်၊ သတင်းမီဒီယာဝက်ဘ်ဆိုက်နှင့် အွန်လိုင်းမီဒီယာများတွင် တွေ့ရှိနေရပါကြောင်း။

သတင်းမီဒီယာသမားများနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများအနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အာဏာသိမ်းအစိုးရဟု မမှန်မကန် သုံးနှုန်းခြင်းမျိုးအပါအဝင် လူထုဆူပူအုံကြွမှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်ပေးသည့် လုပ်ဆောင်မှုများ မပြုလုပ်ကြရန်နှင့် သတင်းများဖော်ပြရာတွင်လည်း သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာ မိတ်ဖက်မီဒီယာအဖွဲ့အစည်းများကို အကြောင်းကြားထားပြီးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထက်လျှံ

## မုံရွာမြို့ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ ဖြစ်စဉ်မှန်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဖေဖော်ဝါရီ ၁၈ ရက်တွင် မုံရွာမြို့ ဆန္ဒပြပွဲတွင် နယ်မြေခံတပ်မတော်သားတစ်ဦး ပါဝင်ပူးပေါင်းခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့ခဲ့သည်။

အဆိုပါဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါတပ်မတော်သားတစ်ဦးမှာ မုံရွာမြို့ အမှတ်(၁၆) ခြေမြန်တပ်ရင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ကြပ်ကြီး စာရေး သန်းလွင် ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်ညပိုင်း လုံခြုံရေးတာဝန်ထမ်းဆောင်ပြီးချိန်တွင် အိုးဘိုတောင်ရပ်ကွက်အတွင်းသို့ စားသောက်ဖွယ်ရာများ ဝယ်ယူရန် သွားရောက်ခဲ့ကြောင်း၊ ဝယ်ယူပြီးပြန်လာစဉ် လမ်းသွားလမ်းလာ တစ်ဦးနှင့် အိုးဘိုတောင်ရပ်ကွက်အတွင်းရှိ စာသင်ကျောင်းတစ်ခုအတွင်းသို့ ရောက်ရှိပြီး စာသင်ကျောင်း၌ရှိနေစဉ် အဖွဲ့ဝင်များနှင့် အတူ အရက်အတူတကွ သောက်ခဲ့ပြီး စာသင်ကျောင်း၌ပင် အိပ်ပျော်သွားခဲ့ကြောင်း။

ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခန့်တွင် လူလေးဦးသည် စားစရာများ၊ အရက်ပုလင်းများနှင့် ထပ်မံရောက်ရှိလာပြီး အတူတကွ ထပ်မံသောက်ခဲ့ကြောင်း၊ ထိုသို့ သောက်စားစဉ် ဆန္ဒပြပွဲသို့ပါဝင်ရန် စည်းရုံးသွေးဆောင်ခဲ့သဖြင့် ဆန္ဒပြပွဲအတွင်းသို့ရောက်ရှိကာ ၎င်းတို့ပြောရန် စေခိုင်းသည့်အတိုင်း ပြောခဲ့မိကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက လက်ကိုင်အသံချဲ့စက်များဖြင့် ပြန်လည်ပူးပေါင်းရန် ပြောကြားခဲ့သော်လည်း လူအုပ်အတွင်း ပိတ်မိနေသဖြင့် အလိုက်သင့် ဆက်လက်နေခဲ့ကာ ဆန္ဒပြပွဲအပြီးတွင် ရွှေနဒီတည်းခိုခန်းတွင် တည်းခိုနေထိုင်ခဲ့ပြီး ယနေ့နံနက် ၂ နာရီခန့်တွင် အမူးပြေနိုးလာကာ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့မိသည့် မှားယွင်းသည့် လုပ်ရပ်များကို သတိထားမိခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ တာဝန်ရှိသူများထံသို့ ပြန်လည်သတင်းပို့ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစစ်သည်အား စစ်စည်းကမ်းအရ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သာစည်မြို့နယ် ဟံဇားတိုက်နယ်ဆေးရုံ၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇားတိုက်နယ်ဆေးရုံ၌ ဆရာဝန်များနှင့် သူနာပြုများက ၎င်းတို့၏ လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံမှ တာဝန်ရှိသူများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံလာခဲ့သဖြင့် မိတ္ထီလာမြို့ တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ စေလွှတ်ပေးခဲ့ပြီး ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ယနေ့တို့တွင် တပ်မတော် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၈ ဦးတို့ကို အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါများနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

CDM လုပ်တာကိုတော့ အပြစ်မပြောလိုပါဘူး။ လူတိုင်းမှာ ကိုယ်ပိုင်အယူအဆ ကိုယ်ပိုင်ကွဲလွဲခွင့် ရှိပါတယ်။ ဒါပေမယ့် ပြည်သူအများ သွားလာနေကြတဲ့ အများပိုင်လမ်းမကြီးတွေကို ကားတွေ/ လူတွေနဲ့ ကန့်လန့်ကာပိတ်ထားတာကတော့ အတော်လေးကို ရုပ်ပျက်လွန်းပါတယ်။ ဒါတွေက လုံးဝကို မဖြစ်သင့် မဖြစ်ထိုက်တာပါ”ဟု အင်းစိန်မြို့နယ်မှ ရန်ကုန်မြို့လယ်ရှိ ကုမ္ပဏီတစ်ခု၌ အလုပ်ဝင်ရောက် လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)သည် ပြီးခဲ့သော ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ YBS ယာဉ်လိုင်းများကို ပိုမိုတိုးချဲ့၍ ပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်မြို့အတွင်း ခရီးသွားပြည်သူများအတွက် YBS ယာဉ်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ယာဉ်လိုင်း ၈၆ လိုင်းမှ ယာဉ်အစီးရေ ၈၀၉ စီးကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ယာဉ်လိုင်းပေါင်း ၈၆ လိုင်းမှ အစီးရေ ၁၃၄၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် ယာဉ်လိုင်းပေါင်း ၈၆ လိုင်းမှ ယာဉ်အစီးရေ ၁၅၀၀ ကျော်ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းမှ ယာဉ်အစီးရေ ၁၅၀၀ ကျော်ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းမှ ယာဉ်အစီးရေ ၁၈၀၀ ကျော်ကိုလည်းကောင်း နေ့စဉ်တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးချဲ့ကာ ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

ထိုက်အောင်ဝင်း

# စာနယ်ဇင်းသမား (သို့မဟုတ်) နှောင်ကြိုးမဲ့နိုင်ငံရေးသမားဆိုသည်မှာ

မိုးမိုးမြင့်

**"အဲဒီလို သတင်းမီဒီယာကောင်စီဝင်အချို့ နုတ်ထွက်ကြတာကတော့ ရိုးရိုးသားသားမှ ဟုတ်ရဲ့လားလို့ စိတ်ထဲထင်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တာဝန်ယူစဉ်ကာလမှာ စာနယ်ဇင်းလောက တိုးတက်အောင် လုပ်ခဲ့ကြတာကို ကျွန်မ မျက်မြင်ပဲဖြစ်ပါတယ်။ တကယ်လို့သာ သတင်းမီဒီယာကောင်စီကြီး မရှိတော့ရင်ဆိုတဲ့ အတွေးမျိုး ကျွန်မစိတ်ထဲရောက်ရှိပြီး အလွန်စိုးရိမ်မိပါတယ်။ အထူးသဖြင့် သတင်းမီဒီယာသမားများရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ အကျိုးစီးပွားတွေကို ဘယ်သူတွေက ဆောင်ကြဉ်းပေးကြမှာလဲ။ သတင်းမီဒီယာသမားများဘက်က မားမားမတ်မတ် ရပ်တည်ပေးမယ့် အဖွဲ့အစည်းကြီးက ဘယ်မှာလဲ"**

အခုတလော ကျွန်မတို့နိုင်ငံရဲ့ အဖြစ်အပျက်တွေကိုကြည့်ပြီး နိုင်ငံသားတစ်ဦးအနေနဲ့ စိတ်မကောင်းဖြစ်စရာတွေ မြင်တွေ့နေရပါတယ်။ လူတိုင်းလူတိုင်းဟာ မိမိယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်တွေကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပေမယ့် အခြားသူတွေရဲ့ ယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်တွေကို အနိုင်ကျင့်လွှမ်းမိုးပြီး အကျပ်ကိုင် တွန်းအားပေးတာမျိုးကတော့ အတော်ကို အရုပ်ဆိုး အကျည်းတန်လွန်းပါတယ်။

ပြောသမျှ စကားလုံးတိုင်းမှာ ဒီမိုကရေစီစကားလုံးကို ရေလဲသုံးပြောနေပေမယ့် ပြုကျင့်မှုတွေကတော့ ဒီမိုကရေစီမဆန်ဘဲ အဓမ္မဝါဒီဆန်နေတဲ့အတွက် ပြောစရာစကားတွေကို သိုသိပ်ဖုံးဖိထားခဲ့ရပါတယ်လို့ ဆိုရမှာပါပဲ။ ပြောလည်းပြောချင်တယ် ပြောလည်းမပြောရဲဘူး ဆိုသလိုပေါ့။

## မြင်ရတွေ့ရ စိတ်မချမ်းသာ

အခုတော့ အရဲစွန့်ပြီး ပြောကြည့်မိပါပြီ။ ဒီမိုကရေစီရဲ့ သဘောတရားတွေကို ပြည့်ပြည့်စုံစုံ မပြောလိုပေမယ့် လူတိုင်းနားလည်ထားကြတဲ့ သဘောတရားတစ်ခုက "မတူကွဲပြားမှုကို လက်ခံနိုင်ခြင်း"ပါပဲ။ ကိုယ်နဲ့ အမြင်မတူ၊ အတွေးမတူ၊ အလုပ်မတူခြင်းကို နားလည်လက်ခံပြီး အပြန်အလှန် ရပ်တည်နိုင်ခွင့်ကို လေးစားအသိအမှတ်ပြုတဲ့သဘောလို့ ကျွန်မနားလည်ထားမိပါတယ်။

အခုတော့ ဒီလိုမဟုတ်။ ကျွန်မတို့ငယ်ငယ်က ကြုံတွေ့ခဲ့ရတဲ့ စစ်အေးတိုက်ပွဲသဘောတရားတွေလို မိမိနဲ့ ဆန့်ကျင်ဘက်တွေအပေါ် နားလည်လက်ခံမှုကင်းမဲ့ပြီး တိုက်ကွက်ဖော်နေတဲ့ပုံစံကို တွေ့နေရပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း တပ်မတော်က နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်မှုတွေကို မကျေမနပ်နဲ့ ဆန္ဒပြနေကြပါတယ်။ အဲဒီလိုဆန္ဒပြတာကို အပြစ်မပြောလိုပေမယ့် ဆန္ဒမပြလိုသူတွေကို အတင်းအဓမ္မပြအောင်လုပ်၊ ဝန်ထမ်းတွေနဲ့ တိုက်ကွက်ဖော်၊ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားအောင် ကြံစည်ကြိုးပမ်း၊ မိမိတို့နဲ့ ဆန္ဒမတူတဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေကို အွန်လိုင်းပေါ်မှာ မဟုတ်မမှန်တာတွေတင်ပြီး အရှက်တကွဲ အကျိုးနည်းအောင်လုပ်၊ သူတို့က ဟီးရိုးတွေလုပ်ပြီး မိမိနဲ့ အမြင်မတူသူတွေ၊ အလုပ်မတူတွေကို ဗီလိန်တွေဖြစ်အောင် လုပ်နေတာတွေကိုတော့ ကျွန်မ ဘယ်လိုမှ ခံစားကြည့်လို့ မရတော့ပါဘူး။ သူတို့ပါးစပ်က ပြောနေတဲ့ ဒီမိုကရေစီဆိုတဲ့ စကားနဲ့ ပြုကျင့်နေတဲ့ အပြုအမူတွေဟာ ကျွန်မတို့ လူ့အဖွဲ့အစည်းအတွက် လွန်စွာ စိတ်ပျက်အားလျော့စရာတွေ ဖြစ်နေပါတယ်။

## စာနယ်ဇင်းကောင်စီဆိုတာဘာလဲ

စာနယ်ဇင်းကောင်စီဆိုတာ စာနယ်ဇင်းလွတ်လပ်ခွင့်လို့ ကျင့်သုံးနေတဲ့ နိုင်ငံတော်တော်များများမှာ တွေ့ရတဲ့ အဖွဲ့အစည်းတစ်ခုပါပဲ။ ဒီမိုကရေစီနိုင်ငံအများစုမှာ စာနယ်ဇင်းကောင်စီဆိုတာ ရှိကြပါတယ်။ ဒါကို စာနယ်ဇင်းလွတ်လပ်ခွင့်ရဲ့ အင်္ဂါရပ်တစ်ခုလို့လည်း ပြောဆိုခဲ့ကြပါတယ်။

**စာနယ်ဇင်းသမားတွေကို သတင်းအချက်အလက်တွေ လွတ်လပ်မျှတစွာ ရယူဖြန့်ချိပေးနိုင်ဖို့ လိုအပ်တဲ့ကျင့်ဝတ်စည်းကမ်းတွေ သတ်မှတ်ပေးမယ်။ ကျင့်ဝတ်နဲ့မညီတဲ့ ပြဿနာတွေ ပေါ်ပေါက်လာရင် ညှိနှိုင်းဖြေရှင်းပေးမယ်။ ဒါဟာ စာနယ်ဇင်းကောင်စီရဲ့ အဓိကတာဝန်ပါပဲ။ အဲဒီလို ဆောင်ရွက်နိုင်မယ်ဆိုရင် စာနယ်ဇင်းသမားများရဲ့ ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူလူထုယုံကြည်မှုတွေ ပိုမိုရရှိလာမယ်။ စာနယ်ဇင်းလောကအတွက် အကျိုးစီးပွားတွေ တစ်ဖက်တစ်လမ်းက ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်မယုံကြည်ချက်။**

စာနယ်ဇင်းကောင်စီဆိုတာ ဘာကြောင့်ဖွဲ့ရတာလဲလို့ မေးရင်တော့ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အကာအကွယ်ပေးဖို့နဲ့ စာနယ်ဇင်းသမားများရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်တယ်လို့ ဆိုကြရမယ်ထင်ပါတယ်။

ဒါပေမယ့် စာနယ်ဇင်းကောင်စီဟာ စာနယ်ဇင်းသမားများရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားကိုသာ ကာကွယ်ရမှာမဟုတ်ဘဲ ပြည်သူတွေရဲ့ အခွင့်အရေးတွေ၊ နစ်နာမှုတွေကိုလည်း ကာကွယ်ပေးဖို့ တာဝန်ရှိပါတယ်။ ဘယ်အစိုးရရဲ့ လက်အောက်ခံအဖွဲ့အစည်းမဟုတ်သလို ဘယ်ပါတီအဖွဲ့အစည်းရဲ့ လောင်းရိပ်အောက်မှာရှိနေရတဲ့ အဖွဲ့အစည်း မဟုတ်ပါဘူး။

**စာနယ်ဇင်းသမားတွေကို သတင်းအချက်အလက်တွေ လွတ်လပ်မျှတစွာ ရယူဖြန့်ချိပေးနိုင်ဖို့ လိုအပ်တဲ့ကျင့်ဝတ်စည်းကမ်းတွေ သတ်မှတ်ပေးမယ်။ ကျင့်ဝတ်နဲ့မညီတဲ့ ပြဿနာတွေ ပေါ်ပေါက်လာရင် ညှိနှိုင်းဖြေရှင်းပေးမယ်။ ဒါဟာ စာနယ်ဇင်းကောင်စီရဲ့ အဓိကတာဝန်ပါပဲ။ အဲဒီလို ဆောင်ရွက်နိုင်မယ်ဆိုရင် စာနယ်ဇင်းသမားများရဲ့ ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူလူထုယုံကြည်မှုတွေ ပိုမိုရရှိလာမယ်။ စာနယ်ဇင်းလောကအတွက် အကျိုးစီးပွားတွေ တစ်ဖက်တစ်လမ်းက ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်မယုံကြည်ချက်။**

ဒီနေ့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသမိုင်းကို ပြန်ကြည့်ရင် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(ယာယီ)က အစပြုခဲ့တယ်လို ဆိုရမယ်ထင်ပါတယ်။ ၂၀၁၄ ခုနှစ်က စတင် ပြဋ္ဌာန်းလိုက်တဲ့ သတင်းမီဒီယာဥပဒေနဲ့အတူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး မီဒီယာသမားများရဲ့ အခွင့်အရေးတွေရရှိဖို့၊ အစိုးရနဲ့ မီဒီယာအဖွဲ့အစည်းတွေကြား ညီညွတ်မျှတတဲ့ ဆက်ဆံရေးတွေ ဖြစ်ပေါ်လာစေဖို့အတွက် ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ကြတာကိုလည်း ကျွန်မတွေ့မြင်ခဲ့ရပါတယ်။ အမှန်အတိုင်းပြောရရင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဝင်များအား လစာမရရှိကြဘဲ မီဒီယာသမားများ အကျိုးနဲ့ မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိတ်၊ စေတနာထက်သန်စွာနဲ့ ကြိုးပမ်းခဲ့ကြတာကို ကျွန်မတို့ ငြင်းပယ်လို့ မရနိုင်ပါဘူး။

တကယ်တော့ သတင်းမီဒီယာကောင်စီဝင်တွေဟာ နိုင်ငံနဲ့ ပြည်သူအကျိုး/စာနယ်ဇင်းသမားတွေရဲ့အကျိုးကို ကိုယ်ကျိုးမဖက်ဘဲ စိတ်စေတနာကောင်းတွေနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူတွေ ဖြစ်တယ်။ ကျွန်မ လေးစားအားကျရသူတွေ ဖြစ်ပါတယ်။

သတင်းမီဒီယာဥပဒေပါ သတင်းမီဒီယာကောင်စီရဲ့ အဓိကလုပ်ငန်းတာဝန်တွေကို ပြန်ကြည့်ရင်...

- သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနဲ့ အရည်အသွေးမြှင့်တင်ပေးဖို့၊
- သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းတွေကို ပြည်ပမှတင်သွင်းရာမှာ အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းပေးဖို့၊
- သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ စီစဉ်ကျင်းပပေးဖို့၊
- သတင်းဆိုင်ရာထူးချွန်သူတွေကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့၊
- သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များ ရေးသားဆောင်ရွက်ဖို့ဆိုတဲ့ အချက်တွေ တွေ့ရမှာဖြစ်ပါတယ်။

အခုတော့ ဘယ်လို ပယောဂတွေ၊ ဘယ်လိုအခြေအနေတွေ ဆိုက်ရောက်ခဲ့သည်မသိ။ ကောင်စီဝင်အချို့ နုတ်ထွက်ကြပြီဆိုတဲ့ သတင်းက ကျွန်မအတွက် အင်မတန် စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ အဲ့ဒီတာဝန်တွေကို ဘယ်သူတွေက ထမ်းဆောင်ကြမှာပါလဲ။

**အဲဒီလို သတင်းမီဒီယာကောင်စီဝင်အချို့ နုတ်ထွက်ကြတာကတော့ ရိုးရိုးသားသားမှ ဟုတ်ရဲ့လားလို့ စိတ်ထဲထင်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တာဝန်ယူစဉ်ကာလမှာ စာနယ်ဇင်းလောက တိုးတက်အောင် လုပ်ခဲ့ကြတာကို ကျွန်မမျက်မြင်ပဲဖြစ်ပါတယ်။ တကယ်လို့သာ သတင်းမီဒီယာကောင်စီကြီး မရှိတော့ရင်ဆိုတဲ့ အတွေးမျိုး ကျွန်မစိတ်ထဲရောက်ရှိပြီး အလွန်စိုးရိမ်မိပါတယ်။ အထူးသဖြင့် သတင်းမီဒီယာသမားများရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ အကျိုးစီးပွားတွေကို ဘယ်သူတွေက ဆောင်ကြဉ်းပေးကြမှာလဲ။ သတင်းမီဒီယာသမားများဘက်က မားမားမတ်မတ် ရပ်တည်ပေးမယ့် အဖွဲ့အစည်းကြီးက ဘယ်မှာလဲ။**

အမှန်အတိုင်းပြောရရင် သတင်းမီဒီယာကောင်စီဝင်တွေဟာ အခြားအဖွဲ့အစည်းတွေလို ဖွဲ့စည်းတာဝန်ပေးအပ်ထားတာမဟုတ်ဘဲ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့အတွက် ကောင်စီဝင်တွေဟာ သိက္ခာသမာဓိ ပြည့်ဝသူများလည်း ဖြစ်ပါတယ်။

ယခုလိုအခြေအနေမှာ စုပေါင်းပြီး နုတ်ထွက်ခဲ့ကြတဲ့အတွက် ကျွန်မစိတ်မကောင်းဖြစ်ရသလို ဖြစ်နိုင်မယ်ဆိုရင် တစ်ဦးချင်း၊ တစ်ယောက်ချင်းကို ကိုယ်တိုင်တွေ့ဆုံ စကားပြောချင်မိပါတယ်။ ဒီနေ့အချိန်ဟာ သတင်းမီဒီယာလောက တိုးတက်ဖို့အတွက် ကျွန်မတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမယ့်အချိန်၊ သတ်မှတ်ထားတဲ့ ကျင့်ဝတ်တွေကို လေးစားလိုက်နာပြီး ပြည်သူတွေအတွက် သတင်းအချက်အလက်တွေကို ဖြန့်ဝေဆောင်ရွက်ပေးရမယ့် အချိန်အခါတစ်ခုပဲ ဖြစ်ပါတယ်။

## ဝိုင်းဝန်းဆောင်ရွက်ကြရအောင်

ကျွန်မ ကြီးပြင်းခဲ့ရတဲ့ဘဝတစ်လျှောက် လေးစားအားကျခဲ့ရတဲ့ သတင်းစာဆရာကြီးတွေ များစွာရှိခဲ့ပါတယ်။ သူတို့ပြောဆို ရေးသားခဲ့ကြတဲ့အကြောင်းအရာတွေဟာ စာနယ်ဇင်းသမားတိုင်းအတွက် လွန်စွာတန်ဖိုးရှိတဲ့ အရာတွေပဲဖြစ်ပါတယ်။ အထူးသဖြင့် ဆရာကြီးလူထုစိန်ဝင်း သက်ရှိထင်ရှားရှိခဲ့စဉ်က စာနယ်ဇင်းတွေအပေါ် ပြည်သူတွေရဲ့ ယုံကြည်ကိုးစားခံရဖို့အတွက် အကြံပြုရေးသားခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။

**"စာနယ်ဇင်းဆိုတာ လူတစ်စုအတွက်၊ အသင်းအဖွဲ့တစ်ခုအတွက် မဖြစ်စေရဘူး၊ နိုင်ငံတစ်နိုင်ငံလုံး ဒါမှမဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ဖြစ်စေရမယ်"**ဆိုတဲ့ ပြောဆိုမှုတွေဟာ ကျွန်မတို့စာနယ်ဇင်းသမားတွေအတွက် သတိပြုကြရမယ့် ဆုံးမစကားတွေပဲ ဖြစ်ပါတယ်။

ကျွန်မ မှတ်သားမိတဲ့စကားတွေထဲမှာ **"ဓမ္မဓိဋ္ဌာန်ကျမှုဆိုတဲ့ ဂုဏ်ထူးဆောင်စကားလုံးဟာ တကယ်တမ်းကျတော့ စိတ်ကူးယဉ်ကမ္ဘာထဲမှာသာ ရှိနေတယ်ဆိုတာကို လက်တွေ့လုပ်ကိုင်နေတဲ့ စာနယ်ဇင်းသမားတိုင်းလိုလို သိရှိခဲ့ကြပါတယ်။ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်မှုကနေပြီး ဓမ္မဓိဋ္ဌာန်ဖြစ်မှုကို ပြောင်းလဲသွားအောင် လုပ်ဆောင်ရေးဆိုတာ စာနယ်ဇင်းသမားတိုင်း တစ်သက်လုံး အဆက်မပြတ် ကြိုးပမ်းအားထုတ်နေရတဲ့ကိစ္စ ဖြစ်ပါတယ်"** ဆိုတဲ့ စကားကတော့ ကျွန်မနေ့စဉ် သတိထားနေရတဲ့ စကားလုံးပါပဲ။

တစ်နည်းအားဖြင့် ကျွန်မတို့ စာနယ်ဇင်းသမားတွေဟာ လူသားတွေပဲဖြစ်လို့ တစ်ခါတလေ ဖြစ်စဉ်ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ မရှုမြင်ဘဲ ပုဂ္ဂလဓိဋ္ဌာန်အစွဲနဲ့ ရှုမြင်လုပ်ကိုင်တတ်ကြပါတယ်။ အထူးသဖြင့် "အတ္တနောမတိ" ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင်ဆင်ခြင်ကြဖို့ အဓိက လိုအပ်နေတာ ဖြစ်ပါတယ်။

အခုလည်း ကျွန်မစိုးရိမ်မိတာတစ်ခုရှိနေပါတယ်။ အချို့သော သတင်းမီဒီယာကောင်စီတွေ နုတ်ထွက်တာကို ဝေဖန်စောကြော မပြုလုပ်လိုပေမယ့် အချို့သော ကောင်စီဝင်တွေ နုတ်ထွက်ကြတာကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်။ သူတို့တွေဟာ ဖိစီးမှုတစ်ခုခု၊ ဝေဖန်ပြစ်တင်မှုတစ်ခုခုကြောင့်များ

*စာမျက်နှာ ၉ သို့*

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ(မန္တလေး)မှ ဝန်ထမ်းများအားတွေ့ဆုံ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးမောင်ကိုနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီက အောင်မြေသာစံမြို့နယ်အတွင်းရှိ 230/33/11Kv(3x100)MVA မြောက်ပြင်ပင်မဓာတ်အားခွဲရုံ(မန္တလေး)သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ **(အောက်ယာပုံ)** မန္တလေးမြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်**

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် မန္တလေးခရိုင်အတွင်းရှိ သက်ဆိုင်ရာဓာတ်အားခွဲရုံများမှ တာဝန်ခံ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၅)ရပ်ကို အသေးစိတ်ရှင်းလင်း ပြောကြားပြီးနောက်ဓာတ်အားခွဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား မိမိတို့၏ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် တာဝန်သိစွာဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြသူများကိုလည်း တစ်စုံတစ်ရာ အရေးယူဆောင်ရွက်သွားမည် မဟုတ်ကြောင်းကို တာဝန်ရှိသူအဆင့်ဆင့်မှ နားလည်သဘောပေါက်စေရန်အတွက် အသိပေး ပြောကြားပေးရန် မှာကြားခဲ့သည်။

**လျှပ်စစ်မီး ပုံမှန်ပေးလွှတ်နိုင်ရေး**

ဆက်လက်၍ မန္တလေးတိုင်းလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးတင်အောင်က မြောက်ပြင် ပင်မဓာတ်အားခွဲရုံ (မန္တလေး)၏ တည်နေရာအကျယ်အဝန်းနှင့် ရည်ရွယ်ချက်များနှင့် ဝန်ထမ်းအင်အားအခြေအနေများ၊ ဓာတ်အားလိုင်းအမျိုးအစားနှင့် အဝင်ဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီ အထွက်ဓာတ်အားလိုင်းများနှင့် လိုအပ်သည့်စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ထားသည့် အခြေအနေများ၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာဆိုင်ရာ အချက်အလက်များ၊ မန္တလေးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများမှ မြို့နယ်များအလိုက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ ယခင် ဓာတ်အားလိုင်းဖြန့်ဖြူးနေမှုများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကျန်ရှိနေသေးသည့် ကျေးရွာများကိုလည်း သတ်မှတ်ကာလအတွင်း အမြန်ဆုံး ဆောင်ရွက်ပေးသွားရန် စီစဉ်ထားမှုအခြေအနေများ၊ ပွင့်လင်းရာသီကာလအတွင်း လျှပ်စစ်မီးပုံမှန် ပေးလွှတ်နိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးလျော့နည်းမှုမရှိစေရေးနှင့် အခြားလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ မြေပုံကားချပ်နှင့်တကွ အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပင်မဓာတ်အားခွဲရုံအတွင်းရှိ Protection Room နှင့် ၃၃ ကေဗွီအထွက် ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဓာတ်အားများကို စဉ်ဆက်မပြတ်ပို့လွှတ်နိုင်ရေး၊ ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာတာဝန်ခံအင်ဂျင်နီယာများက ဂရုပြုဆောင်ရွက်သွားကြရန် မှာကြားသည်။

**လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေး**

အဆိုပါ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ(မန္တလေး)အား ရွှေလီရေအား လျှပ်စစ်စက်ရုံမှရရှိမည့် လျှပ်စစ်ဓာတ်အားကို အောင်ပင်လယ် ပင်မဓာတ်အား ခွဲရုံမှတစ်ဆင့် အဝင်/အထွက်ပြုလုပ်ပြီး မြောက်ပြင် ပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ပေးပို့၍ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ဒေသအသီးသီးသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ မြေပြင်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ဌာနမှူး ဦးချိုထွန်းအောင်တို့သည် ယနေ့နံနက် ၈ နာရီခွဲက ရွှေပြည်သာမြို့နယ် လှော်ကားလမ်းရှိ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်စစ်ဆေး ကြည့်ရှုရာ**(အောက်ပုံ)** စက်ရုံမှူး ဦးကျော်ဝင်းစိုးက Control Room ၌ အမှိုက်မှ လျှပ်စစ်ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။



ယင်းစက်ရုံမှ နေ့စဉ်အမှိုက်တန်ချိန် ၆၀ ကို မီးရှို့ရာ လျှပ်စစ်ကီလိုဝပ် (၇၆၀) ထုတ်ယူရရှိပြီး ကီလိုဝပ် ထက်ဝက်ကို စက်ရုံအတွက် ပြန်လည်အသုံးပြုကာ ပိုလျှံသည့် ကီလိုဝပ်တစ်ဝက်ကို မော်ဘီ-ဝါးတစ်ရာ ဆက်သွယ်ထားသည့် မဟာဓာတ်အားလိုင်းအတွင်းသို့ ထည့်သွင်းပေးကြောင်း သိရသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ သည် စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်မှ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ ဥပဒေများကို သိရှိရန်လိုကြောင်း၊ ဝန်ထမ်းများဖြစ်၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်နှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများက လိုအပ်ချက်များကို တင်ပြရာ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း အမှိုက်များမီးရှို့သည့်လုပ်ငန်းများကို လိုက်လံကြည့်ရှုသည်။

ထိုမှတစ်ဆင့် လှိုင်သာယာမြို့နယ် ထိန်ပင်ရှိ မီးငြိမ်းသတ်ရန် ပေ ၈၈၀၀၊ ပေ ၉၀၀၀ အကျယ်အဝန်းရှိ ရေစုကန်ကိုလည်းကောင်း၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ နေထိုင်ရန်လိုင်းခန်း တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ UN Habitat Project အစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော်မှ နေ့စဉ်ထွက်ရှိသော အမှိုက်တန် ၂၅၀၀ အား ထားရှိနိုင်ရန် စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ နေ့စဉ်ထွက်ရှိသော ဆေးရုံဆေးခန်းသုံးပစ္စည်း များမီးရှို့ပြီး မီးခိုးများကို ရေငွေ့ဖြင့် သန့်စင်နေသော လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ မြို့တော်အတွင်း စွန့်ပစ်ထားသော မော်တော်ယာဉ်များမှ ထွက်ရှိသည့် တာယာအဟောင်းများကို တာယာခြေစက်ဖြင့် ကြိတ်ခြေ၍ အရည်ကျိုပြီး Recycle ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုသည်။

ဆက်လက်၍ အလုံမြို့နယ် သစ်တောလမ်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မော်တော်ယာဉ်အလုပ်ရုံဝင်း သို့ ရောက်ရှိပြီး ပြည်သူသို့ အသိပေးသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဖျော်ဖြေရေးအပိုင်းပါ ထည့်သွင်းနိုင်ရန် Public Awareness Mobile Car ဆောင်ရွက်ထားရှိမှု၊ လမ်းမကြီးများအတွက် ရေဆေးယာဉ်များ ဝယ်ယူထားရှိမှု၊ တံမြက်စည်းလှည်းယာဉ်များ ဝယ်ယူထားရှိမှုနှင့် အမှိုက်သိမ်းယာဉ်ကြီးများ ပျက်စီးသည့်အခါ ပြင်ဆင်ဆောင်ရွက်ပေးနိုင်သည့် ယာဉ်ပြင်အလုပ်ရုံများကို ကြည့်ရှု၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

နုတ်ထွက်ခဲ့မိရင်တော့ ကျွန်မတို့ သတင်းမီဒီယာလောကအတွက် အနုတ်လက္ခဏာဆောင်တဲ့ အကျိုးရလဒ်လို့ ပြောရတော့မှာပါပဲ။

ဒီနေ့အချိန်မှာ နေရာတိုင်းလိုလိုဟာ **"အစွဲ"** တစ်ခုခုကြောင့် ဓမ္မဓိဋ္ဌာန်နဲ့ ကင်းဝေးနေကြပါတယ်။ ပုဂ္ဂလဓိဋ္ဌာန်နဲ့ မိမိထင်ရာမြင်ရာ ယုံကြည်ရာကိုသာ ဖောင်းပေးပြောဆိုနေကြပြီး အခြားတစ်ဖက်ရဲ့ မတူကွဲပြားတဲ့ အတွေးအမြင်တွေ၊ ယုံကြည်မှုတွေကို မျက်ကွယ်ပြုနေကြပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကြီးကို ယခုထက် ပိုမိုအားကောင်းခိုင်မာပြီး သတင်းမီဒီယာလောကအကျိုး... ပြည်သူများရဲ့အကျိုးကို ဆောင်ကြဉ်းပေးစေချင်တာပါပဲ။ ယခုလက်ရှိ ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း လေးစားအသိအမှတ်ပြုထားပြီးဖြစ်တဲ့အတွက် နုတ်ထွက်ခြင်းမပြုဘဲ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့သာ တိုက်တွန်းချင်ပါတယ်။

တကယ်လို့ အစွဲတစ်ခုခုကြောင့် နုတ်ထွက်ကြမယ်ဆိုရင်လည်း ဆရာကြီးလူထုစိန်ဝင်းရဲ့ **"စာနယ်ဇင်းသမားဆိုတာ နိုင်ငံရေးသမားမဟုတ်ပါဘူး။ ဒါပေမယ့် နိုင်ငံရေးသမားများလိုပဲ နိုင်ငံ့အရေး၊ နိုင်ငံသူ နိုင်ငံသားများအရေးကို တစ်နည်းတစ်ဖုံ ဆောင်ရွက်နေသူတွေဖြစ်တယ်။ နိုင်ငံရေးသမားကမှ သူ့ပါတီအဖွဲ့အစည်းရဲ့အကျိုးကို ဆောင်ရွက်ရပါသေးတယ်။ စာနယ်ဇင်းသမားကတော့ စာဖတ်ပရိသတ် ပြည်သူလူထုရဲ့ အကျိုးတစ်ခုတည်းကိုသာ ကြည့်ပြီး လုပ်ဆောင်ရပါတယ်။ ဘယ်နိုင်ငံရေးပါတီ၊ ဘယ်အစိုးရအဖွဲ့အစည်းရဲ့ အသုံးချခံ လက်ကိုင်တုတ်လည်း အဖြစ်မခံရပါဘူး။ စာနယ်ဇင်းသမားဆိုတာ ဘယ်အနှောင်အဖွဲ့မျိုးမှ မခံတဲ့ နှောင်ကြိုးမဲ့ နိုင်ငံရေးသမားဖြစ်တယ်"** ဆိုတဲ့ စကားကို ပြန်လည်အမှတ်ရစေချင်ပါတယ်။

ကျွန်မအနေနဲ့ကတော့ သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ဖို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လိုအပ်တယ်။ သတင်းမီဒီယာကောင်စီ တည်ရှိနေခြင်းဟာ သတင်းမီဒီယာသမားများရဲ့ အခွင့်အရေးတွေနဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့ဖြစ်တယ်။ သတင်းမီဒီယာကောင်စီ အင်အားနည်းခြင်းဟာ အခြားဘယ်သူ့ကိုမှ မထိခိုက်နိုင်ဘဲ ကျွန်မတို့ သတင်းမီဒီယာလောကကိုသာ ရိုက်ခတ်နိုင်တယ်ဆိုတာကို သတိပြုစေချင်ပါတယ်။

သတင်းမီဒီယာသမားဟာ လူသားတစ်ဦးဖြစ်တဲ့အတွက် ကိုယ်ပိုင်ယုံကြည်မှု၊ ကိုယ်ပိုင်တိမ်းညွတ်မှုတွေရှိကြမှာ ဖြစ်ပေမယ့် မိမိသတင်းမီဒီယာလောကအကျိုးအတွက် အရာရာ ချိန်ဆတွေးတော ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ဒါမှသာ ကျွန်မတို့အားလုံးဟာ ဆရာလူထုစိန်ဝင်း ပြောတဲ့ **"နှောင်ကြိုးမဲ့ နိုင်ငံရေးသမား"** စစ်စစ်တွေအဖြစ် ဂုဏ်ယူနိုင်မှာ ဖြစ်ပါတယ်။

# Civil Disobedience Movement (CDM) ကို ကန့်ကွက်ပါတယ်၊ ဆန့်ကျင်ပါတယ်

— ဦးလေးခိုင် —

**ဦးလေးခိုင်တို့ရပ်ကွက်မှာ “ရုံးမတက်နဲ့ . . . ရုန်းထွက်” “ရုံးမတက်နဲ့ . . . ရုန်းထွက်” အသံတွေ နေ့စဉ်နေ့တိုင်းလိုလို မကြာမီရက်အတွင်းက ကျယ်ကျယ်လောင်လောင်ကြားနေရပါတယ်။ ရုံးတက်၊ အလုပ်တက်နေတဲ့သူတွေကို ရုံးမတက်နဲ့လို့ “မ”တစ်လုံးဆောင်တဲ့ အကျိုး/အပြစ်ကို တွေးဆကြည့်မိပါတယ်။ “မ” တစ်လုံးရဲ့ တာသွားမှုကို ကျွန်တော် ဦးလေးခိုင် ကျွန်တော့်အမြင်၊ ကျွန်တော့်အတွေးသက်သက်နဲ့ သဘောကွဲလွဲကြည့်မိပါတယ်။**

“မ” ဆိုတဲ့ အက္ခရာတစ်လုံးဟာ နယ်ပယ်အမျိုးမျိုး၊ အကြောင်းအရာအဖုံဖုံမှာ သက်ရောက်မှုမျိုးစုံ၊ အသိအမှတ်ပြုမှုအထွေထွေနဲ့ အသုံးပြုကြပါတယ်။ “မ” အက္ခရာကို မြန်မာအဘိဓာန်မှာ ကြိယာသဘောအရဖြစ်စေ၊ နာမဝိသေသန သဘောအရဖြစ်စေ၊ နာမ်သဘောအရဖြစ်စေ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားပါတယ်။ စည်းသဘောအရဆိုရင်တော့ “မ” အက္ခရာဟာ ကြိယာရဲ့အနက်ကို ငြင်းပယ်တားမြစ်လိုတဲ့အခါမှာ သုံးတဲ့စကားလုံးဖြစ်ပါတယ်။

သက်ရှိရာဇဝင်မှာ “မ” တစ်လုံးဟာ ကောင်းကျိုးပြုသလို ပျက်စီးခြင်းကိုလည်း လွယ်လွယ်ကူကူ ဆိုက်ရောက်စေပါတယ်။ “မ” ကြိယာဟာ ကောင်းမှုမှ မကောင်းမှု၊ ကောင်းကျိုးမှ မကောင်းကျိုး ဖြစ်စေပါတယ်။ မလုပ်ရ၊ မကိုင်ရ၊ မထိရ၊ မပြောရ၊ မနေရ၊ မသွားရ၊ မစားရ စသဖြင့် ကြိယာတစ်ခုကို “မ” တစ်လုံးကပ်လိုက်တာနဲ့ တားဆီး၊ ဟန့်တား၊ ရပ်တန့်ခြင်းသဘောကို ဆိုက်ရောက်ပါတယ်။ “မ” ဟာ စွမ်းအားကြီးမားပါပေတယ်။

### သမိုင်းတွေကိုလည်း မှတ်သားဖူး

လူဆိုတာကို ပုဒ်လိုင်ခွဲကြည့်မယ်ဆိုရင် “ကျား” ကို အမျိုးသားလို့ဆိုပြီး “မ” ကို အမျိုးသမီးလို့ ဆိုတာကို ပညာရှိတွေက သတ်မှတ်တာ တိတိကျကျ မတွေ့မိပါဘူး။ လူပုဂ္ဂိုလ်ရဲ့ မကောင်းတဲ့ကိစ္စမှာ “မ” ပါနေတာက စိတ်မကောင်းစရာပါပဲ။ ကမ္ဘာ့သမိုင်းရာဇဝင်မှာ “မ” ဆိုတဲ့ အမျိုးသမီးတစ်ယောက်အတွက်နဲ့ ပြည်ပျက်ခဲ့ရတာကို ကြားဖူးကြမှာ ဖြစ်ပါတယ်။ ရောမရာဇဝင်မှာ အလွန်ချောမောလှပတဲ့ အီဂျစ်ဘုရင်မ ကလီယိုပါထရာအတွက်နဲ့ အင်ပါယာကြီး အဆုံးသတ်ခဲ့တဲ့ စိတ်ဝင်စားစရာ ဝတ္ထုဇာတ်လမ်းတွေ ရှိခဲ့ပါတယ်။ မြန်မာရာဇဝင်မှာလည်း ကုန်းဘောင်မင်းဆက်လက်ထက် မိဖုရား(ဘုရင်မ)တွေ ဖျက်လို့ ပျက်စီးခဲ့တဲ့သမိုင်းတွေကိုလည်း မှတ်သားဖူးပါတယ်။

မြန်မာရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ ဘုရင်ရဲ့ မိဖုရား(ဘုရင်မ)တွေ ရှိခဲ့ပါတယ်။ ယင်းတို့အနက် ကုန်းဘောင်မင်းဆက် စစ်ကိုင်းမင်း(ဘကြီးတော်)ရဲ့ မိဖုရားခေါင်ကြီး နန်းမတော်မယ်နု၊ မင်းတုန်းမင်းရဲ့ မိဖုရားခေါင်ကြီး ဆင်ဖြူမရှင်နှင့် သီပေါမင်းရဲ့ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ဟာ တစ်မိသားစုတည်းမှ ဆင်းသက်လာတဲ့ မိဖုရားအဆက်ဆက် ဖြစ်ပါတယ်။ ဒီမိဖုရားသုံးပါးဟာ ဘုရင်ထက်ပင် အာဏာထက်ပါတယ်။ တိုင်းရေးပြည်ရေး၊ နန်းတွင်းရေးတွေမှာ စွက်ဖက်ခြယ်လှယ်ခွင့် ရှိပါတယ်။ ဒ့ါကြောင့်လည်း တိုင်းပြည်အရေးမှာ မိဖုရားတွေက ဝင်ရောက်အာဏာပြခဲ့လို့ နှစ်ပေါင်းထောင်ချီတည်တံ့ခဲ့တဲ့ မြန်မာဘုရင် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်ပျက်သုဉ်းပြီး မှန်ကင်းဘဝမှ ထင်းဖြစ်ခဲ့ရပါတယ်။

အာဏာထက်တဲ့မိဖုရားတွေအကြောင်းကို လေ့လာကြည့်မယ်ဆိုရင် စုဖုရားလတ်ဟာ မြန်မာနိုင်ငံ ကျွန်ဘဝရောက်ခဲ့ရတဲ့ အဓိကလက်သည်လို့ ရေးကြတာတွေ ရှိပါတယ်။ မိဖုရား ကလီယိုပါထရာတို့၊ မိဖုရား စုဖုရားလတ်တို့ကို အကြောင်းပြုပြီး “မိန်းမဖျက်လို့ ပြည်ပျက်တာ” ဆိုတဲ့စကား ပေါ်လာပါတယ်။ စုဖုရားလတ်ကတော့ နန်းတွင်းရေး၊ တိုင်းပြည်ရေး အမိန့်အာဏာ ပြင်းထန်တဲ့ ဘုရင်မတစ်ပါးလိုပါပဲ။ ဝန်ကြီးတွေကို သတ္တိမရှိရင် ထဘီဝတ်လို့ ခပ်စွာစွာပြောခဲ့တဲ့ အာဂဘုရင်မတစ်ပါးပဲ။ နောက်ဆုံးတော့ တိုင်းပြည် ကျွန်ဘဝ ရောက်ရတော့ သမိုင်းတရားခံလို ဖြစ်ခဲ့ရပါတယ်။

အီဂျစ်ဘုရင်မ ကလီယိုပါထရာကတော့ သူ့အတွက်နဲ့ အင်ပါယာကြီးပြိုကွဲခဲ့ရတာပါပဲ။ အလွန် ချောမောလှပတဲ့ မင်းသမီး ဘုရင်မတစ်ဦးကို ရယူပိုင်ဆိုင်လိုစိတ်နဲ့ ခုနစ်ပြည်ထောင်မင်းတွေ စစ်ခင်းကြ၊ သတ်ကြ၊ ဖြတ်ကြနဲ့ အားလုံးသေကျေပျက်စီးဆုံးရှုံးရပုံတွေကို ဖွဲ့နွဲ့ထားတဲ့ ရောမပုံပြင်တွေကို ဖတ်ဖူးကြားဖူးကြမှာ ဖြစ်ပါတယ်။ ဆင်ခြင်စဉ်းစားဉာဏ်အားနည်းတဲ့ ယောကျ်ားတွေရဲ့ ဉာဏ်နည်းမှုတွေ၊ အသိမဲ့ ရူးမိုက်မှုဆန်ဆန်ပုံပြင်ဇာတ်လမ်းရဲ့ အနှစ်ချုပ်ကို “မိန်းမဖျက်လို့ ပြည်ပျက်တယ်” လို့ ကင်ပွန်းတပ်သုံးစွဲ ပြောဆိုလာကြပါတယ်။

ရောမပြည်ကြီး ပျက်စီးသွားတာနဲ့ မြန်မာပြည်ကြီး သူ့ကျွန်ဘဝကို ကျရောက်သွားတာတွေဟာ အဓိက မိန်းမတွေဖြစ်တဲ့ ကလီယိုပါထရာနဲ့ စုဖုရားလတ်တို့ကြောင့်လို့ တံဆိပ်ကပ်ကြတာကို မိန်းမဖျက်လို့ ပြည်ပျက်တယ်လို့ သုံးနှုန်းကြတာဟာ တကယ်တော့ မမှန်ပါဘူး။ တစ်ဦးတစ်ယောက်မှာ အပြစ်ရှိကြောင်းကို ယိုးမယ်မဖွဲ့လိုတာကြောင့် အမျိုးသမီးအားလုံးနဲ့ခြုံပြီး ပုံချလိုက်တာသာ ဖြစ်ပါတယ်။ တကယ်တော့ မိန်းမတွေအားလုံးကြောင့် မဟုတ်ပါဘူး။ ကလီယိုပါထရာလို၊ စုဖုရားလတ်လို အမျိုးသမီးတစ်ယောက်ကြောင့် ပြည်ပျက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။

### တန်းတူ အခွင့်အရေးရ

**မြန်မာမှုထုံးတမ်းစဉ်လာ လူမှုဘဝ ယဉ်ကျေးမှု နယ်ပယ်တွေမှာ အမျိုးသမီးတွေဟာ ရှေးအစဉ်အဆက် ယနေ့ထက်တိုင်အောင် အမျိုးသားတွေနဲ့အတူ တန်းတူ အခွင့်အရေးရကြပါတယ်။ အမျိုးသမီးတွေကို ချိုးဖဲ့နှိမ်ချခဲ့ခြင်းမရှိခဲ့တာ ယနေ့ထက်တိုင်ပါပဲ။ အမျိုးသားတွေ၊ အမျိုးသမီးတွေဟာ မတူကွဲပြားသော်လည်း စွမ်းဆောင်နိုင်တဲ့ အရည်အချင်းအမျိုးမျိုးမှာ ကွဲပြားခြားနားတာ မရှိရိုး အမှန်ပါ။ တန်းတူစွမ်းဆောင်မှုတွေ၊ တန်းတူ ညီမျှ အခွင့်အရေးတွေ ရရှိကြပါတယ်။ ရှေးကာလက အမျိုးသမီးတွေဟာ “သျှောင်နောက် ဆံထုံးပါ” “မောင်တစ်ထမ်း မယ်တစ်ရွက်” တန်းတူယှဉ်ဖက် တွဲဆက်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။**

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ အစဉ်အလာမှာ မြတ်နိုးလေးစားစရာ ထူးခြားချက်ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက အမျိုးသမီးအခွင့်အရေးတွေကို အညီအမျှ အလေးထား နေရာပေးခဲ့တာပါပဲ။ အခြားလူမျိုးတွေထက် တရားမျှတတဲ့ လူမှုယဉ်ကျေးမှု အစောဆုံး ထွန်းကားခဲ့ပါတယ်။ ဒီထက်မက အမျိုးသမီးတွေကလည်း အရေးပါတဲ့နေရာတွေမှာ ရယူထားနိုင်ခဲ့ပါတယ်။ တခြား နိုင်ငံတွေမှာဆိုရင် အမျိုးသမီးတွေအတွက် အခွင့်အရေးနည်းကြပါတယ်။ တရုတ်လူမျိုးတို့ရဲ့ ဓလေ့ထုံးစံမှာဆိုရင် သားမွေးမှ အမွေပေးပါတယ်။ အိန္ဒိယမှာဆိုရင် မိန်းကလေးက အနှိမ်ခံဘဝ၊ အင်္ဂလိပ်မှာဆိုရင် တန်းတူမဟုတ်၊ အမေရိကန်ဆိုရင် နှစ်ပေါင်းရှည်ကြာအောင် မဲပေးခွင့် မရခဲ့ကြပါဘူး။

မြန်မာ့သမိုင်းမှာ အမျိုးသမီးတွေဟာ အခွင့်အရေးပိုခဲ့ပါတယ်။ နန်းတွင်းရေး၊ တိုင်းပြည်အရေးတွေမှာ အာဏာနဲ့ခြယ်လှယ်နိုင်ခဲ့တဲ့ ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်လက်ထက် မိဖုရားသုံးပါးရဲ့ စွမ်းဆောင်ချက်တွေက မြန်မာ့သမိုင်းမှာ အထင်အရှားသက်သေပြခဲ့ပါတယ်။ မြန်မာအမျိုးသမီးတွေဟာ စွမ်းရည်ထက်မြက်တယ်ဆိုသော်လည်း ဉာဏ်အမြော်အမြင်တွေဘက်မှာ အားနည်းမှုတွေရှိခဲ့တာကို ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက် မိဖုရားတွေရဲ့ လုပ်ဆောင်ချက်တွေက မြန်မာဘုရင်စနစ် ချုပ်ငြိမ်းစေခဲ့ရတာသာမက တစ်တိုင်းပြည်လုံး လွတ်လပ်ရေးဆုံးရှုံးရတဲ့ အဖြစ်ဆိုးအထိ ရောက်ခဲ့ရတာကို လေ့လာကြည့်ရင်တွေ့နိုင်ပါတယ်။ တိုင်းပြည်ပျက်တာ မိန်းမတွေကြောင့် မဟုတ်ပါဘူး။ အမျိုးသမီးတစ်ယောက်ကြောင့်သာ ဖြစ်ပါတယ်။

“မ” နဲ့ပတ်သက်လို့ အမျိုးသမီးတွေကို ဝါးလုံးချေးသုတ်ဆွဲထည့်ခဲ့တာ မဟုတ်ပါဘူး။ ပြည်ပျက်တာဟာ အမျိုးသမီးတစ်ယောက်ကြောင့် ဖြစ်တယ်ဆိုတာသာ ဆိုချင်တာဖြစ်ပါတယ်။ ဒါပေမယ့် မကောင်းတဲ့ဘက်ကို ကြိယာဆိုက်စေတဲ့ “မ” ကလည်း ဆိုးကျိုးပေးတာတော့ တကယ်အမှန်ပါပဲ။ ရုံးမတက်နဲ့ဆိုတဲ့ “မ”ဟာ နိုင်ငံကို ဖျက်တဲ့စကားပါ။

### ကောင်းကျိုးမဖြစ်စေနိုင်ပါ

**CDM လှုပ်ရှားမှုကို တစ်နိုင်ငံလုံးပြုလုပ်ဖို့ ဖိအားပေး နှိုးဆော်နေကြတာဟာ ဝန်ထမ်းတွေအားလုံး ရုံးမတက်ကြဖို့ဖြစ်ပါတယ်။ ဒီမတက်နဲ့ဆိုတဲ့ “မ”ဟာ ဆိုးကျိုးကိုသာ ဖြစ်စေပြီး ကောင်းကျိုးမဖြစ်စေနိုင်ပါ။ ဒါဟာ စင်ပြိုင် အာဏာထူထောင်လိုသူတွေရဲ့ “နိုင်ငံသားတွေ အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှု Civil Disobedience Movement (CDM)” လို့ဆော်ချက် ဖြစ်ပါတယ်။ ကိုယ့်ရဲ့အားနည်းချက်ကို မဆင်ခြင်ဘဲနဲ့ တိုင်းပြည်အလုံးစုံပျက်စီးရေးကို တွန်းပို့နေတဲ့ ယခင်လမ်းဟောင်းအတိုင်း ပြန်လည်လျှောက်လှမ်းနေကြတာ တွေ့ရပါတယ်။ ရည်ရွယ်ချက်ကိုက ကောင်းကျိုးဖြစ်စေဖို့ လုံးဝမပါဝင်ခဲ့ပါ။**

ဦးလေးခိုင်တို့ရပ်ကွက်မှာ ကြားကြား၊ မြင်မြင်နေရတဲ့ ရုံးမတက်ရေး၊ အမိန့်မနာခံရေး၊ ဆန့်ကျင်ရေး၊ မတရားတဲ့ အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေမှာသုံးတဲ့ “မ” ဟာ မရှိ၊ မဖြစ်၊ မလုပ်၊ နတ္ထိဆိုတဲ့ NO, NOT, NONE ဘူးခံငြင်းတာ၊ တိုင်းပြည်ကို ဖျက်ဆီးဖို့ဆိုတဲ့ နိယာမ သဘောကို အလေးအနက်ပြဆိုနေတာ ဖြစ်ပါတယ်။ ဒီမလိုက်နာတာ၊ မဆောင်ရွက်တာ၊ ကတ်တီးကတ်ဖဲ့ လုပ်တာတွေဟာ ကောင်းကျိုး ဘယ်လိုမှမဖြစ်လို့ ဦးလေးခိုင်ကတော့ လုံးဝဆန့်ကျင်ပါတယ်၊ ကန့်ကွက်ပါတယ်လို့ ဆိုလိုက်ချင်ပါတယ်။ ။

> ❒ မြန်မာမှုထုံးတမ်းစဉ်လာ လူမှုဘဝယဉ်ကျေးမှု နယ်ပယ်တွေမှာ အမျိုးသမီးတွေဟာ ရှေးအစဉ်အဆက် ယနေ့ထက်တိုင်အောင် အမျိုးသားတွေနဲ့အတူ တန်းတူအခွင့်အရေးရကြပါတယ်။ အမျိုးသမီးတွေကို ချိုးဖဲ့နှိမ်ချခဲ့ခြင်း မရှိခဲ့တာ ယနေ့ထက်တိုင်ပါပဲ။ အမျိုးသားတွေ၊ အမျိုးသမီးတွေဟာ မတူကွဲပြားသော်လည်း စွမ်းဆောင်နိုင်တဲ့ အရည်အချင်းအမျိုးမျိုးမှာ ကွဲပြားခြားနားတာမရှိရိုး အမှန်ပါ။ တန်းတူ စွမ်းဆောင်မှုတွေ၊ တန်းတူညီမျှ အခွင့်အရေးတွေ ရရှိကြပါတယ်။ ရှေးကာလက အမျိုးသမီးတွေဟာ “သျှောင်နောက် ဆံထုံးပါ” “မောင်တစ်ထမ်း မယ်တစ်ရွက်” တန်းတူယှဉ်ဖက် တွဲဆက်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်

> ‘ CDM လှုပ်ရှားမှုကို တစ်နိုင်ငံလုံးပြုလုပ်ဖို့ ဖိအားပေး နှိုးဆော်နေကြတာဟာ ဝန်ထမ်းတွေအားလုံး ရုံးမတက်ကြဖို့ ဖြစ်ပါတယ်။ ဒီ မတက်နဲ့ဆိုတဲ့ “မ”ဟာ ဆိုးကျိုးကိုသာ ဖြစ်စေပြီး ကောင်းကျိုးမဖြစ်စေနိုင်ပါ။ ဒါဟာ စင်ပြိုင်အာဏာ ထူထောင်လိုသူတွေရဲ့ “နိုင်ငံသားတွေ အမိန့်အာဏာ ဖီဆန်ရေးလှုပ်ရှားမှု Civil Disobedience Movement (CDM)” လို့ဆော်ချက်ဖြစ်ပါတယ်။ ကိုယ့်ရဲ့အားနည်းချက်ကို မဆင်ခြင်ဘဲနဲ့ တိုင်းပြည်အလုံးစုံပျက်စီးရေးကို တွန်းပို့နေတဲ့ ယခင်လမ်းဟောင်းအတိုင်း ပြန်လည်လျှောက်လှမ်းနေကြတာ တွေ့ရပါတယ်။ ရည်ရွယ်ချက်ကိုက ကောင်းကျိုးဖြစ်စေဖို့ လုံးဝ မပါဝင်ခဲ့ပါ ’

# သင်္ဘောအလွှဲအပြောင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး နေရပ်ပြန်မြန်မာသင်္ဘောသားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၁၉**

နိုင်ငံတကာပင်လယ်ကူးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားများအား ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း သင်္ဘောအလွှဲအပြောင်း ပြုလုပ်သည့် လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိရာ MV.MELATIS- 5 သင်္ဘောပေါ်တွင်တာဝန်ထမ်းဆောင်မည့် ကပ္ပတိန်ဦးသန့်စင်နှင့်အတူ သင်္ဘောသား ၂၇ ဦး ယမန်နေ့နံနက်ပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် တာဝန်ထမ်းဆောင်မည့် သင်္ဘောရှိရာသို့ ထွက်ခွာသွားကြောင်း သိရသည်။



အဆိုပါ သင်္ဘောပေါ်မှ တာဝန်ပြီးဆုံး၍ ထွက်လာသည့် သင်္ဘောသား ၂၇ ဦးမှာ အဆိုပါနေ့ ညနေပိုင်းက ကော့သောင်းဆိပ်ကမ်းသို့ ရောက်ရှိရာ ကော့သောင်းဆိပ်ကမ်းတွင် တာဝန်ရှိ အဖွဲ့အစည်းများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ ကိုဗစ်- ၁၉ ရောဂါဆက်လက်ထိန်းချုပ်နိုင်ရေး ကော့သောင်းမြို့တွင် ဟိုတယ်တွင်အသွားအလာကန့်သတ်မှု ၁၄ ရက် ထားရှိစောင့် ကြည့်မှုခံယူကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဒလမြို့နယ်၌ ကျေးလက်ဒေသများအားလုံး၏ ၉၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိ ကျေးရွာခြောက်ရွာသာ မီတာတပ်ဆင်ရန် ကျန်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ ၅၄ ရွာ ရှိသည့်အနက် လက်ရှိအချိန်တွင် ကျေးလက်ဒေသများအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိနေပြီး ကျေးရွာခြောက်ရွာသာ မီတာတပ်ဆင်ရန် ကျန်ရှိတော့ကြောင်း၊ မကြာမီ ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။



မကြာမီ မီးလင်းတော့မည့် ချော်လဲဝကျေးရွာ၌ ထရန်စဖော်မာတပ်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။

“ ၂၀၂၀- ၂၀၂၁ မှာ မီးလင်းဖို့ကျန်တာ ကျေးရွာခြောက်ရွာပဲ ရှိတော့တယ်။ ကျူတောရိုးကျေးရွာ၊ ချော်လဲဝကျေးရွာ၊ ဝဲကြီးကျေးရွာ၊ သရောတန်းကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ညောင်လေးပင်ကျေးရွာတွေပဲ ကျန်တော့တယ်။ ၄၀၀ ဗို့ ဓာတ်အားလိုင်းနဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်းတွေလည်း ဆွဲပြီးပါပြီ။ မီတာတပ်ဆင်ပြီးရင်တော့ မီးလွှတ်လို့ရပြီ။ ကျေးရွာတွေ အားလုံးနီးပါး လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပါတယ်။ တစ်မြို့နယ်လုံးအနေနဲ့ ပြောရမယ်ဆိုရင် ၉၀ ရာခိုင်နှုန်းလောက် ရရှိနေပြီ ဖြစ်ပါတယ်။ မကြာမီအချိန်မှာ ကျေးရွာအားလုံး လျှပ်စစ်မီးလင်းတော့မှာ ဖြစ်ပါတယ် ” ဟု မြို့နယ်လျှပ်စစ်မန်နေဂျာရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဒလမြို့နယ်၌ ၃၃/ ၆.၆ ကေဗွီ၊ ၁၅၊ ၅ အမ်ဗွီအေခွဲရုံနှင့် ပျော်ဘွယ်ကြီးကျေးရွာ၌ ၃၃/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ နှစ်ရုံဖြင့် ဒလ မြို့ပေါ် ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ ၅၄ ရွာ တို့ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# စိုက်ပျိုးစရိတ်နှင့်ရရှိသည့်အမြတ် တွက်ခြေကိုက်သည့်အတွက် ဂန္ဓမာပန်း(မြနှင်းဖြူမျိုး) တိုးချဲ့စိုက်ပျိုးလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးစရိတ်နှင့် ရရှိသည့်အမြတ်တွက်ခြေကိုက်သည့်အတွက် ဂန္ဓမာပန်း(မြနှင်းဖြူမျိုး)များကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း ဧရာဝတီတိုင်းဒေသကြီး ပန်းစိုက်တောင်သူများထံမှ သိရသည်။

“ဂန္ဓမာပန်းထဲမှာ မြနှင်းဖြူမျိုးက အဖြူအပွင့်သေးသေးလေးတွေပါ။ အဝါရောင်နဲ့ ပန်းခရမ်းရောင်လည်း ရှိပါတယ်။ ဈေးချိုပြီး လှတဲ့အတွက် လတ်တလော လူသုံးများတယ်။ ဒီပန်းက စိုက်ပျိုးပြီး နှစ်လနဲ့ ၁၀ ရက်မှာ စခူးရောင်းလို့ရပြီ။ အချိန်နှစ်လ ၁၀ ရက်နဲ့ အပွင့်အကုန် မပွင့်သေးတာမို့ နောက်ထပ်တစ်လလောက်အထိ တောက်လျှောက် ဆက်ခူးရောင်းလို့ ရပါတယ်။ ပန်းတစ်စည်းကို ငွေကျပ် ၂၅၀ နှုန်းနဲ့ ဖောက်သည်ပေးတယ်။ တစ်စည်းကို တစ်ပင်ခွဲထည့်စည်းတယ်။ အပင်သေးတယ်ဆိုရင်တော့ ပန်းတစ်စည်းကို နှစ်ပင်ထည့်ပေးရတာပေါ့။ ပန်းရှားတဲ့အခါ ဈေးပိုရတတ်ပြီး တွက်ခြေကိုက်တဲ့အတွက် စီးပွားဖြစ်စိုက်ပျိုး ဖြစ်သွားတာပါ။ တခြားဒေသတွေမှာ ဒီပန်းကို စိုက်ပျိုးနေကြပါတယ်” ဟု ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စက္ကော့ကျေးရွာရှိ ပန်းစိုက်တောင်သူ ကိုမင်းလွင်က ပြောသည်။

ညောင်တုန်းမြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်နေသည့် ဂန္ဓမာပန်း(မြနှင်းဖြူ)များကို ပုသိမ်မြို့၊ ကျုံပျော်မြို့၊ ပန်းတနော်မြို့ အစရှိသည့် ဒေသဈေးများသို့ ဖောက်သည်ပေးရောင်းချပြီး တောင်ကြီးမြို့နှင့် ပြင်ဦးလွင်မြို့များမှ စိုက်ပျိုးထုတ်လုပ်သည့် ဂန္ဓမာပန်း(မြနှင်းဖြူ)များကို ရန်ကုန်မြို့ သီရိမင်္ဂလာဈေး ပန်းဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

“ဒီပန်းမျိုးက မေမြို့ပန်းထက်တော့ ပိုပြီးဂရုစိုက်ပေးရတယ်။ ပိုးကျများတယ်။ အဓိကတော့ ယင်ဖြူကျတတ်တယ်။ ယင်ဖြူကျရင် နှစ်ရက်ခြားတစ်ခါလောက် ပိုးသတ်ဆေးဖျန်းရတယ်။ အပင်တိုတိုနဲ့ မပွင့်သွားအောင်လို့ အားဆေးဖျန်းရတယ်။ မြေဩဇာက စစိုက်စဉ်အချိန်ကနေ နောက်ဆုံးအဖူးဝင်တဲ့အချိန်အထိ ငါးကြိမ်လောက် မြေဩဇာကျွေးပေးရပါတယ်။ သတိထားရတာကတော့ ဒီပန်းက ပန်းပင်တစ်ဖြောင့်တည်းဖြစ်နေမှ ဈေးကောင်းရတာပါ။ ပန်းပင်ကောက်သွားရင် ဈေးကွက်မဝင်တော့ဘူး။ ဒါ့ကြောင့် စိုက်ပေါင်ဘေးနှစ်ဖက်မှာ ဝါး၊ ကြိမ်းနဲ့ အပင်တွေမလဲအောင်၊ မကောက်သွားအောင် ထိန်းပေးရတယ် ”ဟု ၎င်းက ဆက်လက်ပြောသည်။

ဂန္ဓမာပန်း (မြနှင်းဖြူ)များ စိုက်ပျိုးရာတွင် စိုက်စရိတ်အရင်းအနှီးအနေဖြင့် အပင်ရေ ၁၀၀၀၀ လျှင် ငွေကျပ် သုံးသိန်းခွဲမှ လေးသိန်းခွဲအတွင်း ကုန်ကျကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**






**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီရယူနိုင်ပါတယ်**

# ပဲခူးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(ပင်စင်စား)များအား ဖေဖော်ဝါရီလအတွက် ပင်စင်လစာများကို သတ်မှတ်နေ့ရက်များတွင် ထုတ်ပေးမည်

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်း (ပင်စင်စား) များ၏ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ပဲခူးမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်း (ပင်စင်စား)များ၏ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများ ထုတ်ပေးရာတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၆ နာရီခွဲမှ ညနေ ၃ နာရီအထိ မြို့တွင်းကြီး၊ နန်းတော်ရာ၊ ရုံးကြီး၊ ရှင်စောပု၊ လိပ်ပြာကန်၊ ပုဏ္ဏားစု၊ ပန်းလှိုင် စသည့်ရပ်ကွက်များတွင်နေထိုင်သည့် ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၃ နာရီအထိ ဈေးပိုင်း၊ ညောင်ဝိုင်း(တောင်/မြောက်)၊ သွန်းဘုရား၊ ကျောက်ကြီးစု၊ ဇိုင်းဂနိုင်း(တောင်/မြောက်)ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ မဇင်း၊ ကလျာဏီ၊ ကျွန်းသာယာ၊ ဟသ်ာကုန်း၊ ဗိုလ်ကုန်း၊ ဟံသာဝတီ၊ ရွာသစ်၊ မြို့သစ် စသည့် ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၁/ ၂/ ၃/ ၄/ ၅/ ၆/ ၇/ ၈/ ၉)ရပ်ကွက်များရှိ ပင်စင်စားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဘုရားကြီးမြို့ အမှတ်(၁/ ၂/ ၃) ရပ်ကွက်များ၊ အင်းတကော်မြို့ အမှတ်(၁/ ၂/ ၃/ ၄/ ၅/ ၆) ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၆၂ အုပ်စုအတွင်း နေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်း ပင်စင်စားများအားလည်းကောင်း ပင်စင်လစာများ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်း ပင်စင်စားများအနေဖြင့် ပင်စင်လစာ လာရောက်ထုတ်ယူရာတွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်လာကြရမည်ဖြစ်ပြီး သတ်မှတ်ရက်များတွင် အကြောင်းအမျိုးမျိုးကြောင့် မအားလပ်၍ လာရောက်ထုတ်ယူခြင်းမပြုနိုင်သည့် အငြိမ်းစားဝန်ထမ်းပင်စင်စားများအနေဖြင့် ပင်စင်လစာကို ရုံးဖွင့်သည့်နေ့တိုင်း ဘဏ်လုပ်ငန်းအချိန်အတွင်း ထုတ်ပေးမည်ဖြစ်သဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပါရီ ရာသီဥတုသဘောတူညီမှုတွင် အမေရိကန်ပြန်လည်ပါဝင်ရန် လုပ်ဆောင်လျက်ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

**အမေရိကန်ပြည်ထောင်စုသည် ပါရီ ရာသီဥတု သဘောတူညီမှုတွင် ပြန်လည်ပါဝင်နေပြီဟု ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောသည်။**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲပြီးနောက် ပါရီ ရာသီဥတုသဘောတူညီမှုတွင် ပြန်လည်ပါဝင်ရန် ကုလသမဂ္ဂသို့ စာရွက်စာတမ်းတင်သွင်းသည်။ အမေရိကန်သည် သမ္မတဟောင်း ဒေါ်နယ်ထရမ့်အစိုးရလက်ထက် နိုဝင်ဘာလအတွင်း ပါရီရာသီဥတုပြောင်းလဲမှုသဘောတူညီမှုမှ နုတ်ထွက်ခဲ့သည်။

ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့သည် ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးလမ်းကြောင်းပေါ်သို့ အမေရိကန်ကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ရည်ရွယ်ထားသည်။ အမေရိကန်၏ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချနိုင်မှုရည်မှန်းချက်ကို ဧပြီလအတွင်း ကုလသမဂ္ဂသို့ တင်ပြသွားနိုင်ရန်လည်း ရည်ရွယ်ထားသည်။

ဧပြီလ ၂၂ ရက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ အဓိကထုတ်လွှတ်နေသည့်နိုင်ငံများမှ ခေါင်းဆောင်များအပါအဝင် ကမ္ဘာ့ခေါင်းဆောင်များပါဝင်သည့် ထိပ်သီးအစည်းအဝေး ပြုလုပ်မည် ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တိုင်းပြည်များအနေဖြင့် အရှိန်အဟုန်မြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချနိုင်ရေးအတွက် ရည်မှန်းချက်ထားကာ လုပ်ဆောင်ရမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက အင်န်အိတ်ချ်ကေသို့ ပြောသည်။

ဘိုင်ဒင်သည် ရာသီဥတုပြောင်းလဲမှုကိုအမေရိကန်နိုင်ငံခြားရေးမူဝါဒတွင် အဓိကအချက်အဖြစ် ထည့်သွင်းထားပြီး အမေရိကန်အနေဖြင့် ပါရီ ရာသီဥတုပြောင်းလဲမှုသဘောတူညီမှုတွင် ပြန်လည်ပါဝင်လာခြင်းကို ကြိုဆိုကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပြောသည်။ အမေရိကန်ပြည်ထောင်စုသည် COP26 ရာသီဥတု ညီလာခံတွင် ဦးဆောင်သည့်နိုင်ငံအဖြစ် ပါဝင်လာမည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က ပြောသည်။

အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာလအတွင်း ဗြိတိန်နိုင်ငံ၌ ကျင်းပသွားမည်ဟု အချိန်သတ်မှတ်ထားသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

## အီရတ်နိုင်ငံတွင် လုံခြုံရေးဆိုင်ရာ လေ့ကျင့်ပေးမှုများ တိုးမြှင့်ပေးသွားမည်ဟု နေတိုးအဖွဲ့ပြော

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉**

မဟာမိတ်များသည် လုံခြုံရေးဆိုင်ရာ လေ့ကျင့်မှု အထူးလုပ်ငန်းကို အီရတ်နိုင်ငံတွင် တိုးမြှင့်သွားမည်ဟု နေတိုးအဖွဲ့က ကြေညာခဲ့သည်။

မကြာသေးမီ အချိန်အတွင်း အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေများ ယိုယွင်းပျက်စီးနေသည့် အချိန်တွင် နေတိုးအဖွဲ့မှ ယခုလို ပြောကြားခဲ့ခြင်း ဖြစ်သည်။ မဟာမိတ်အဖွဲ့ကာကွယ်ရေးဝန်ကြီးများက အီရတ်နိုင်ငံတွင် လေ့ကျင့်သင်ကြားပေးမှုများကို လူ ၅၀၀ မှ လူ ၄၀၀၀ အထိ တိုးမြှင့်ပေးသွားမည်ဟု ဖေဖော်ဝါရီ ၁၈ ရက်က အွန်လိုင်းမှ တစ်ဆင့်ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

နေတိုးအထွေထွေ အတွင်းရေးမှူး ယန်းစတိုတန်ဘာ့ဂ်က အိုင်အက်စ် စစ်သွေးကြွများသည် အီရတ်နိုင်ငံအတွင်း စစ်ဆင်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်ဆဲ ဖြစ်ကြောင်း၊ နေတိုးအဖွဲ့၏ ရည်မှန်းချက်မှာ အကြမ်းဖက်သမားများကို တိုက်ထုတ်နေသည့် အီရတ်တပ်ဖွဲ့များကို ထောက်ပံ့ပေးရန်ပင် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အရေးကြီးသည်ကို သိရှိပြီးဖြစ်ကြောင်း၊ အဆိုပါ နည်းလမ်းသည်သာ အိုင်အက်စ်တို့ ပြန်လည်ခေါင်းထောင်လာသည့်အရေးမှ နှိမ်နင်းနိုင်မည့် နည်းလမ်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း စစ်သွေးကြွများက ဘဂ္ဂဒက်မြို့အတွင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ ၃၀ ကျော် သေဆုံးခဲ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ အပြည်ပြည်ဆိုင်ရာ တပ်ဖွဲ့ဝင်များ ဆုတ်ခွာရန်အတွက်လည်း နေတိုးအဖွဲ့မှ ဆွေးနွေးခဲ့ကြသည်။ တာလီဘန်များနှင့်အမေရိကန်တို့ သဘောတူညီထားသည့်အတိုင်း မေ ၁ ရက်တွင် အမေရိကန်တပ်များ အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ ထွက်ခွာခြင်း ရှိ မရှိကို အဓိကထား စောင့်ကြည့်သွားမည် ဖြစ်သည်။

တာလီဘန်တို့သည် ၎င်းတို့ သဘောတူထားသည့် အချို့သော အချက်များကို လိုက်နာခြင်းမရှိဟု အမေရိကန်ဘက်မှ ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**



နေတိုးအထွေထွေအတွင်းရေးမှူး ယန်းစတိုတန်ဘာ့ဂ်။

## အာဖရိကတွင် ကိုဗစ် -၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူ တစ်သိန်းနားကပ်လာ

**အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၁၉**

အာဖရိကတွင် ကိုဗစ် -၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ၉၉၈၈၆ ဦးရှိလာသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

**သေဆုံးသူ ၄၈၄၇၈ ဦးရှိ**

တောင်အာဖရိကတွင် ကိုဗစ် -၁၉ ကြောင့် လူသေဆုံးမှု အများဆုံးဖြစ်နေပြီး သေဆုံးသူ ၄၈၄၇၈ ဦး ရှိသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

မြောက်အာဖရိကနိုင်ငံဖြစ်သည့် အီဂျစ်နှင့် မော်ရိုကိုနိုင်ငံတို့မှာ အာဖရိကတွင် ဒုတိယနှင့်တတိယ လူသေမှုအများဆုံးနိုင်ငံများ ဖြစ်ကြသည်။

အာဖရိကတစ်တိုက်လုံးတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းအထိ ၃၇၈၆၃၂၂ ဦးရှိသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အာဖရိကတောင်ပိုင်းဒေသမှာ ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးဖြစ်နေပြီး ယင်းနောက်တွင် အာဖရိကမြောက်ပိုင်းဒေသမှာ ကူးစက်မှုအများဆုံးဟု သိရသည်။

**ပြန်လည်ကျန်းမာလာသူမှာ ၃၃၃၆၂၂၉ ဦးရှိ**

အာဖရိကတစ်တိုက်လုံးတွင် ကိုဗစ် - ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၃၃၃၆၂၂၉ ဦး ရှိသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

**ဆင်ဟွာ**

## အမေရိကန်တွင် အအေးလှိုင်းဖြတ်မှုကြောင့် လူ ၄၀ ကျော်သေဆုံး

**ဟူစတန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ပြင်းထန်သည့်အအေးလှိုင်းဖြတ်ပြီး ရေခဲကြောင့်လမ်းချော်မှုနှင့် အခြားသော အကြောင်းအရာများကြောင့် လူ ၄၀ ကျော် သေဆုံးခဲ့ရသည်ဟု သိရသည်။

တောင်ပိုင်းပြည်နယ် တက္ကဆက်ရှိ လူပေါင်းရာနှင့်ထောင်နှင့်ချီသည့် လူစုကြီးမှာ ဓာတ်အားပြတ်တောက်မှုဒဏ်ကို ခံစားခဲ့ရသည်ဟု သိရသည်။

ရေခဲနေသည့်ရေပိုက်များ ကွဲထွက်ခဲ့ပြီး ရေထောက်ပံ့ပေးမှုကို အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ဂျပန်နိုင်ငံ၏ ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်းအတွက် လုပ်ကိုင်နေသူ အိုကီ မိုတိုကန်ဂျီက ဟူစတန်မြို့ရှိ ၎င်း၏နေအိမ်မှာ ဖေဖော်ဝါရီ ၁၅ ရက်က လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် တွေ့ကြုံခဲ့ရသည်ဟု ပြောပြသည်။

အပူချိန်မှာ အနုတ် ၉ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းခဲ့သည့်အတွက် အနွေးထည်များ၊ စောင်များ ပိုမိုအသုံးပြုနေရသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုအခါ လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိနေပြီဖြစ်သော်လည်း ရေနှင့် ဓာတ်ငွေ့များ ဆက်လက်ပြတ်တောက်နေဆဲဖြစ်ကြောင်းနှင့် စူပါမားကတ်တွင် အစားအသောက်များ နည်းပါးလာသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



လောင်စာဓာတ်ငွေ့ရရှိရန် တန်းစီစောင့်ဆိုင်းနေကြသော ဟူစတန်မြို့သားများကို တွေ့ရစဉ်။

# အမေရိကန်ပြည်ထောင်စုတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ကူးစက်မှုတိုးလာနိုင်ဟု စီဒီစီခန့်မှန်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စုတွင် မတ်လ ၁၃ ရက်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၃၀၀၀၀ မှ ၅၅၉၀၀၀ အထိ ရောက်ရှိလာနိုင်ကြောင်း အမေရိကန်ရောဂါထိန်းချုပ် ရေးနှင့်ကာကွယ်ရေးဌာန (စီဒီစီ)၏ နောက်ဆုံးခန့်မှန်းချက်အရ သိရသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူဦးရေသည် မတ် ၁၃ ရက်အထိ ၈၄၀၀ မှ ၁၈၅၀၀အထိ ရောက်ရှိလာနိုင်ကြောင်း အဆိုပါခန့်မှန်းချက်အရ သိရသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူဦးရေသည် နောက်ထပ်သီတင်းပတ်လေးပတ်အတွင်း ဆက်လက်ကျဆင်းလာနိုင်ကြောင်း စီဒီစီက ခန့်မှန်းထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှုနှင့် သေဆုံးမှုများသည် အကျဘက်သို့ ဦးတည်နေကြောင်း စီဒီစီက ထပ်မံဖော်ပြထားသည်။

သို့သော်လည်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကြောင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ရုတ်တရက်တိုးလာနိုင်ခြေရှိကြောင်းကိုလည်း စီဒီစီက ထပ်မံသတိပေးထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူ ၂၇ ဒသမ ၈၃ သန်းရှိပြီး ဖေဖော်ဝါရီ ၁၈ ရက်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၉၁၀၀၀ ရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချိန်နှင့်တစ်ပြေးညီစာရင်းတွက်ချက်ဖော်ပြမှုအရ သိရသည်။

ဆင်ဟွာ



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အောက်ကလန်ရှိ အများပြည်သူများအတွက် ဖွင့်လှစ်ပေးထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာနေရာတစ်ခုကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် ဆီနီဂေါနိုင်ငံ လက်ခံရရှိ



ဆီနီဂေါနိုင်ငံသို့ ရောက်ရှိလာသည့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်ဆောင်လာသည့် ဆီနီဂေါ အမျိုးသားလေကြောင်းလိုင်းလေယာဉ်ပေါ်မှ ကာကွယ်ဆေးများသယ်ယူနေသည်ကို တွေ့ရစဉ်။

ဒါကာ ဖေဖော်ဝါရီ ၁၉

**ဆီနီဂေါနိုင်ငံသည် တရုတ်နိုင်ငံ၏ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်ကို ဖေဖော်ဝါရီ ၁၇ ရက်ညက လက်ခံရရှိခဲ့သည်။**

ဘလေ့ဒိုင်နီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည့် ကာကွယ်ဆေးလွှဲပြောင်းပေးရေး အခမ်းအနားသို့ ဆီနီဂေါသမ္မတ မက်ကီဆော၊ သမ္မတကတော် မာရီမီဖေးဆာ၊ အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ ဆီနီဂေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှောင်ဟာန်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးပမာဏ ၂၀၀၀၀၀ ခန့်ကို တရုတ်နိုင်ငံ ပေကျင်းမှ ဆီနီဂေါ အမျိုးသားလေကြောင်းလိုင်းက သယ်ဆောင်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆီနီဂေါသမ္မတ မက်ကီဆောက ယခုလို ကာကွယ်ဆေးများ ရရှိခဲ့သည့်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ကျေးဇူးတင်ရှိပါကြောင်း ပထမဆုံးပြောကြားခဲ့သည်။

ထို့နောက် တရုတ်သံအမတ်ကြီး ရှောင်ကိုလည်း ယခုလို ကူညီစီစဉ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း သမ္မတမက်ကီဆောက ဆက်လက်ပြောကြားခဲ့သည်။

ဆီနိုဖမ်းကာကွယ်ဆေး ပမာဏ ၂၀၀၀၀၀ အပြင် တခြားကာကွယ်ဆေးများကိုလည်း ရရှိရန်လုပ်ဆောင်နေကြောင်း သမ္မတမက်ကီဆောက ထပ်မံပြောကြားလိုက်သည်။ ထို့အပြင် လာမည့်သီတင်းပတ် ကာကွယ်ဆေးထိုးမည့်အချိန်တွင် ဆီနီဂေါနိုင်ငံအနေဖြင့် ကာကွယ်ဆေး ၆ ဒသမ ၇၉၈ သန်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဆီနီဂေါနိုင်ငံသည် ၎င်း၏လူဦးရေ ၂၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်နေကြောင်းသိရပြီး ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုတွင် လူဦးရေ ၃ ဒသမ ၅ သန်းကို ထိုးပေးမည်ဖြစ်သည်။

ဆီနီဂေါနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၃၁၇၇၁ ဦးရှိကြောင်းသိရပြီး ၇၆၉ ဦး သေဆုံးခဲ့ပြီ ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာလည်း ၂၆၀၉၅ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုလံဘီယာ၏အဓိကမြို့များတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံမှုများပြုလုပ်

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁၉**

ကိုဗစ်-၁၉ ကာကွယ်ဆေး အမြောက်အမြားထိုးနှံမှုကို ကိုလံဘီယာမြို့တော် ဘိုဂိုတာတွင် ဖေဖော်ဝါရီ ၁၈ ရက်က စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကစပြီး ကိုလံဘီယာမြို့တော် ဘိုဂိုတာသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု အများဆုံး မြို့တော်တစ်ခုဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားလိုက်သည်။

ကာကွယ်ဆေးထိုးနှံခြင်းများကို ဘိုဂိုတာနှင့် အခြားအဓိကမြို့ကြီးများရှိ ဆေးရုံများတွင် တစ်ပြိုင်နက် စတင်လုပ်ဆောင်ခဲ့ကြောင်းနှင့် ကိုဗစ်- ၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်ခဲ့သော ကျန်းမာရေးသူရဲကောင်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုး လုပ်ငန်းစဉ်အတွက် ကန်နက်ဒီဆေးရုံတွင် အဆင်သင့်ရှိနေသော ကိုလံဘီယာကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီး ဖာနန်ဒိုရုဇ်က ပြည်သူ့ဆေးရုံများတွင် ထိုးနှံပေးနေသော ကိုဗစ်- ၁၉ကာကွယ်ဆေး၏ အရေးပါပုံကို အလေးအနက်ပြောကြားခဲ့သည်။

ရုဇ်က အမျိုးသားကာကွယ်ဆေးထိုးရေးအစီအစဉ်တွင်တစ်တပ်တစ်အားပါဝင်ကူညီခဲ့သော ဘိုဂိုတာမြို့တော်ဝန် ကလော်ဒီယာ လိုပက်ဇ်ကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အမျိုးသားကာကွယ်ဆေး ထိုးရေးအစီအစဉ်က ၂၀၂၁ ခုနှစ်တွင် ကိုလံဘီယာပြည်သူ ၃၅ သန်းကျော်ကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀ သန်း နီးပါးရှိလာ

**ဆော်ပိုလို ဖေဖော်ဝါရီ ၁၉**

ဘရာဇီးနိုင်ငံတွင် ဖေဖော်ဝါရီ ၁၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀ သန်း နီးပါးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စာရင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဖေဖော်ဝါရီ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူပေါင်း ၅၆၇၆၆ ဦး ရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၉၇၈၇၄၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ နေ့စဉ်သတင်းဖော်ပြချက်တွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်းသည် ယခုအခါ ၂၄၂၀၉၀ ရှိလာပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ဖြစ်ပွားမှုတွင် ကမ္ဘာ့တတိယအဆင့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သေဆုံးမှုအမြင့်ဆုံးတွင် ဒုတိယနေရာ၌ရှိသည့် နိုင်ငံဖြစ်သည်။

ယခုအချိန်အထိ ဘရာဇီးနိုင်ငံတွင် လူပေါင်း ၅၅၀၅၀၄၉ ဦးအား ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး အဆိုပါ ပမာဏသည် ဘရာဇီးလူဦးရေ၏ ၂ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ဇူလိုင်လမတိုင်မီ ကာကွယ်ဆေး ၂၃၀ သန်း ရရှိမည်ဖြစ်ကြောင်း ယင်းပမာဏသည် ဘရာဇီးလူဦးရေအတွက် ကောင်းမွန်စွာ ထိုးပေးနိုင်မည့် ပမာဏဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အက်ဒါဒိုပါဇူလိုက ပြောကြားလိုက်သည်။

ဆင်ဟွာ

# အီကွေဒေါနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၆၄၁ ဦး ထပ်မံတွေ့ရှိ

**ကွီတို ဖေဖော်ဝါရီ ၁၉**

အီကွေဒေါနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၄၁ ဦးတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၆၉၈၆၀ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ကာကွယ်ဆေးထိုးပေးရေးလုပ်ငန်းများကိုလည်း ဇန်နဝါရီ ၂၂ ရက်ကတည်းက စတင်ခဲ့ပြီး ကျန်းမာရေးလုပ်သားများနှင့် သက်ကြီးရွယ်အိုများကို ဦးစားပေးကာ ကာကွယ်ဆေးထိုးနှံပေးရေး လုပ်ငန်းများ လုပ်ဆောင်နေသည်ဟု သိရသည်။

ဖေဖော်ဝါရီ ၁၇ ရက်ကလည်း အီကွေဒေါနိုင်ငံသို့ ဖိုက်ဇာ - ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးဒုတိယအသုတ် အဖြစ် ရောက်ရှိခဲ့သည်ဟု သိရသည်။

ဆင်ဟွာ

# ဉာဏ်မြေကတုတ်

● တိမ်ဖြူ

**“ တိုင်းပြည်မှာ အနာဂတ် လူငယ်လေးတွေကို အားကိုးပါလျက်နဲ့ လူငယ်လေးတွေလည်း တော်ပါလျက်နဲ့ ဘေးက အဖျက်အမှောင့်တွေကို အဖျက်အမှောင့်မှန်း မသိလောက်အောင် ညံ့နေရလားဗျာ။ ပြီးတော့ အမှားအမှန် မတွေးနိုင်တာ၊ မတွေးရဲတာ၊ မတွေးချင်တာ၊ ရှင်းရှင်းပြောရရင် “တုံး” တာတွေဟာ တိုင်းပြည်တိုးတက်ရေး အတွက် အနှောင့်အယှက်ပဲ ”**

“သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်းချွန်းကဲ့သို့ အုပ်ရမတဲ့”

ကျုပ်ဘကြီးက အလေးအနက် ပြောနေပါတယ်။ ဒီနေ့မှ ညောင်ပင်ရိပ်မှာ အဖွဲ့ဝင်သုံးဦး စတင်တွေ့ဆုံကြတာမို့ အလွမ်းတွေဖြေရင်း စိတ်ရှိလက်ရှိ ပြောဆိုဖြစ်ကြတာပါ။

“ဟုတ်တယ်ဗျ။ ဉာဏ်ကို လွှာပြီးသုံးရမယ်”

မျက်ပေက ထောက်ခံတာကို ကျုပ်က လက်မထောင်ပြီး သဘောတူကြောင်း ပြလိုက်တယ်။

“မင်းတို့စဉ်းစားကြည့်ကွာ ဆန္ဒပြတယ်ဆိုတာ နိုင်ငံရေးကိစ္စ။ အဲဒါကို ဘာဖြစ်လို့ ပျော်ရွှင် မြူးထူးပြနေတာတုန်း။ မလေးနက်ကြောင်း ထင်ရှားနေတယ်။ ဘယ်သူ အထင်ကြီးတော့မှာလဲ”

ဘကြီးက ရှေ့မီနောက်မီမို့ အခုကိစ္စကိုလည်း အားမလိုအားမရ ဖြစ်နေတာပါ။ ၂၀၂၁ ဖေဖော်ဝါရီ တော်လှန်ရေးဆိုပြီး မြင့်မြတ်တဲ့အဆင့်ကို တင်ထားကြတာ။ ခုတော့ဗျာ… လှည်းတန်းမီးပွိုင့်မှာ မြက်ဖျာခင်းပြီး ခ‌တ်ဘူးတွေနဲ့ ထမင်းဘူးတွေနဲ့။ တောက်!… ပျော်ပွဲစားထွက်လာကြတာလေ… ဟင်း … ကျုပ်ဖြင့် ပြေးပြီးကန်ချင်မိတယ်။

ရဲက မဖမ်းမှန်းသိလို့လား။ တကယ်ကိုလေးနက်တဲ့လူငယ်တွေ အများကြီးကိုတောင် အားမနာဘူး။ မိတ်ကပ်တွေလည်း လိမ်းလာကြသေး။ ပြီးတော့ အဆိုးဆုံးက ကားတွေပေါ်ကို လော်စပီကာ ဆောင်းဘောက်ကြီးတွေတင်ပြီး သီချင်းဖွင့် လှည့်ကြတာ။ တော်လှန်ရေးသီချင်း ဖွင့်ရင်ထားပါတော့။ ခုတော့ဗျာ… ပျော်ရွှင်မြူးကြွတဲ့ တေးသွားတွေ သကြီန်လိုပဲ။ မြန်မာစကား နားမလည်တဲ့ နိုင်ငံခြားသားတွေအမြင်မှာ အပျော်တမ်း လုပ်နေကြတယ်လို့ မထင်သွားနိုင်ဘူးလား။ တကယ်ဗျာ…. အတော်တုံးတဲ့ လူတွေ။ ဒါကြောင့် ဦးသန့်မြေးကပြောတာ။ မြန်မာလူထုဟာ နိုင်ငံရေးရေချိန် သိပ်ကိုနိမ့် “နိမ့်” နေသတဲ့။ ဒီအခါ မျက်ပေက ဝင်ပြောပြန်တယ်။

“လက်သုံးချောင်းကိစ္စလည်းကြည့်။ ဘာအဓိပ္ပာယ်မှန်းမသိ။ သူများထောင်လို့ ထောင်ရတဲ့ ပုံမျိုး”

“မင်းကကော သိလို့လား”

“ကျုပ်က စိတ်ဝင်စားလို့ မေးမြန်းလေ့လာထားတာဗျ။ နိုင်ငံခြားရုပ်ရှင်တစ်ခုမှာတဲ့။ ဂိုဏ်းကြီးတစ်ခုဆိုပါစို့။ အဲဒါ … တစ်ကြိမ်မှာ လူ ၁၀ ယောက်ရွေးပြီး တခြားအဖွဲ့နဲ့ အသေခံသတ်ခိုင်းတာတဲ့။ တစ်ကြိမ်မှာတော့ ဇာတ်လိုက်ရဲ့ နှမလေး ပါသွားပါရော။ ကောင်မလေးက နာခံတယ်။ အစ်ကိုက မခံနိုင်ဘူး။ ဒီအခါ ဒီအမိန့်ကို ဆန့်ကျင်ကြောင်း လက်သုံးချောင်း မတ်မတ်ထောင်ပြတယ်။ မျက်နှာက တင်းမာနေတယ် အဲဒီအဓိပ္ပာယ်။ ခုတော့ဗျာ … ကားပေါ်ကနေ ကောင်မတွေ လက်သုံးချောင်းထောင်ပြပုံက ဖွင့်လာတဲ့တီးလုံးနဲ့ စည်းချက်အညီ ဟိုယိမ်း ဒီယိမ်း ယိမ်းကသလို ကပြတာ။ ကဲ … ဘယ်ရောက်သွားပြီလဲ။ တော်လှန်ရေးရဲ့ အနှစ်သာရ”

ကျုပ်တို့အားလုံး စိတ်မကောင်းကြဘူးဗျာ။

ပြောရရင် … ကျုပ်တို့က ဘယ်ဘက်သားမှ မဟုတ်ဘူး။ အနီမဟုတ်သလို အစိမ်းလည်း မဟုတ်။ တပ်မတော်ထောက်ခံသူလည်း မဟုတ်ပါဘူး။ တိုင်းပြည်ကောင်းအောင် တရားသဖြင့်အုပ်ချုပ်ရင် ဘယ်သူတက်တက်ဆိုတဲ့ လူတွေပါ။ အရေးကြီးတာက စိတ်ချမ်းသာချင်တယ်ဗျာ။ ကမ္ဘာ့အလယ် မျက်နှာမငယ်ချင်ဘူး။ ဒါပါပဲ။

“ဒါနဲ့ ဗီဒီယိုတစ်ခု တွေ့ခဲ့တယ်ဗျ"

မျက်ပေက မျက်လုံးမှေးပြီးပြောတယ်။

**“ ခေါက်ဆွဲဆိုင်က ဆိုင်ရှင်မိန်းမက ဖုန်းဖွင့်ကြည့်နေတာ။ ဖွင့်ရင်း သူ့သားတွေကို ပြောတယ်။ လမ်းမှာ သူများရေဘူးဝေရင် မသောက်နဲ့နော်။ အဆိပ်ရည်တွေတဲ့။ ဒီမှာ” ဆိုပြီးပြလို့ မြင်ရတယ်။ အဆိပ်မိပြီး လဲကျနေတဲ့ လူငယ်တစ်ယောက်ပုံပဲ။ အခု … ဒီလို ဖြစ်နေပြီလို့ ဝါဒဖြန့်တာ။ ဒါနဲ့ ကျွန်တော်က သတိရပြီး ဘယ်သတင်းဌာနက လွှင့်တာလဲလို့ မေးတော့မှ လား … လား …. အိမ်နီးချင်းကြီးဆီကကိုးဗျ။ အဲဒါပဲဗျို့ … မီးလောင်ရာ လေပင့်နေတာ။ ဘယ်သူ့မှ မယုံရဘူး”**

“ခေါက်ဆွဲဆိုင်က ဆိုင်ရှင်မိန်းမက ဖုန်းဖွင့်ကြည့်နေတာ။ ဖွင့်ရင်း သူ့သားတွေကို ပြောတယ်။ လမ်းမှာ သူများရေဘူးဝေရင် မသောက်နဲ့နော်။ အဆိပ်ရည်တွေတဲ့။ ဒီမှာ” ဆိုပြီးပြလို့ မြင်ရတယ်။ အဆိပ်မိပြီး လဲကျနေတဲ့ လူငယ်တစ်ယောက်ပုံပဲ။ အခု … ဒီလို ဖြစ်နေပြီလို့ ဝါဒဖြန့်တာ။ ဒါနဲ့ ကျွန်တော်က သတိရပြီး ဘယ်သတင်းဌာနက လွှင့်တာလဲလို့ မေးတော့မှ လား … လား … အိမ်နီးချင်းကြီးဆီကကိုးဗျ။ အဲဒါပဲဗျို့ … မီးလောင်ရာ လေပင့်နေတာ။ ဘယ်သူ့မှ မယုံရဘူး။”

ဘကြီးက အံ့သြနေတယ်။

“ဒီလောက်တောင်ပဲလား။ မြန်လှချည်လား” တဲ့။

“မြန်ဆို အနီးကပ်စောင့်ကြည့်နေတာလေ”

“ဟုတ်ပါ့ဗျာ” ကျုပ်တို့ အတော်စိတ်ပျက်ကြရတယ်။

တိုင်းပြည်မှာ အနာဂတ်လူငယ်လေးတွေကို အားကိုးပါလျက်နဲ့ လူငယ်လေးတွေလည်း တော်ပါလျက်နဲ့ ဘေးက အဖျက်အမှောင့်တွေကို အဖျက်အမှောင့်မှန်း မသိလောက်အောင် ညံ့နေရလားဗျာ။ ပြီးတော့ အမှားအမှန် မတွေးနိုင်တာ၊ မတွေးရဲတာ၊ မတွေးချင်တာ၊ ရှင်းရှင်းပြောရရင် “တုံး” တာတွေဟာ တိုင်းပြည်တိုးတက်ရေးအတွက် အနှောင့်အယှက်ပဲ။ ဘကြီးက သက်ပြင်းချပြီးမှ –

“အေးကွာ … ဘယ်ကိစ္စပဲလုပ်လုပ် သတိရှိရမယ်။ သတိတမံအဖြစ် သဘောထားရမယ်။ ဉာဏ်ကိုတော့ မြေကြီးနဲ့ လုပ်ထားတဲ့ ကတုတ်ကျင်းလို မှတ်ရမယ်။ အရေးကြုံရင် ပုန်းအောင်းစရာပေါ့။ အန္တရာယ်ကင်းအောင်ပေါ့။ နောက်ဆုံးတော့ ပညာအရေးကြီးတယ်။ ပညာနဲ့ စဉ်းစားပြီး လုပ်သင့်မလုပ်သင့် ချွန်းနဲ့အုပ်ရမယ်တဲ့။ ကဲ … ဒါပဲကွာ …။




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့ (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူသားနှင့် သစ်ပင်တို့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်အကျိုးပြုပုံကို ရေးဖွဲ့ထားသည့် “သိုးကျောင်းသားနှင့် ညောင်ပင်ကြီး” မျက်နှာဖုံးကာတွန်း၊ ကမ္ဘာပေါ်ရှိ ဂြိုဟ်ကြီး(၈)လုံးအနက် အင်္ဂါဂြိုဟ်(Mars)အကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် “အင်္ဂါဂြိုဟ်(Mars)အကြောင်း လေ့လာကြမယ်” သုတဆောင်းပါး၊ ရှေးမြန်မာမင်းများလက်ထက်မှစ၍ အသုံးပြုခဲ့သည့် နန်းတွင်းအငြိမ့်တူရိယာတစ်မျိုးဖြစ်သည့် ပတ္တလားအကြောင်းကို ကလေးတို့လေ့လာမှတ်သားနိုင်စေရန် ရေးဖွဲ့ထားသည့် ဆရာကိုဇော်ဌေး(ယဉ်ကျေးမှု)၏ “ပတ္တလား” သုတဆောင်းပါး၊ သူငယ်ချင်းအချင်းချင်း အလွန်အကျူး စနောက်မိပါက ဒုက္ခရောက်ရပုံကို ကလေးတို့ သတိပြုနိုင်စေရန် ရေးဖွဲ့ထားသည့် “ပုချို၏ အမှားနောင်တ” နှစ်မျက်နှာကာတွန်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ဈေးသည်များ၏ ဈေးရောင်းမှုပုံစံ အပြောင်းအလဲဖြစ်ပုံတချို့ကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် “ကိုဗစ်ကာလ ဈေးသည်ကလေး” ကလေးဝတ္ထု၊ ကိစ္စတစ်ခု ဆောင်ရွက်ရာတွင် အလိုကြီးခြင်း၊ လောဘကြီးခြင်းသည် မိုက်မဲရာကျသကဲ့သို့ အသိဉာဏ်ကင်းမဲ့ရာလည်းရောက်ပုံအကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် “ခွေးနှင့် သူ့အရိပ်” ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။




သတင်းစဉ်

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၁–၂–၂၀၂၁ ရက်နေ့မှ ၁၈–၂–၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ကျပ် ၁ . ၀၁၀ သန်း** ဖြစ်ပါသည်။ ၁၈–၂–၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၁–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၁၀၉,၁၄၈,၁၁၅.၃၉ |
| (+) ၁၁–၂–၂၀၂၁ မှ ၁၈–၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁,၀၁၀,၀၀၀.၀၀ |
| ၁၈–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၁၁၀,၁၅၈,၁၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၁–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၁၁–၂–၂၀၂၁ မှ ၁၈–၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၁၈–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၁၁-၂-၂၀၂၁ ရက်နေ့မှ ၁၈-၂-၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၁-၂-၂၀၂၁ | ၁၀၉,၀၀၀ |
| ၁ | မယုဝင်းနွယ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်) (ချောင်းဆုံမြို့) | ၁၀၉,၀၀၀ |
| | ၁၇-၂-၂၀၂၁ | ၅၀၁,၀၀၀ |
| ၁ | ဒေါ်အေးအေးနိုင် (သာပေါင်းမြို့) | ၁,၀၀၀ |
| ၂ | မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာန (နေပြည်တော်) | ၅၀၀,၀၀၀ |
| | ၁၈-၂-၂၀၂၁ | ၄၀၀,၀၀၀ |
| ၁ | ဦးချစ်ဝင်း (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂ | ဦးနိုင်ဝင်း (MGD) | ၁၀၀,၀၀၀ |
| | (၁၁-၂-၂၀၂၁ ရက်နေ့မှ ၁၈-၂-၂၀၂၁ ရက်နေ့ထိ)စုစုပေါင်း | ၁,၀၁၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# COVID–19 ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ နေပြည်တော် စည်ပင်ညွှေ့ရိပ်သာ၌ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ အရာထမ်းများကို COVID–19 ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန (၆) ခုမှ အရာထမ်း ၄၅၇ ဦးအား COVID–19 ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အသက် (၆၅) နှစ်နှင့်အထက် ပြည်သူများအား COVID–19 ရောဂါ ကာကွယ် ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ မှော်ဘီမြို့နယ်တွင် ၁၇၁ ဦး၊ မင်္ဂလာဒုံမြို့နယ်တွင် ၅၄၀၊ မရမ်းကုန်းမြို့နယ်တွင် ၁၄ ဦးတို့အား COVID–19 ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း သိရသည်။

သတင်းစဉ်



## ၁၉-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၅၂၆၅၁၃ | ၁၈၇၀၅၁၇၅ | ၅၀၅၃၂၅ |
| ၂။ | အိန္ဒိယ | ၁၀၉၆၈၈၀၈ | ၁၀၆၇၁၈၂၆ | ၁၅၆၁၇၉ |
| ၃။ | ဘရာဇီး | ၁၀၀၃၀၆၂၆ | ၈၉၉၅၂၄၆ | ၂၄၃၆၁၀ |
| ၄။ | ရုရှား | ၄၁၃၉၀၃၁ | ၃၆၇၉၉၄၉ | ၈၂၃၉၆ |
| ၅။ | ဗြိတိန် | ၄၀၈၃၂၄၂ | ၂၃၃၁၀၀၁ | ၁၁၉၃၈၇ |
| ၆။ | ပြင်သစ် | ၃၅၃၆၆၄၈ | ၂၄၇၁၂၇ | ၈၃၃၉၃ |
| ၇။ | စပိန် | ၃၁၂၁၆၈၇ | ၂၄၄၂၇၉၅ | ၆၆၇၀၄ |
| ၈။ | အီတလီ | ၂၇၆၅၄၁၂ | ၂၂၈၆၀၂၄ | ၉၄၈၈၇ |
| ၉။ | တူရကီ | ၂၆၁၆၆၀၀ | ၂၅၀၄၀၅၀ | ၂၇၈၂၁ |
| ၁၀။ | ဂျာမနီ | ၂၃၇၂၂၀၉ | ၂၁၇၆၃၀၀ | ၆၇၅၄၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၁၉ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၆၃၂၉၉ | ၁၀၆၉၀၀၅ | ၃၄၁၅၂ |
| ဖိလစ်ပိုင် | ၅၅၇၀၅၈ | ၅၁၂၇၈၉ | ၁၁၈၂၉ |
| မလေးရှား | ၂၇၇၈၁၁ | ၂၃၉၉၇၁ | ၁၀၄၃ |
| မြန်မာ | ၁၄၁၇၂၈ | ၁၃၁၂၀၉ | ၃၁၉၄ |
| စင်ကာပူ | ၅၉၈၄၆ | ၅၉၆၇၉ | ၂၉ |
| ထိုင်း | ၂၅၂၄၁ | ၂၄၀၇၀ | ၈၃ |
| ဗီယက်နမ် | ၂၃၆၂ | ၁၆၂၇ | ၃၅ |
| ကမ္ဘောဒီးယား | ၄၈၄ | ၄၇၀ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

*ယမန်နေ့မှအဆက်*

**Myanmar National Post အယ်ဒီတာချုပ် နောင်တော်လေး** က မေးမြန်းရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ကြိုဆိုသည့်အနေဖြင့် သတင်းစာရှင်းလင်းပွဲကို ပထမဆုံးတက်ရောက်သတင်းရယူရခြင်း ဖြစ်ကြောင်း၊ NLD အစိုးရလက်ထက်မှာ မဲလိမ်၊ မဲခိုးမှုများနှင့်ပတ်သက်၍ ပြည်သူတွေ ဆန္ဒဖော်ထုတ်နေရင်း ရဲကို ဝင်ဆွဲခိုင်းတယ်၊ ချုပ်နှောင်ဖမ်းဆီးတယ်၊ နိုင်ငံတော်အလံကို ရဲတပ်ဖွဲ့ဝင်များက တက်နင်းပြီး ဖမ်းဆီးသည့် အခြေအနေမျိုးတွေထိ မြင်တွေ့ရကြောင်း၊ ယခုအခါ NLD ထောက်ခံသူများအနေဖြင့် ငြိမ်းစုစီနဲ့လည်း ခွင့်ပြုချက်မတင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေကိုလည်း ချိုးဖောက်ပြီးလုပ်နေကြောင်း၊ ဆန္ဒပြပွဲများကို ဘယ်အချိန်မှာ တိတိကျကျအရေးယူဆောင်ရွက်မည်ကိုသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မယိမ်းမယိုင်သွားမည်ဟု ခံယူထားသည့်အတွက် ဒီမိုကရေစီကျင့်စဉ်၊ ၂၀၀၈ အခြေခံဥပဒေပါ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့် ညီညွတ်နေလျှင် အရေးယူဆောင်ရွက်ရန် မရှိကြောင်း၊ ချိုးဖောက်လာသည်များကို အရေးယူဆောင်ရွက်ရန်ရှိကြောင်း၊ အရေးယူဆောင်ရွက်နေသည်များကိုလည်း ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်များလည်း မြင်နိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**Myanmar National Post** အယ်ဒီတာ**ချုပ် နောင်တော်လေး** က ဆက်လက်မေးမြန်းရာ CDM လုပ်ရန်အတွက် လှုံ့ဆော်သူများက ဝန်ထမ်းများ၏ အိမ်ရာများထိ လမ်းများပိတ်ဆို့ပြီး ဆန္ဒဖော်ထုတ်နေခြင်းများရှိကြောင်း၊ မိမိတို့ တိုင်းပြည်တွင် ဒီမိုကရေစီစနစ်ကို စပြီးကျင့်သုံးသည်က ပါတီပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ ရွေးကောက်ပွဲဝင်ပြိုင်သည်က ၉၀ ကျော်ရှိကြောင်း၊ မတူညီကွဲပြားသည်များရှိသည့် ကြားတွင် ငါနှင့်မတူ ငါ့ရန်သူဟု လုပ်နေခြင်း၊ ဝန်ထမ်းများတွင်လည်း NLD ပါတီကို ထောက်ခံသူရှိသကဲ့သို့ မထောက်ခံသူများလည်းရှိကြောင်း၊ အဆိုပါကိစ္စများကို ဘယ်လိုတားဆီးမလဲ၊ CDM လုပ်သည့်သူများအစား အစားထိုးရန် ဝန်ထမ်းအဆင်သင့်ဖြစ်ပြီလား သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း** က ဆက်လက်ဖြေကြားရာ ဝန်ထမ်းအိမ်ရာများကို ခြိမ်းခြောက်နေသည်များ၊ လုပ်ငန်းခွင်အထိ ခြိမ်းခြောက်နေသည်များကို တွေ့ရကြောင်း၊ ဝန်ထမ်းများနှင့်ပတ်သက်ပြီး အပြုံးမပျက် ရုံးတက်နိုင်ရေး လိုအပ်သည့်လုံခြုံရေး ဆောင်ရွက်ချက်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား နှောင့်ယှက်နေသူများကို တည်ဆဲဥပဒေများအရ ဆက်လက်ပြီး အရေးယူဆောင်ရွက်ဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ CDM ကိစ္စနှင့်ပတ်သက်ပြီး အချိန်အတိုင်းအတာတစ်ခုထိ စိတ်ရှည်လက်ရှည်စောင့်နေပါကြောင်း၊ ပြီးသွားလျှင် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း သွားရမည်ဖြစ်ကြောင်း၊ CDM လုပ်နေသည်ကို ဘယ်သူများဖြစ်နေလဲဆိုတာ တွေ့ရမှာဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အထိနာနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ပြည်သူလူထုနစ်နာလာသည်ကို Professional ဆန်ရမည့် ဝန်ထမ်းများအနေဖြင့် အဆိုပါလုပ်ဆောင်ချက်များသည် မကောင်းဘူးဆိုတာမြင်လာမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည်မှာ ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ ယနေ့ထိဖြစ်ကြောင်း၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာလည်ပတ်လျက်ရှိကြောင်း၊ ဆန္ဒပြမှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများ ရှိနေသည့်ကြားထဲမှ အဆိုပါကိစ္စရပ်များ လျော့နည်းသွားအောင် ညအချိန်များတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီးလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် တာဝန်သိသစ္စာရှိသည့် ဝန်ထမ်းများ၊ ပြည်သူလူထုများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post အယ်ဒီတာချုပ် နောင်တော်လေး** က ဆက်လက်မေးမြန်းရာ CDM လှုပ်ရှားမှုတွင် အဓိကပါဝင်သူ ၇ ဦးနှင့် အနုပညာရှင်များပါဝင်ကြောင်း၊ ပါဝင်သူ ၇ ဦးကို ဖမ်းဝရမ်းထုတ်ထားခြင်းကို တွေ့ရကြောင်း၊ ဖမ်းမိနိုင်မှုအခြေအနေများနှင့် ပတ်သက်ပြီး သိရှိလိုပါကြောင်း မေးမြန်းသည်။



**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း** က ဆက်လက်ဖြေကြားရာ ပုဂ္ဂလိကပိုင်းဆိုင်ရာ မိမိအနေဖြင့် ပြောလိုခြင်းမရှိကြောင်း၊ သူတို့က ဘယ်လိုလူတွေလဲ၊ ဘာအသက်မွေးဝမ်းကျောင်းပြုသူတွေလဲ၊ ဘာတွေရည်မှန်းချက်ရှိလဲ ဝန်ထမ်းလည်း မဟုတ်ကြောင်း၊ ဝန်ထမ်းများအလုပ်ထိခိုက်သွားလည်း သူတို့က ထိခိုက်စရာမရှိကြောင်း၊ ဒါကြောင့် လုပ်နေခြင်းဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးခံယူချက်ကြောင့် လုပ်နေခြင်းကို မပြောလိုကြောင်း၊ **နိုင်ငံရေးထိပ်တိုက်တွေ့မှုလမ်းကြောင်းပေါ်တွင် အစိုးရဝန်ထမ်းများကို တွန်းတင်နေခြင်းသည် မှုမမှန်**ဟုပြောလိုကြောင်း၊ မိမိနိုင်ငံရေး ခံယူချက်ရှိလျှင် မိမိဘာသာလုပ်စေလိုကြောင်း၊ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အရေးယူဆောင်ရွက်ထားခြင်းများရှိကြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ** က ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးဝင်းမြင့်ကို ဘယ်မှာထိန်းချုပ်ထားသလဲ၊ သူတို့ကို ဘယ်လိုဥပဒေတွေနှင့် တရားစွဲဆိုထားလဲဆိုတာ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း** မှ ပြန်လည်ဖြေကြားရာတွင် ဒေါ်အောင်ဆန်းစုကြည် နှင့် သမ္မတဦးဝင်းမြင့်ကို လုံခြုံသည့်နေရာတွင် လုံခြုံမှုရှိစေရေးအတွက် ထိန်းချုပ်ထားကြောင်း၊ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း၊ မိမိတို့အနေဖြင့် အချုပ်ချထားသည့် ပုံစံမျိုးလုပ်ဆောင်ခြင်း မရှိကြောင်း၊ သက်ဆိုင်ရာနေအိမ်တွေမှာရှိကြောင်း၊ ဥပဒေအရ ဆက်လက်ဆောင်ရွက်ရမည့်အပိုင်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်ကျော်လွန်ပြီး ဆောင်ရွက်သွားမှာမဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ၎င်းတို့နှစ်ဦးကို ဘယ်ဥပဒေတွေနှင့် အရေးယူထားလဲဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း** က ပြန်လည်ဖြေကြားရာတွင် အရေးယူခြင်းကိစ္စနှင့်သက်ဆိုင်ရာကို မေးကြည့်စေလိုကြောင်း၊ ဘယ်ဥပဒေတွေနှင့် အရေးယူထားသည်ကို မပြောနိုင်သေးကြောင်း၊ နောက်ရက်တွင်တော့ အမှုတွေနှင့်ပတ်သက်၍ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမည့်လုပ်ငန်းများရှိပြီး ဘယ်ဥပဒေက ဘယ်လိုဆိုတာ ခင်ဗျားတို့လည်း သိနေပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ** က ဝန်ထမ်းတွေ CDM လှုပ်ရှားမှုနှင့် ပတ်သက်ပြီး ဘယ်လိုဖြေရှင်းရန် ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် CDM ကိစ္စဆောင်ရွက်နေသည့်အတွက် အစိုးရ၏ဝန်ကြီးဌာနများ၏ အုပ်ချုပ်မှုယန္တရားရပ်တန့်သွားခြင်းမရှိ လည်ပတ်လျက်ရှိကြောင်း၊ မိမိတို့ ယခုလုပ်ဆောင်နေသည်များမှာ ဝန်ကြီးဌာနများမှာရှိသည့် တာဝန်ရှိသူများမှ စည်းရုံးရေးနည်းလမ်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကြီးအကဲများမှ စည်းရုံးရေးနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်သင့်သလောက် အောင်မြင်ပြီဖြစ်ကြောင်း၊ ဝန်ထမ်းတော်တော်များများ အလုပ်ခွင်ဝင်ရောက်ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး စည်းရုံးရေးနည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် စည်းရုံးရေးနည်းလမ်းဆိုသည်မှာ အချိန်အတိုင်းအတာတစ်ခုအထိရှိကြောင်း၊ အချိန်အတိုင်းအတာတစ်ခုအထိမှ ဝင်ရောက်လာခြင်းမရှိခဲ့လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ လှုံ့ဆော်သူများကို တည်ဆဲစည်းမျဉ်းစည်းကမ်းများအပြင် တည်ဆဲဥပဒေများနှင့်အညီ မလွဲမရှောင်သာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့လည်း မဆောင်ရွက်လိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်မှာ သစ္စာရှိရှိနှင့်ဝန်ထမ်းများ ရုံးတက်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က သတင်းများတွင်ကြည့်ရသည်မှာ မြန်မာ့မီးရထားဆိုလျှင် လုံးဝရပ်သွားသည့် အခြေအနေမျိုးကို တွေ့ရကြောင်း၊ ထိုပြဿနာများကို ဘယ်လိုဖြေရှင်းဖို့ စီစဉ်ထားသလဲသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း** က တပ်မတော်အနေဖြင့် မြန်မာ့မီးရထားလိုနေရာမျိုး၊ တချို့ ဆက်သွယ်ရေးနေရာမျိုးများတွင် ဝင်ရောက်ကူညီဆောင်ရွက်ပေးနိုင်သည့် အင်အားရှိကြောင်း၊ တပ်မတော်ပိုင်သည့် ရထားများဖြင့် ပြေးဆွဲပေးနိုင်သည့် အင်အားရှိကြောင်း၊ သို့သော် မလုပ်ဆောင်သေးကြောင်း၊ ဘာကြောင့်ဆိုလျှင် တပ်မတော်အနေဖြင့် အာဏာသိမ်းတာမဟုတ်ဘဲ နိုင်ငံတော်တာဝန်ကို ခေတ္တထမ်းဆောင်ခြင်းဖြစ်သည့်အတွက်ကြောင့် Professionals လုပ်ငန်းတွေကို မိမိတို့ ဝင်မလုပ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် စည်းရုံးရေးနည်းလမ်းနှင့်သွားမည်၊ နောက်ပိုင်းတွင် ပြည်သူလူထုက လိုအပ်လာလျှင် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ယခုဆိုလျှင် ကုလသမဂ္ဂအပါအဝင် အနောက်နိုင်ငံတွေ၏ အရေးယူခြင်းများ၊ ပိတ်ဆို့ခြင်းများရှိကြောင်း၊ ထိုအရာကို မည်သို့ဖြေရှင်းမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း** က ပြန်လည်ဖြေကြားရာတွင် မိမိတို့အနေဖြင့် အရေးယူပိတ်ဆို့မှုတွေကို မျှော်လင့်ပြီးသားဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားနိုင်ငံများကိုပါ မိတ်ဝတ်မပျက်ဆက်ဆံရေးကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတိုင်းနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ပူးတွဲနေထိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်ဖြစ်ပျက်နေသည့် အဖြစ်အပျက်အမှန်တွေကို သံတမန်ရေးနည်းလမ်းတွေနှင့် နိုင်ငံရေးနည်းလမ်းတွေအရ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘာတွေဖြစ်ပျက်နေပြီး ဘယ်လိုသဘောထားတွေရှိသည်ကို သတင်းများတွင် တွေ့ပြီးသားဖြစ်ကြောင်း၊ တချို့လည်း အလိုဆန္ဒတွေအရ သတင်းကို ခေါင်းစဉ်အမျိုးမျိုးတပ်ကြပြီး မူရင်းစာကိုကြည့်ရင်သိနိုင်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မူရင်းပြောလိုက်သည်မှာ ဘာလဲသိနိုင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံခြားဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးတွေ အနေဖြင့်ပတ်သက်ပြီး ထဲထဲဝင်ဝင် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ** က ယခုဖမ်းဆီးထားသည့်ထဲတွင် ဝန်ကြီးချုပ်များပါဝင်ကြောင်း၊ တချို့ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များကြားသိရကြောင်း၊ ထိုပုဂ္ဂိုလ်များကို

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဘယ်လိုဥပဒေများနှင့် ဖမ်းဆီးထိန်းချုပ်ထားသည်ကို သိလိုကြောင်းနှင့် ဘယ်နေရာတွင် ထိန်းချုပ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။



**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း** က ပြန်လည်ဖြေကြားရာတွင် မိမိတို့အနေဖြင့် ဥပဒေနှင့်မညီသည်ကို လုပ်ဆောင်မည်မဟုတ်ကြောင်း၊ ဥပဒေအတိုင်း ဆောင်ရွက်သွားမည်၊ ဘာတွေ ဆောင်ရွက်ထားသည်ကို ဆောင်ရွက်ပြီးသည်နှင့် သိလို့ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Union Daily သတင်းဌာနမှ သတင်းထောက် ပြည့်ဖြိုးနိုင်** က မေးမြန်းရာတွင် ပထမဆုံးအနေဖြင့် COVID-19 နှင့်ပတ်သက်သည့် ကိစ္စမေးချင်ကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးသည့် အစီအစဉ်များကို ဆက်လုပ်မည်ဆိုလျှင် ပြည်သူတွေ ထိုးနိုင်သည့် အခြေအနေအထိ ကျယ်ကျယ်ပြန့်ပြန့် ထိုးနိုင်အောင် မည်သို့လုပ်ဆောင်မည်၊ နောက်တစ်ချက်က COVID-19 နှင့်ပတ်သက်သည့်စည်းမျဉ်းများ ဥပမာယခုဆိုလျှင် နေပြည်တော်ကိုဝင်လျှင် Quarantine ဝင်ရတာကို ဖြုတ်ပေးတော့မည်ဆိုပြီး သတင်းများ ထွက်နေကြောင်း၊ ထိုသတင်းများသည် တကယ်ဟုတ်ပါသလား၊ ဖြုတ်ပေးမည်လား၊ ဘယ်လိုအစီအစဉ်များရှိပါလဲ မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် COVID-19 နှင့်ပတ်သက်ပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့်လည်း COVID-19 နှင့်ပတ်သက်ပြီး မည်သို့ဆောင်ရွက်မည်ဆိုသည်ကို ၎င်း၏ မိန့်ခွန်းများထဲတွင် အသေးစိတ်ပြောကြားပြီး ဖြစ်ကြောင်း၊ ဆေးအမျိုးအစားအသစ်တွေ ထပ်မံကူညီမယ်၊ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်မယ်၊ ထို့အပြင် ပုဂ္ဂလိကများအနေဖြင့် လျှုဒါန်းနိုင်ရေး၊ ပုဂ္ဂလိကဆေးထိုးနိုင်ရေး၊ ဝယ်ယူပြီး ဆောလျင်စွာဆေးထိုးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ COVID-19 နှင့်ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်နှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အပြင် COVID-19 ရောဂါဖြစ်ပွားမှု အရှိန်လျော့ကျနေသည့်ကာလအတွင်းမှာ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောင်းများကို ပြန်ဖွင့်မှာဖြစ်ကြောင်း၊ ပညာရေးကနောက်ကျ၍မရကြောင်း၊ ကျောင်းများကို မကြာမီအချိန်အတွင်းမှာ ပြန်ဖွင့်မည်ဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများကို စတင်လုပ်ဆောင်နေပြီ ဖြစ်ပါကြောင်း၊ နောက်ကျနေသည်မှာ နှစ်ကျော်သွားပြီဖြစ်သည့်အတွက် ကျန်သည့်နိုင်ငံများမှာလည်း COVID-19 စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျောင်းများဖွင့်နေတာရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌအနေနှင့် ပညာရေးနှင့်ပတ်သက်ပြီး အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ခဏခဏပြောခဲ့သလိုပဲ **ကျန်းမာရေး၊ ပညာရေးသည် ဦးစားပေးတစ်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်လျှင် ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်၊ ပညာသင်ကြားနိုင်မှ မိမိတို့တိုင်းပြည်သည် လူရာဝင်မည်ဖြစ်ကြောင်း၊** ၎င်းခံယူချက်များအတိုင်း မိမိတို့ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Union Daily သတင်းဌာနမှ သတင်းထောက်ပြည့်ဖြိုးနိုင်**က မေးမြန်းရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြောကြားထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အရင်အတိုင်းဆက်လက်လုပ်ဆောင်မည်ဆိုလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ဆက်လက်လုပ်ဆောင်မည်နည်း၊ ဘယ်လိုကတိတွေပေးနိုင်မည်လဲဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် စီးပွားရေးနှင့်ပတ်သက်ရင် စီးပွားရေးလုပ်ငန်းရှင်တွေပြီးရင် ဗဟိုဘဏ်၊ ဘဏ်များနှင့်တွေ့ဆုံစဉ်မှာ မိမိတို့ပြောကြားပြီးဖြစ်ကြောင်း၊ နံပါတ်တစ် မိမိတို့အာမခံချက်ပေးနိုင်တာသည် ယခင်သဘောတူညီပြီးသားသဘောတူညီချက်များရှိကြောင်း၊ ၎င်းသဘောတူညီချက်များကို မိမိတို့ ဖျက်ပစ်မှာမဟုတ်ကြောင်း၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နံပါတ်နှစ်အနေနှင့် အရင်ကမ္ဘဝါဒအရ သဘောတူညီပြီးပြီ သို့သော်လက်တွေ့လုပ်ငန်းမှာတော့ မလုပ်ရသေးကြောင်း၊ အခက်အခဲအမျိုးမျိုးကြောင့် မလုပ်နိုင်တာရှိကြောင်း၊ ဝန်ကြီးဌာနအလိုက် ထိုသို့သော လုပ်ငန်းများရှိကြောင်း၊ ဒါတွေကို ဆောလျင်စွာပြီးပြတ်အောင် မိမိတို့လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အဲဒီလိုလုပ်ပြီး စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လည်ပတ်အောင် ဆောင်ရွက်မှာဖြစ်ကြောင်း၊ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ဘဏ်လုပ်ငန်းများနှင့်ပတ်သက်ပြီး အာမခံချက်ပေးထားပါကြောင်း၊ ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး အာမခံချက်ပေးထားကြောင်း၊ အဓိကပြောလိုတာက ဘဏ်လုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ပြည်သူလူထုအနေနှင့် ကောလာဟလများကို မယုံကြဖို့ ပြောလိုကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်နေ့ မိမိတို့နိုင်ငံ့တာဝန်များကိုစတင်ပြီး တာဝန်ယူသည့်အချိန်မှာ ဘာနှင့်စပြီး တိုက်ခိုက်သလဲဆိုလျှင် အရင်ပုံသေနည်း အဟောင်းအတိုင်းပဲ၊ တစ်သောင်းတန်များ၊ ငါးထောင်တန်များကို ဖျက်သိမ်းတော့မည်ဆိုပြီး တိုက်ခိုက်ပါကြောင်း၊ မိမိတို့သည် ဒီအခြေခံဥပဒေကို သွားနေတာဖြစ်ကြောင်း၊ အခြေခံဥပဒေမှာ တိတိကျကျရေးထားပြီးသားဖြစ်ကြောင်း၊ နိုင်ငံတော်က တရားဝင်ထုတ်ထားသည့်ငွေကြေးကိုဘယ်တော့မှ မဖျက်သိမ်းဘူးဆိုတာ အခြေခံဥပဒေမှာ ပါပြီးသားဖြစ်ကြောင်း၊ ဒီဥပဒေအတိုင်း မိမိတို့လိုက်နာသွားမှာဖြစ်ကြောင်း၊ အာမခံချက်များ ပါပြီးသားဖြစ်သလို ခုနကပြောသည့် ထပ်ဆင့်အာမခံချက်များကို ပြောပြီးသားဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **Union Daily သတင်းဌာနမှ သတင်းထောက်ပြည့်ဖြိုးနိုင်**က မေးမြန်းရာတွင် အခုလက်ရှိ ဘဏ်လုပ်ငန်းတွေအပါအဝင် ပုဂ္ဂလိကလုပ်ငန်းတွေမှာ လည်း CDM လုပ်သည့်သူရှိသလို မလုပ်သည့်သူများလည်းရှိကြောင်း၊ မလုပ်သည့်သူများကို အကြောင်းအမျိုးမျိုးနှင့် ဖိအားပေးခြင်းများ၊ ခြိမ်းခြောက်ခြင်းများရှိကြောင်း၊ အဆိုပါလုပ်ရပ်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့အကူအညီပေးမည်၊ မည်ကဲ့သို့ အကာအကွယ်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။



**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာ ဝန်ထမ်းများကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနအကြီးအကဲအချို့အနေဖြင့် ဆွဲဆောင်စည်းရုံးရေး နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလက်ရှိလည်း ဆောင်ရွက်နေကြောင်း၊ အချို့နေရာများတွင် မည်သို့မျှထိန်းချုပ်၍ မရတော့ကြောင်း၊ ဦးဆောင်ပြီး လှုံ့ဆော်နေသူများရှိကြောင်း၊ ထိုသူများကို ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများအရ၊ တည်ဆဲဥပဒေအရ အရေးယူထားခြင်းများရှိကြောင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းနှင့်ပတ်သက်ပြီး နှောင့်ယှက်နေသူများကို တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှသာဖြစ်မည့် အနေအထားဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ဆင်ဟွာသတင်းဌာနမှ သတင်းထောက် ဦးရဲမင်းဖြိုး** က ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ပြောကြားချက်မှာ ထိန်းသိမ်းခံ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်အပါအဝင် အခြားထိန်းသိမ်းထားသူ အားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် တိုက်တွန်းထားမှုရှိကြောင်း၊ ထိုအပေါ်တွင် မည်သို့လုပ်ဆောင်ပေးသွားမည်ကိုလည်း သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် အဓိက ကတော့ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်စရာအကြောင်းမရှိကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အချိန်တွင်လည်း ဆောင်ရွက်သမျှကို မိမိတို့ပြောနိုင်သည့်အချိန်တွင် ပွင့်လင်းမြင်သာစွာ ပြောသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကိုလည်း ပွင့်လင်းမြင်သာအောင် အသိပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း** က ယခုလူထုကလမ်းပေါ်ထွက်ပြီး ဆန္ဒပြနေသည်မှာ ရက်တွေကြာနေပြီဖြစ်ပြီး သူတို့လိုချင်သည့် အချက်အလက်တွေကို သိလောက်ပြီထင်ကြောင်း၊ လူထုကြောင့်ဆိုရင် မဖြစ်နိုင်ဘူးဆိုသည်မှာမရှိလောက်ဘူးလို့ အကုန်လုံးလည်း တွေးနေကြကြောင်း၊ ထိုအရာကို ဘယ်လောက်လုပ်ပေးနိုင်မလဲဆိုတာ သိချင်ကြောင်း၊ လူထုတွေလမ်းပေါ်ထွက်ပြီး တောင်းဆိုကြတယ်၊ ဆန္ဒတွေပြတယ်၊ သမ္မတကြီးလွှတ်ပေးဖို့၊ အတိုင်ပင်ခံလွှတ်ပေးဖို့ အဲဒါတွေနှင့်ပတ်သက်ပြီး ဘာများလုပ်ဆောင်ပေးနိုင်မလဲ ဆိုတာကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မိမိတို့ပြောနိုင်သည်မှာ ဥပဒေနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က နိုင်ငံတကာမှ အသိအမှတ်မပြုဘူးဖြစ်နေကြောင်း၊ ထိုအပေါ်မှာ လုပ်ရကိုင်ရသည်မှာ အဟန့်အတားဖြစ်နေသည့်အပေါ်မှာ ဘယ်လိုသဘောထားကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် ထိုအရာမှာ မေးခွန်းကိုပင်မှားနေခြင်းလို့ ထင်ကြောင်း၊ နိုင်ငံတကာမှ အသိအမှတ်ပြု၊ မပြုဆိုသည်မှာ လက်ရှိပြောလျက်ရှိသည့် နိုင်ငံတကာမှာ ဘယ်လိုရေးနေလဲဆိုသည်ကို ကြည့်စေလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှာလည်း ဘယ်လိုပြောနေသည်ကိုကြည့်လိုက်လျှင် သိနိုင်ကြောင်း၊ မြန်မာနိုင်ငံမှာ နိုင်ငံတကာသံရုံးအစုံရှိကြောင်း၊ မြန်မာနိုင်ငံ၏ သံအမတ်ကြီးများသည် နိုင်ငံတကာမှာ သံအမတ်ကြီးအဆင့်ဖြင့် အစုံအလင်ရှိကြောင်း၊ နိုင်ငံတကာအစိုးရများ၏ပြောကြားချက်များ၊ ရေးသားချက်များ အသိအမှတ်ပြုခြင်း၊ မပြုခြင်းဆိုသည်ကို ထင်ရှားစွာတွေ့နိုင်ကြောင်း၊ လိုရာဆွဲပြောနေတာကို မကြည့်စေလိုကြောင်း၊ အပြစ်မဆိုချင်ကြောင်း၊ ၎င်းတို့လိုချင်သဖြင့် ရေးနေခြင်း၊ လုပ်နေခြင်းသာဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အခြေအနေအမှန်တိုင်း သိဖို့လိုကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဆက်သွယ်မှုအနေဖြင့် သတင်းအများတွေဆိုတော့ အင်တာနက်တွေ ပိတ်ခြင်း၊ Facebook တွေပိတ်ခြင်းကြောင့် တော်တော်ခက်ခဲကြောင်း၊ ဥပဒေနှင့် အညီ မှန်မှန်ကန်ကန်လုပ်နေသည်ဆိုလျှင် ဖမ်းချင်ပါက ဖမ်းလို့ရပြီး ဘာကြောင့် အင်တာနက်တွေပိတ်ပြီး ဖမ်းသည့်သတင်းတွေရှိကြောင်း၊ အင်တာနက်ဖွင့်ပေးရန်နှင့် Facebook ကို လွယ်လွယ်ကူကူသုံးလို့ရရန် ဘယ်လို ဆောင်ရွက်ပေးနိုင်မလဲကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဓိကအနေဖြင့် တချို့လိုအပ်သည့်ကန့်သတ်မှုတွေ လုပ်ရမည်ဖြစ်ပြီး ဘာကြောင့်ဆိုလျှင် တချို့၏ လှုံ့ဆော်မှုများ၊ အခြေအနေကိုပိုပြီးတော့ ဆိုးအောင်လုပ်သည့် ဖန်တီးမှုတွေသည် အများအားဖြင့် Online ပေါ်က လာခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မလုပ်ချင်ကြောင်း၊ နံပါတ်တစ်အနေဖြင့် သတင်းမီဒီယာတွေ အများကြီးရေးနေခြင်းများ၊ လွှင့်နေခြင်းများ အများကြီးရှိကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်အရေးယူမှုရှိသလဲ၊ တချို့လှုံ့ဆော်မှုတွေက မလွဲသာမရှောင်သာဘဲ အရေးယူဆောင်ရွက်မှုတွေလုပ်ရကြောင်း၊ ဘာကြောင့်ဆိုလျှင် ထိုအရာများသည် ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေသည့်အရာများ၊ ယခုလက်ရှိအခြေအနေထက် ပိုမိုဆိုးရွားသွားနိုင်သည့်အခြေအနေများ၊ မဟုတ်မမှန်သည့်အရာများကို မိမိတို့အနေဖြင့် မလွှဲမရှောင်သာလုပ်ဆောင်ရခြင်းဖြစ်ပြီး မလွှဲမရှောင်သာသည့် ကန့်သတ်မှုများ၊ ပိတ်ပင်မှုများ၊ လိုအပ်သည့် ကန့်သတ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။

**RFA သတင်းဌာနမှ ဒေါ်အေးအေးမွန်** က အစိုးရဆန့်ကျင်ရေးဝေဖန်မှုတွေကို ထောက်လှမ်းရန်အတွက် ဆိုက်ဘာလုံခြုံရေးအရ တရုတ်အကူအညီဖြင့် Firewall များ တည်ဆောက်နေသည်ကို ကြားသိရကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဘာများရှင်းပြလိုပါသလဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာ Cyberlaw နှင့် ပတ်သက်ပြီး အဆိုပါ Law သည် မိမိတို့ရေးဆွဲထားခြင်းမဟုတ်ကြောင်း၊ ယခင်အစိုးရလက်ထက်က ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကောလာဟလများ ထွက်နေသည်ကို သိရှိကြောင်း၊ မိမိအနေဖြင့် ပြဋ္ဌာန်းမည်၊ မပြဋ္ဌာန်းမည်ကို မပြောနိုင်ကြောင်း၊ အဆိုပါ Law သည် မိမိတို့ ထွင်ထားခြင်း မဟုတ်ကြောင်း၊ တရုတ်အကူအညီဖြင့် Firewall များ လုပ်စရာအကြောင်းမရှိကြောင်း၊ လုပ်ချင်လျှင် မိမိတို့တွင် အဆိုပါနည်းပညာနှင့်ပတ်သက်ပြီး လုံလောက်သည့်သူများရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **RFA သတင်းဌာနမှ ဒေါ်အေးအေးမွန်** က မေးမြန်းရာ သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်က သတင်းမီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် လက်ခံသည်ကို မနေ့ကပြောခဲ့ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားမည်မဟုတ်ကြောင်းလည်း မကြာခဏ ပြောထားကြောင်း၊ လောလောဆယ် ဖေဖော်ဝါရီ ၁ ရက် တပ်မတော်မှ တာဝန်ယူချိန်မှစ၍ ယခင်က ရှိခဲ့သည့် Democratic Debate လို့ခေါ်သည့် သတင်းမီဒီယာ အားလုံးမှာရှိသည့် မိမိသည်လည်း ယနေ့နိုင်ငံရေး Program ၏ Producer ဖြစ်ကြောင်း၊ မိမိတို့သည် တစ်ဖက်တည်းကို ဖိတ်ပြီး ဆွေးနွေးခြင်းမဟုတ်ကြောင်း၊ နှစ်ဖက်စလုံးမှ ပညာရှင်များကို ဖိတ်ပြီး ဆွေးနွေးခြင်း ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်ကစပြီး လွတ်လပ်သည့် Debate များ တိတ်ဆိတ်ငြိမ်သက်သွားကြောင်း၊ တစ်ဖက်မှာ သတင်းလွတ်လပ်ခွင့်အပါအဝင် နိုင်ငံသားများ၏ အခြေခံလွတ်လပ်ခွင့်ကို ထိန်းချုပ်ရန်အတွက် နိုင်လွတ်လုံ့ဥပဒေကို ရပ်တန့်လိုက်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အကြည်အညို ပျက်စေမှုဆိုင်ရာ ရာဇသတ်ကြီးပုဒ်မများကို ဖြည့်စွက်ထားသည်ကို တွေ့ရပါကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ယူစဉ် တစ်နှစ်အတွင်းမှာ သတင်းလွတ်လပ်ခွင့်ကို ဘယ်လောက်ထိ တာဝန်ယူနိုင်မလဲ၊

*စာမျက်နှာ ၁၈ သို့*

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး (ယာပုံ)၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော် ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း သုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီ အထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိ လည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှ ဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေး လုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။



ပုသိမ်မြို့ နယ်မြေခံဆေးတပ်ရင်းတွင် လာရောက်ဆေးကုသမှုခံယူကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၈၂၇၄ ဦး၊ အတွင်းလူနာ ၂၈၈၃ ဦးကို လွှဲပြောင်းခဲ့၍ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၇၇၉ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၉၆ ဦး စုစုပေါင်း ၁၁၇၅ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၄၆၇ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၈၉ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၁၁၅၆ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာ ဆေးရုံများမှလည်း လွှဲပြောင်းကုသမှု ခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

သတင်းထောက်များကို ဖမ်းဆီးတာမျိုး မလုပ်ဘဲ သတင်းထောက်များ၏ သတင်းရေးသားခွင့်ကို ဘယ်လောက်ထိအာမခံပေးနိုင်မလဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း** က ဆက်လက်ဖြေကြားရာ ဖေဖော်ဝါရီလ ၁ ရက်ကနေ ယနေ့ထိ သတင်းမီဒီယာများ လွတ်လပ်စွာ ရေးနေပါကြောင်း၊ သတင်းမီဒီယာများ ရေးသားမှုနှင့် ပတ်သက်ပြီး အရေးယူထားခြင်းများရှိလျှင် ထောက်ပြစေလိုကြောင်း၊ သို့သော် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ ဥပဒေနှင့် ငြိစွန်းလျှင် ကန့်သတ်မှုများ လုပ်ကောင်းလုပ်နိုင်ရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာနှင့် ပတ်သက်ပြီး အာမ မခံခြင်း၊ ခံခြင်းသည် လုပ်ပါမည်၊ မလုပ်ပါမည်ဟုလည်း မပြောလိုကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများသည် သတ်မှတ်ထားသည့် ကျင့်ဝတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီလုပ်ဆောင်ပါက သတင်းမီဒီယာသမားများအတွက် ကောင်းသည်ဟု ပြောလိုပါကြောင်း၊ သတင်းမီဒီယာများကို ယခုလိုပြောနေခြင်းသည် ခြိမ်းခြောက်နေခြင်းမျိုး မဟုတ်ကြောင်း၊ ဥပဒေကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်နိုင်ရေး ပြောခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**RFA သတင်းဌာနမှ ဒေါ်အေးအေးမွန်**က ဆက်လက်မေးမြန်းရာ နိုင်ငံရေးငြင်းခုံစကားဝိုင်းများပြန်လုပ်လျှင် ဖမ်းမည်လားသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာ နိုင်ငံရေးငြင်းခုံစကားဝိုင်းများကို ဥပဒေနှင့်မလွတ်ကင်းသည့်သူများကို တွေ့ဆုံဆွေးနွေးပွဲလုပ်လျှင် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ခံရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဆင်ဟွာသတင်းဌာနမှ သတင်းထောက် ဦးရဲမင်းဖြိုး** က ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌမှ တိုက်တွန်းထားမှုရှိကြောင်း၊ မြန်မာပြည်သူများ၏ ဆန္ဒသဘောထားနှင့်အညီ မြန်မာပြည်သူများ၏အကျိုးအတွက် အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများနှင့်အညီ ပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းထားမှုရှိကြောင်း၊ ထို့အပေါ်တွင် မည်သို့လုပ်ဆောင်သွားမည်ကိုလည်း သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် မိမိတို့အနေဖြင့် ယခုသတင်းစာရှင်းလင်းပွဲစစချင်း၌ ပြောခဲ့သလို နိုင်ငံတော်တာဝန်ကို ဘာ့ကြောင့်ရယူခဲ့ရသည်ကို ရှင်းပြပြီးဖြစ်ကြောင်း၊ နိုင်ငံရေး ယဉ်ကျေးမှုများ၊ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ဆွေးနွေးညှိနှိုင်းရေးလမ်းစဉ်ဖြင့် သွားခဲ့ကြောင်း၊ ဆွေးနွေးညှိနှိုင်းရေးလမ်းစဉ်၌ ဘယ်လိုမှ အလုပ်မဖြစ်သောအချိန်မှ မိမိတို့ နိုင်ငံတော်တာဝန်ကို ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ယခုအချိန်တွင် ဥပဒေကြောင်းအရ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဥပဒေကြောင်းအရ လုပ်ဆောင်သင့်သည်ကို လုပ်ဆောင်ပြီးသည့်အချိန်တွင် အခြေအနေ အကြောင်းအရာများသည် အမျိုးမျိုးဖြစ်လာနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

**SKY NET Up to Date သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်ဇော်**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း CDM လုပ်ဆောင်သည့် နိုင်ငံ့ဝန်ထမ်းများကို လုပ်ငန်းခွင်ပြန်ဝင်ရန်အတွက် စိတ်ရှည်ရှည်ဖြင့် စောင့်ပေးသည်ဆိုသည့်အချက်လည်း ကြားသိရကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများကို စည်းရုံးရေးဆင်းပြီး အချိန်တစ်ခုပေးထားသည်ကိုလည်း ကြားသိရကြောင်း၊ ထို့အတွက် မိမိသိချင်သည်မှာ ဝန်ထမ်းများအတွက် အချိန်မည်သို့သတ်မှတ်ထားသည်ကို သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် မိမိတို့အနေဖြင့် အချိန်ကို သတ်မှတ်ထားခြင်း မရှိသေးကြောင်း၊ သို့သော်အချိန်က သိပ်ရှည်မည်မဟုတ်ကြောင်းကိုပြောလိုကြောင်း၊ ဝန်ကြီးဌာနအလိုက်လည်း ဖြစ်ပေါ်တိုးတက်မှုများရှိနေကြောင်း၊ ဖြစ်ပေါ်တိုးတက်မှုများ ရှိနေ၍လည်း ထပ်မံစောင့်ဆိုင်းနေကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တာဝန်သိသိသစ္စာရှိရှိဖြင့် Professional ကျကျ လုပ်ဆောင်သည်က အန္တရာယ်ကင်းမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ။

**မြဝတီ**

# လာမည့်ထောပတ်သီးရာသီတွင် ထောပတ်သီးတန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၉**

လာမည့် ထောပတ်သီးရာသီတွင် ထောပတ်ဆီကိုအခြေခံ၍ ထောပတ်သီး တန်ဖိုးမြင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

ယခုနှစ် ထောပတ်သီးရာသီတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထောပတ်သီး တန်ဖိုးမြင့် ထုတ်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ခြင်း မရှိဘဲ ထောပတ်သီးအဆီကို အသုံးပြု၍ စားသောက်ကုန်အနေဖြင့် ထောပတ်သီး ဂျုံဆီချက်ခေါက်ဆွဲ (အစို)နှင့် အလှကုန်အနေဖြင့် ရေချိုးဆပ်ပြာ(အခဲ)ကိုသာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

"ပြင်ဦးလွင် ထောပတ်သီးပွဲတော်မှာတုန်းက ထောပတ်သီးကို အခြေခံလုပ်တဲ့ ဂျုံဆီချက်ခေါက်ဆွဲကို ထုတ်လုပ် ရောင်းချခဲ့ပါတယ်။ စားသုံးသူတွေ ပိုပြီးအကြိုက်တွေ့တာ တွေ့ရတယ်။ ဒီနှစ် ထောပတ်သီးပွဲတော်မှာတော့ စားသုံးသူတွေ အဆင်ပြေဖို့ ထောပတ်သီး ဂျုံခေါက်ဆွဲဆီချက် ခေါက်ဆွဲအစိုကို တစ်ပွဲစာ ပြင်ဆင်ပြီးတော့ တစ်ဦးချင်းစာလေးတွေ ထုပ်ပိုးရောင်းချသွားဖို့ စီစဉ်နေပါတယ်။ ထောပတ်သီး တန်ဖိုးမြင့် ထုတ်ကုန်တွေကို နည်းပညာပိုင်း ပိုကောင်းအောင်လုပ်ပြီး အရည်အသွေးမီတဲ့ ထုတ်ကုန်တွေထုတ်လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ထောပတ်သီးကို အခြေခံ၍ ထောပတ်သီး ဂျုံဆီချက်ခေါက်ဆွဲ(အစို)ကိုသာ ထုတ်လုပ်ရောင်းချနိုင်သော်လည်း လာမည့် ထောပတ်သီးရာသီတွင် ထောပတ်သီး ဂျုံဆီချက်ခေါက်ဆွဲ (အခြောက်) ကိုပါ ထုတ်လုပ် ရောင်းချနိုင်ရန်အတွက် နည်းပညာပိုင်း ပိုမိုတိုးမြှင့်၍ စမ်းသပ်ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် ထောပတ်သီးကို အခြေခံ၍ အလှကုန်များအဖြစ် အရေပြားလိမ်းဆီများ၊ ဆံပင်အားဖြည့်ဆီများ၊ ရေချိုးဆပ်ပြာများလည်း ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ထောပတ်သီးတန်ဖိုးမြင့် ထုတ်ကုန်များကို အွန်လိုင်းမှတစ်ဆင့် ပြည်တွင်းဈေးကွက်အတွက်သာ ဦးတည်ထုတ်လုပ် လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**








# စစ်တွေမြို့နယ်ကျေးရွာများ၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှ သိရသည်။

ထိုသို့ ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စစ်တွေမြို့နယ် ကျောက်တန်းချေကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းကို ခွင့်ပြုငွေကျပ် သန်း ၂၆ ဒသမ ၉၉၀ ဖြင့် ရေစင်မှ ရေပိုက်သွယ်တန်းခြင်း အရှည် ပေ ၆၀၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် င/တောက်တက်ကျေးရွာတွင် လက်တူးတွင်းတူးဖော်ခြင်း အကျယ် ၈ ပေ၊ အနက် ပေ ၂၀ လုပ်ငန်းကို ခွင့်ပြုငွေကျပ် သန်း ၄ ဒသမ ၈၈၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင် ကျေးလက်ဦးစီးမှူး ဦးစောဝေ၊ မြို့နယ်ကျေးလက် ဦးစီးမှူး ဦးသန်းစိုးဦး၊ ခရိုင်နှင့်မြို့နယ် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က စစ်ဆေးကြည့်ရှုကြပြီး လုပ်ငန်းအချိန်မီ ပြီးစီးရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေးကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ပုဏ္ဏားကျွန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ချေးပေး

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၁၉**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပုဏ္ဏားကျွန်းမြို့နယ် အောင်ဇေယျကျေးရွာ၌ ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် သန်း ၄၁ ဒသမ ၀၀ ကို မြစိမ်းရောင်အသင်းသား အသင်းသူ ၈၂ ဦးထံသို့ ထုတ်ချေးပေးသည်။

ထိုသို့ ထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနက ကျေးရွာတာဝန်ခံ ဒေါ်စောဝင်းမေ(ဒုဦးစီးမှူး)နှင့် ဒေါ်ဌေးဌေးလှိုင်(ဒုဦးစီးမှူး)တို့က ကျေးရွာမြစိမ်းရောင် ကော်မတီဝင်တို့အား လုပ်ငန်းများ လုပ်ဆောင်ကြရာတွင် စာရင်းဇယားများ မှန်မှန်ကန်ကန် ရှိနိုင်ရေးနှင့် တခြားသော လုပ်ငန်းများဆောင်ရွက်ရာ၌လည်း အလေအလွင့်မရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

## စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၂ - ၂၀၂၁

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၄၀၀ | ၉၄၈ | ၈၈၇၀၂၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၂၅၂ | ၈၉၂၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃ | ၂၃၇၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁ | ၂၁၅၀၀ |
| TMH | ၂၈၀၀ | ၂၉၀၀ | ၈၄ | ၂၄၃၂၀၀ |
| EFR | ၃၂၅၀ | ၃၂၅၀ | ၁၀ | ၃၂၅၀၀ |

ညီညီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ချူးစန္ဒီဌေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပညာတတ်တွေများမှ တိုင်းပြည်တိုးတက်မယ်

လပြည့်

"အမေ... သမီးပညာတတ်ကြီးဖြစ်ရင် လေယာဉ်မောင်းပြီး မေမေ့ကို လေယာဉ်ပေါ်ကနေ အမေရေ...လို့ အကျယ်ကြီးခေါ်မယ်"

"အမေ ...သမီးကြီးလာရင် ဆရာမ လုပ်မယ်"

"အဖေ...သမီး အရာရှိဖြစ်ချင်တာ"

"အဖေ...သမီးက မီးသတ်သမားလုပ်ချင်တာ"ဟု အမေနှင့် အဖေကို ကျွန်မ မျိုးစုံပြောပြခဲ့ဖူးသည်။ ထိုသို့ ပြောခဲ့ဖူးသည်ကိုလည်း အမေနှင့် အဖေ ပြန်ပြောပြ၍သာ သိရခြင်းဖြစ်သည်။ ကိုယ်တိုင်မှာမူ မှတ်မိသည်များ၊ မမှတ်မိသည်များနှင့် ရောရောထွေးထွေးသာ။ ကလေးမို့ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်လည်း မတွေးတောဘဲ ကလေးဘဝ ကလေးတိုင်း ပြောလေ့ရှိကြသည့် စကားများသာ ဖြစ်သည်။

သို့သော် ကလေးတိုင်း ပြောလေ့ရှိသည့် စကားများအပေါ် **"ဖြစ်ချင်တာတွေ ဖြစ်လာအောင် စာဖတ်နော်၊ ပညာတတ်အောင် ကြိုးစား၊ ပညာက အရာရာ အောင်နိုင်တယ်၊ ပညာက အရာရာကို ဦးဆောင်နိုင်သည်"** စသည့် ဆိုဆုံးမစကားများဖြင့် ကျွန်မမိဘနှစ်ပါးအပါအဝင် မိဘတိုင်းက သားသမီးတိုင်းကို လူတော်လူကောင်းဖြစ်လာရန် ဆုံးမကြသည်။

ထိုကဲ့သို့ အမျိုးမျိုး အဖုံဖုံ ပြောဆိုတောင့်တခဲ့သည့် ကလေးဘဝ စိတ်ကူးများ အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာသည်သာ အဓိကကျသည်ဆိုသည့် မိဘများ၏ဆိုဆုံးမစကား အတိမ်အနက်ကို ငယ်သေးသည့်အချိန်က ကောင်းစွာ နားမလည်ခဲ့ပါ။ စာအုပ်စာပေနှင့် ပညာ၏ ဆက်နွယ်မှုကိုလည်း နားမလည်ပါ။ စာဖတ်၍ စာရလျှင် စာမေးပွဲအောင်မည်၊ ဘွဲ့ရမည်ဟုသာ တွေးတောခဲ့သည်။ အတန်းပညာ ဆုံးခန်းတိုင်လျှင် ပြီးဆုံးပြီဟုသာ တွေးထင်ခဲ့ဖူးသည်။

ပညာသည် လူတစ်ဦးတစ်ယောက်ကို တိုးတက်စေနိုင်ပြီး အသိပညာ၊ အတတ်ပညာများကို စာအုပ်စာပေများက လမ်းပြပေးသည်။ ထိုသဘောတရားကို ကိုယ်တိုင်လည်း သိရှိနားလည်ကာ ဘဝအသက်မွေးမှုအတွက် အသုံးချတတ်နေပြီဖြစ်သည်။ အကျိုးများသည့် ပညာတန်ဖိုးကြောင့် မိဘတိုင်းက သားသမီးတိုင်းကို ပညာတတ်ဖြစ်စေချင်သည်မှာ မဆန်းပေ။

ပညာရေးသည် ဘဝအောင်မြင်ရန်အတွက် အထောက်အပံ့များစွာ ပေးသည်။ လူသားတစ်ဦးတစ်ယောက်တိုင်း ချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက်လည်း ပညာရေးက အရေးကြီးသည်။ လူသားတိုင်း၏ နေ့စဉ် ရှင်သန်မှုအတွက် ပညာရေးသည် အရေးပါသည်။ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အရေးပါသည်။

ဥပမာအားဖြင့် အမေရိကန်၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံကဲ့သို့သော နိုင်ငံများသည် ပညာတတ်မြောက်မှုနှုန်း မြင့်မားသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများသည် ကြွယ်ဝကြပြီး နိုင်ငံသားများ၏ ပျမ်းမျှဝင်ငွေမြင့်မားကြသည်ကို လေ့လာသိရှိရသည်။ မဖွံ့ဖြိုးသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲ**နိုင်ငံများတွင် ပညာတတ်မြောက်မှုနှုန်း နိမ့်ပါးကြသည်ကိုလည်း တွေ့ရသည်။**

မြန်မာနိုင်ငံတွင် စာတတ်မြောက်မှု အခြေအနေနှင့် စပ်လျဉ်း၍ လေ့လာကြည့်ပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ အသက် ၁၅ နှစ်အထက် စာတတ်မြောက်သူ ဦးရေ ၃၀ ဒသမ ၃၇ သန်းအထိ တိုးတက်လာပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များ စာရင်းအရ စာတတ်မြောက်သူ ဦးရေ ၃၃ ဒသမ ၁၈ သန်း တိုးတက်လာသည်ကို တွေ့ရသည်။

**ခေတ်အဆက်ဆက် ပညာရေးစနစ်များ မည်ကဲ့သို့ပင် ပြောင်းလဲနေပါစေ ပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များက မပြောင်းလဲနိုင်ပါ။ ထို့ကြောင့် မည်သည့် အချိန်ကာလမှာမဆို သင်ကြားမှုကို ရပ်တန့်မနေဘဲ သင်ယူ၍ ရနိုင်သမျှ ကြိုးစားသင်ယူနေရမည်သာဖြစ်သည်။ ပညာသင်ကြားသင်ယူမှု အဆက်ပြတ်သည့်နိုင်ငံသည် ဖွံ့ဖြိုးမှုအဆက်ပြတ်သည့်နိုင်ငံ ဖြစ်နေပေလိမ့်မည်။**

ထို့ကြောင့်ပင် ပညာရေးသည် နိုင်ငံရေးဖြစ်သည်ဟု ပြောဆိုကြသည်များလည်း ရှိသည်။ နိုင်ငံအတွင်း နေထိုင်ကြသူများ၏ နေ့စဉ် စား၊ ဝတ်၊ နေရေးမှအစ လူမှုစီးပွား အခါခပ်သိမ်း အရေးကိစ္စများသည် နိုင်ငံရေးပင်။ နိုင်ငံတိုးတက်သာယာမှုသည် နိုင်ငံသားများ၏ ပညာရေးနှင့် တိုက်ရိုက်အချိုးကျနေပြီး နိုင်ငံသားများ၏ ပညာရည်မြင့်မားလျှင် ကမ္ဘာ့အလယ် ဝင့်ထည်သည့်အတွက် **"ပညာမြင့်မှ တိုင်းပြည်တင့်"**ဟုလည်း ဆိုကြသည်။ ထို့ကြောင့် နိုင်ငံအဆင့်၊ ကမ္ဘာအဆင့်အထိ ထွန်းပေါက်မည့် ပညာ အရည်အသွေးရရှိအောင် တစ်ဦးတစ်ယောက်၊ မိသားစု တစ်ခုမှအစပြု၍ ကြိုးပမ်းကြရမည်ဖြစ်သည်။

လူသားတိုင်းအတွက် အတန်းပညာသင်ယူမှု ပညာရေးသည် အရေးကြီးသကဲ့သို့ ဘဝတစ်သက်တာ သင်ယူမှု ပညာရေးသည်လည်း အရေးပါနေပြီဖြစ်သည်။ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ဘဝတစ်သက်တာ သင်ယူနေရမည်ဆိုသည့် **"Lifelong learning"** သဘောတရားမှာ ပျံ့နှံ့နေပြီဖြစ်သည်။ ထို့ကြောင့် အတန်းပညာ သင်ယူနိုင်ခွင့်နှင့်အတူ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တစ်နည်းအားဖြင့် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များ သင်ယူနိုင်ခွင့်ကလည်း တန်းတူအရေးကြီးနေပြီဖြစ်သည်။ တစ်နည်းအားဖြင့် အတန်းပညာနှင့်အတူ အတတ်ပညာကိုလည်း အားပေးရမည်ဖြစ်သည်။

> **"ခေတ်အဆက်ဆက် ပညာရေးစနစ်များ မည်ကဲ့သို့ပင် ပြောင်းလဲနေပါစေ ပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များက မပြောင်းလဲနိုင်ပါ။ ထို့ကြောင့် မည်သည့် အချိန်ကာလမှာမဆို သင်ကြားမှုကို ရပ်တန့်မနေဘဲ သင်ယူ၍ ရနိုင်သမျှ ကြိုးစားသင်ယူနေရမည်သာဖြစ်သည်။ ပညာသင်ကြားသင်ယူမှု အဆက်ပြတ်သည့်နိုင်ငံသည် ဖွံ့ဖြိုးမှု အဆက်ပြတ်သည့်နိုင်ငံ ဖြစ်နေပေလိမ့်မည်"**

ဘွဲ့ရမှ ပညာတတ်ဖြစ်သည်ဆိုသည့် ခေတ်မှာ အတိတ်တွင် ကျန်ရစ်ကာ ပညာရေးသည် တစ်သက်တာ ပညာရေးအဖြစ် ပြောင်းလဲနေပြီဖြစ်သည်။ ပညာရေးသည် ဖွံ့ဖြိုးမှု အဓိကအခြေခံဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးရေးအတွက် စဉ်းစားလျှင် ကဏ္ဍတိုင်း၏ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးရေးကိုပါ စဉ်းစားရမည်ဖြစ်ပြီး နိုင်ငံတိုးတက်ရေးအတွက် ကဏ္ဍတိုင်းသည် ဖွံ့ဖြိုးရမည်သာ ဖြစ်သည်။

**ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် ဆရာဝန်များ သာမက သူနာပြုများ၊ ဆေးရုံသန့်ရှင်းရေး ပြုလုပ်သူများအထိပါ အားလုံးသည် အရေးကြီးပေသည်။ ထို့အတူ နိုင်ငံသားတိုင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုး၊ မွေးမြူ၊ ကုန်ထုတ်၊ ကုန်သွယ် စသည်ဖြင့် ကဏ္ဍတိုင်းတွင် ပါဝင်ဆက်နွယ်သူတိုင်းသည် အရေးပါပြီး အတတ်ပညာ၊ နည်းပညာကို ခေတ်နှင့်အညီ ညှိနိုင်ရန် လိုအပ်နေပြီ ဖြစ်သည်။**

သို့သော် ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်လွှားရှိ ပညာသင်ယူမှု အခွင့်အလမ်းများသည် အရှိန်လျော့ခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာအနှံ့ စာသင်ကျောင်းများ၊ အခြားပညာသင်ယူခွင့်ရသည့်နေရာများ ပိတ်ထားခဲ့ရသည်။ နိုင်ငံပေါင်း ၁၉၀ ကျော်က ပညာသင်ယူနေသူပေါင်း ၁ ဒသမ ၆ ဘီလီယံ နီးပါးနှင့် အခြေခံပညာဆရာ ဆရာမ ၆၃ သန်းခန့်အပေါ် သက်ရောက်မှုရှိခဲ့သည်ဟု ကုလသမဂ္ဂ ကမ္ဘာ့ပညာရေးအဖွဲ့များ၏ ဆန်းစစ်ချက်များတွင် ဖော်ပြထားသည်။

ခေတ်မီနည်းပညာများ အသုံးပြုပြီး ကျန်းမာရေးဆိုင်ရာ မှန်ကန်သော အသိပညာပေးသည့် သတင်းအချက်အလက်နှင့် အွန်လိုင်းသင်ယူမှု၊ Off-line သင်ယူမှု၊ ပေါင်းစပ်သင်ယူမှုစသည့် အခွင့်အလမ်းများနှင့် ဝေးကွာနေနိုင်သဖြင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားနေကြောင်း ပညာရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားမှ သိရှိခဲ့ရသည်။

ကပ်ရောဂါကြောင့် သင်ယူမှုဆုံးရှုံးရခြင်း၏ သက်ရောက်မှုကို အလျင်အမြန် တုံ့ပြန်ကုစားမှု မပြုနိုင်ကြလျှင် အနာဂတ်မျိုးဆက်များအပေါ်ပါ ခြိမ်းခြောက်လာနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိခိုက်နစ်နာဆုံးရှုံးမှု များပြားစေနိုင်သည့်အချက်ကို အထူးသတိထားရမည်ဖြစ်သည်။ ကိုဗစ်ကို ကျော်လွှား၍ အရည်အသွေးပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အရေအတွက်များများ ပေါ်ထွန်းလာအောင် ပညာစွမ်းအားဖြင့် မြှင့်တင်ရမည် ဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပေါ်ထွက်လာမှုနှင့်အတူ တည်ငြိမ်စပြုလာသည့် ကိုဗစ်ကပ်ရောဂါကို ဆက်လက်ကာကွယ်၊ ထိန်းချုပ်ရင်း နိုင်ငံတိုးတက်ရေးအတွက် အားကြီးမားသည့် ပညာရေးကို အဆတိုး အရှိန်တစ်ခုဖြင့် တုံ့ပြန်ကုစားရမည်ဖြစ်သည်။ ။

> **"ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် ဆရာဝန်များသာမက သူနာပြုများ၊ ဆေးရုံသန့်ရှင်းရေး ပြုလုပ်သူများအထိပါ အားလုံးသည် အရေးကြီးပေသည်။ ထို့အတူ နိုင်ငံသားတိုင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုး၊ မွေးမြူ၊ ကုန်ထုတ်၊ ကုန်သွယ် စသည်ဖြင့် ကဏ္ဍတိုင်းတွင် ပါဝင်ဆက်နွယ်သူတိုင်းသည် အရေးပါပြီး အတတ်ပညာ၊ နည်းပညာကို ခေတ်နှင့်အညီ ညှိနိုင်ရန် လိုအပ်နေပြီ ဖြစ်သည်"**

# ကျောက်ဆည်မြို့၌ မြေအောက်ရေဖြင့် စိုက်ပျိုးထားသည့် နဂါးမောက်ပင်များအောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်တောင်းကျေးရွာတွင် မြေအောက်ရေဖြင့် စိုက်ပျိုးထားသော နဂါးမောက်ပင်များ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုအခါ နဂါးမောက်ပင်များကို နိုင်ငံအနှံ့နေရာ အများအပြားတွင် စိုက်ပျိုးလာကြပြီး အဖြူ၊ အဝါ၊ အနီဟူ၍ သုံး မျိုးရှိကြောင်းနှင့် ဦးစံမြင့် စိုက်ပျိုးထားသည့် နဂါးမောက်မျိုးသည် အနီမျိုးဖြစ်ပြီး အပင် ၂၀၀၀ စိုက်ပျိုးထားကြောင်း စိုက်ပျိုးစရိတ်အနေဖြင့် မျိုးပင်၊ စိုက်ပျိုးခ၊ ကွန်ကရစ်တိုင်နှင့် ငြမ်းများ အပါအဝင် ငွေကျပ် ၂၂၅ သိန်း ကုန်ကျကြောင်း သိရသည်။

နဂါးမောက်ပင် စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ခြောက်ပေ၊ တစ်တန်းနှင့် တစ်တန်း ခုနစ်ပေအကွာ၊ အကျယ် နှစ်ပေ၊ အနက် နှစ်ပေ မြေကျင်းများတူးပြီး သဘာဝမြေဆွေးများ ထည့်ပေးရကာ အစိုဓာတ်ရရှိအောင် ရေများဖျန်းပေးရကြောင်း၊ မြေအနေအထား စိတ်ကြိုက်ရပြီးဆိုပါက အပင်များစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး သုံးလအကြာတွင် အပင်ခြေများတွင် အာမိုမြေဩဇာနှင့် တီစူပါမြေဩဇာများကို လက်တစ်ဆုပ်ခန့် ဖြူးပေးရကြောင်း နဂါးမောက်ပင်သည် ရေကြိုက်သဖြင့် မြေအစိုဓာတ် မပြတ်စေရန် ရေသွင်းပေးရကြောင်း ရေပေးရာတွင်လည်း ရာသီဥတုအလိုက် အကိုင်းအခက်များကိုပါ ဖျန်းပေးမှသာ အပင်ဖြစ်ထွန်းမှု ပိုမို ကောင်းမွန်ကြောင်း တောင်သူ ဦးစံမြင့်က ပြောသည်။

နဂါးမောက်ပင် ဖြစ်ထွန်းမှုကောင်းပါက အပင်သက်တမ်း တစ်နှစ်အရွယ်တွင် ခူးဆွတ်ရောင်းချရကြောင်း၊ ခူးဆွတ် ရောင်းချချိန် ငါးလခန့်အထိ ကြာမြင့်ပြီး ရောင်းဈေးအနေဖြင့် ဂျပ်ဖာတစ်ဖာတွင် ငွေကျပ် တစ်သောင်းနှစ်ထောင်မှ တစ်သောင်း ငါးထောင်အထိ ဈေးအမျိုးမျိုး ရောင်းချရကြောင်း၊ ဂျပ်ဖာ တစ်ဖာတွင် နဂါးမောက်သီး အလုံးကြီးပါက ၂၈ လုံး၊ အလုံးသေးပါက ၃၂ လုံး ဝင်ဆံ့ကြောင်း သိရပြီး အပင် အပြုအစုကောင်းပါက အပင်သက်တမ်း ၁၇ နှစ်အထိ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

သက်မောင်

(ကျောက်ဆည်)





## မန္တလေးခရိုင်အတွင်းရှိ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးခရိုင်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ဆရာတော်ကြီးများအား သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့က အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ် (စီမံ) ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကောသလ္လ အမှူးပြုသော ခရိုင်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ)ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများ ဟောကြားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်ကို တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က နာယူကြည်ညိုကြကာ သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ) ဆရာတော်ထံမှ အနုမောဒနာတရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မကွေးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများလှူဒါန်း

**မကွေး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့က မကွေးမြို့ မဟာဝိသုတာရာမ စာသင်တိုက်၌ မကွေးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားကို ဆရာတော်ကြီးများနှင့် တက်ရောက်လာသည့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကေလာသ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော မေတ္တာသုတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားရာ ဆရာတော်ကြီးများက ဩဝါဒကထာ ပြန်လည်ချီးမြှင့်သည်။

ထို့နောက် မြသလွန်ဩဝါဒါစရိယဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တစိန္တာသာရ ဆရာတော်ကြီးထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာယူကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီဈေး မကောင်းခဲ့သော်လည်း ပြန်စိုက်ချိန်တွင် စရိတ်စကကြီးစွာ စိုက်ပျိုးရ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ၊ ပုပ္ပားမြောက်ဘက် စိတ္တိန်းအုပ်စုကျေးရွာများ၊ ကျောက်ပန်းတောင်း တောင်ဘက်အကျဆုံး ရေဆုံးအုပ်စုကျေးရွာများသည် ဆောင်းကြက်သွန်နီ ခေါ် လှောင်ကြက်သွန်နီအများအပြား စိုက်ပျိုးသည့် ကျေးရွာများဖြစ်ကြကာ မနှစ်က စိုက်ပျိုးသည့် ဆောင်းကြက်သွန်ဈေးနှုန်းစိုက်စရိတ် မကာမိအောင် ဈေးနှုန်းကျဆင်းစွာ ရောင်းချခဲ့ရပြီး ယခုနှစ်ပြန်စိုက်ချိန် စရိတ်စက အလွန်ကြီးစွာ စိုက်ပျိုးကြရကြောင်း၊ လဲဂွကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးတင်ထွန်းအောင်ထံက သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လက်ပံအိုင့်၊ လဲဂွ၊ ကုန်းတဲ၊ ညောင်ဖြူပင်၊ ကင်မွန်းခြုံ၊ ညောင်ချိုင်း၊ ညောင်ဖြူပင်၊ မုန့်ကုန်း၊ ဆပ်ပြာကျင်း၊ ပြည့်ဝ၊ မကျီးတိုင်း၊ ကိုင်း၊ ညောင်ပင်သာ၊ စည်ပင်သာ၊ မြိုင်သာယာကျေးရွာများသည်လည်းကောင်း၊ စိတ္တိန်ကျေးရွာအုပ်စု စိတ္တိန်းတောင်၊ စိတ္တိန်းမြောက်ကျေးရွာများ၊ ရေဆုံးကျေးရွာအုပ်စု ရေဆုံးကျေးရွာ၊ စီသာ၊ မလွပင်ကျေးရွာများသည် ဆောင်းကြက်သွန် အမြောက်အမြား စိုက်ပျိုးကြပြီး ဆောင်းကြက်သွန်နီ စတင်ပျိုးထောင်ခြင်းကို သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် ပျိုးထောင်ကြကာ ပျိုး(မျိုး) သက်လေးဆယ့်ငါးရက်ပြည့်လျှင် ကြက်သွန်စိုက်ခင်းထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ရေသွင်းစနစ်ဖြင့် စိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုးကြပြီး မစိုက်ခင်အချိန်ကပင် ကြက်သွန်စိုက်မည့်မြေ ညက်မွတ်နေအောင် ထွန်ယက်ထားရကြောင်း၊ မြေဆီ မြေနှစ် အတွက် ကြိုတင်ကြဲပက်နှပ်ထားကာ မစိုက်မီ အကြိမ်ကြိမ် ထွန်ယက်ထားရပြီး စိုက်မည့်အချိန် မြေဆီနှင့် မြေသား သမပြီးသားဖြစ်နေရမည်ဖြစ်ကြောင်း သိရသည်။



စိုက်ပျိုးပြီး တစ်လခန့်ကြာသည့်အချိန်တွင် ကြက်သွန်ပင်များ စတင်အစာချက်လုပ် ဥ ဥပြီး စိုက်ခင်းအခြေအနေကြည့်ကာ အမြဲဂရုစိုက်နေရကြောင်း သိရသည်။ ရက်ပေါင်းကိုးဆယ်ပြည့်လျှင် ကြက်သွန်ခင်းများ ရေဖျန်းခြင်းရပ်ပြီး ကြက်သွန်မြိတ်အတော်အတန် အခြောက်ခံကာ နုတ်သိမ်းကြသည်ဟု သိရသည်။

ဆောင်းကြက်သွန် တစ်ရာသီစိုက်လျှင် ပျိုးထောင်ချိန်မှ နုတ်သိမ်းချိန်၊ ရောင်းချချိန်အထိ တစ်နှစ်ကျော်ကြာကြောင်း သိရသည်။ ဆောင်းကြက်သွန်တစ်ဧက စိုက်ပျိုးရန် နွားချေးမြေဆွေး ပုဇဉ်းခေါင်းထော်လာဂျီ ငါးစီးထည့်ရကာ ထော်လာဂျီတစ်စီးငွေကျပ် ၃၅၀၀၀ ပေးဝယ်ယူရခြင်း၊ ကြက်ချေး၊ ငုံးချေးတစ်တင်းအိတ်တစ်လုံး ငွေကျပ် ၃၅၀၀ ပေးဝယ်ရကာ တစ်ဧကဆယ့်ငါးအိတ် ထည့်ရခြင်း၊ ယာထွန်စက်တစ်နာရီ ငွေကျပ် ၂၂၀၀၀ ပေးရကာ ငါးနာရီထွန်ယက်ရခြင်း၊ နွားရှဉ်းတစ်မနက် ငွေကျပ် ၈၀၀၀၊ ကြက်သွန်ပျိုးနုတ်ခ အမျိုးသားတစ်နေ့လျှင် ငွေကျပ် ၁၀၀၀၀ ၊ ကြက်သွန်စိုက်ခ အမျိုးသမီးတစ်နေ့လျှင် ငွေကျပ် ၅၀၀၀၊ အမျိုးသမီးသုံးဆယ်ခန့် စိုက်ပျိုးရကြောင်း သိရသည်။ နှမ်းဖတ်၊ ပဲဖတ်၊ စက်ဆီဖိုး၊ ကြက်သွန်ပေါ်ချိန် နုတ်သိမ်းခ၊ ကြက်သွန်လှောင်စင်ပေါ်ရောက်ချိန်အထိ ကြက်သွန်တစ်ဧက စိုက်ပျိုးစရိတ် ငွေကျပ် ၂၂ သိန်းခန့် ကုန်ကျကြောင်း၊ ယခုနှစ်တွင် ဆောင်းကြက်သွန်စိုက်တောင်သူတိုင်း အရှုံးဖြင့် ရင်ဆိုင်ခဲ့ရပြီး ယခုနှစ် စိုက်ပျိုးချိန်တွင်လည်း တစ်မိုးကောင်း တစ်ချောင်း စီး မျှော်လင့်ပြီး ကြက်မောက်တောင်ချောင်း တစ်ပြင်လုံး စိုက်ပျိုးနေကြကာ ကြက်သွန်ဈေးနှုန်းများ မနှစ်ကလို ကမောက်ကမ မဖြစ်ဖို့ ကြက်သွန်စိုက်တောင်သူများ မျှော်လင့်နေကြကြောင်း မုန့်ကုန်းကျေးရွာ ကြက်သွန်စိုက် တောင်သူ ဦးနန်းတင်က ရှင်းပြသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## မအိီမြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက်ကလေးများကို ထောက်ပံ့ကြေးပေးအပ်

**မအီ ဖေဖော်ဝါရီ ၁၉**

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ် ထောက်ပံ့ကြေးအဖြစ် ငွေကြေးထောက်ပံ့ပေးခြင်းကို ယမန်နေ့က မအီမြို့ အမှတ်(၄)ရပ်ကွက်(ပြင်ဝန်း)၌ ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ငွေကြေးထောက်ပံ့ပေးအပ်ရာတွင် သက်ဆိုင်ရာကျန်းမာရေး ဦးစီးဌာန၏ မိခင်နှင့်ကလေးကျန်းမာရေးစာအုပ် (သို့မဟုတ်) သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်နှင့် မှတ်ပုံတင်မိတ္တူလိုအပ်ကြောင်း၊ မွေးဖွားပြီး အသက်နှစ်နှစ်အောက်ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးအပ်ရာတွင် သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဦးစီးဌာနတို့၏ အရှင်မွေးလက်မှတ်စာရင်းနှင့် မှန်ကန်သည့် ပုံမှန်ကာကွယ်ဆေးတိုက်၊ ဆေးထိုးပြီးအခြေအနေပြဇယားတို့ လိုအပ်ကြောင်း၊ ထောက်ပံ့ငွေကြေးများအနေဖြင့် ငွေကျပ် ၄၅၀၀၀/ ၃၀၀၀၀/ ၁၅၀၀၀ စသည့် လအလိုက်အသီးသီး သတ်မှတ်နှုန်းထားများရှိကြောင်း၊ အမှတ်(၄)ရပ်ကွက်(ပြင်ဝန်း)အနေဖြင့် ယခုပထမသုံးလပတ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ် စုစုပေါင်း ၁၂၆ ဦးတို့ကို ထောက်ပံ့ပေးအပ်ကြောင်း၊ မအီမြို့ပေါ်ရပ်ကွက် အမှတ်(၁)၊(၂)၊ (၃)ရပ်ကွက်များတွင်လည်း အလားတူ ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က ပြောသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# အပြုံးမပျက် ရုံးတက်

အို...

အစ်ကိုအစ်မ ၊ မောင်ညီမတို့
အလှကိုယ်စီ ၊ ဂုဏ်ကိုယ်စီနှင့်
တည်နေမချို့ ၊ ကျွန်ုပ်တို့လည်း
ကိုယ့်ပြည်သူများ ၊ ချစ်သောအားဖြင့်
အပြုံးများဆက်ညီ ၊ ရုံးတက်မည်လေ
ခိုင်ကျည်မြဲသော လက်များဖြင့်...။

မေသဲပိုင်











ဖေဖော်ဝါရီ ၁၉ ရက်က ရုံးတက်လာသော ဝန်ထမ်းများအား တင်ဆောင်သည့် ဖယ်ရီကားများကို တွေ့ရစဉ်။

# အပြုံးမပျက် ရုံးတက်













ဖေဖော်ဝါရီ ၁၉ ရက်က ရုံးဆင်းလာသော ဝန်ထမ်းများအား တင်ဆောင်သည့် ဖယ်ရီကားများကို တွေ့ရစဉ်။

# အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်ကို တွန်းမပို့ပါနဲ့ ...

ကိုလူလှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးလိုက်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ရပ်ဆိုင်းသွားပြီ ဖြစ်သည်။

**စင်ပြိုင်အစိုးရပုံစံ လုပ်ကိုင်**

ထို့ကြောင့် လွှတ်တော်များသည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း လက်ရှိအခြေအနေ၌ တရားဝင်မှု၊ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ ရှိတော့မည်မဟုတ်ပေ။ သို့သော် ယခင်လွှတ်တော်ကိုယ်စားလှယ်အချို့သည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH ဟူ၍ တရားမဝင် အဖွဲ့အစည်းတစ်ခုဖွဲ့စည်းပြီး သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များထုတ်ပြန်ကာ စင်ပြိုင်အစိုးရပုံစံ လုပ်ကိုင်နေသည်ကို တွေ့ရပါသည်။ လွဲမှားသော စွန့်စားမှုပေလော။ အန္တရာယ်များသော ဖောက်ဖျက်ကျူးလွန်မှု ဖြစ်ကြောင်း ဥပဒေပြုခဲ့ကြသူများကိုယ်တိုင် ဥပဒေကို မလေးစားခြင်းပေလော။

CRPH ၏ ဖေဖော်ဝါရီလ ၉ ရက်နေ့က ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် (၂/၂၀၂၁)တွင် "Civil Disobedience Movement နိုင်ငံသားများ၏ ငြိမ်းချမ်းစွာဖြင့် မတရားသည့်အမိန့်အာဏာ ဖီဆန်ရေးလှုပ်ရှားမှု" ဟူသော လတ်တလောဖြစ်ပေါ်နေသည့် ဆန့်ကျင်ဆန္ဒပြဖြစ်စဉ်များကို ပိုမိုကြီးထွားလာအောင် လှုံ့ဆော်စာကို လူမှုကွန်ရက်စာမျက်နှာများပေါ်မှ ဖြန့်ဝေခဲ့သည်ကို တွေ့ရပါသည်။ CRPH သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ ပြည်သူလူထု ဆူပူအုံကြွမှုမြင့်မားလာနိုင်သည့် အာဏာဖီဆန်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လာသည့်သဘော တွေ့မြင်ရပါသည်။ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်စေနိုင်သောလမ်းကြောင်းဆီသို့ ဆွဲခေါ်လိုသလော။ မေးခွန်းထုတ်သောသူများ ရှိလာကြလေသည်။

CRPH သည် "တရားမဝင်အာဏာသိမ်း စစ်အစိုးရလက်အောက်တွင် ဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများ အလုပ်မထွက်၊ ရုံးမတက်ဘဲ Civil Disobedience Movement တွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြရန်" လှုံ့ဆော်ထားပြီး Civil Disobedience Movement တွင် ပါဝင်မှုကြောင့် ပြည်သူ့ဝန်ထမ်းများ၏ နေရေး၊ စားရေးအခက်အခဲများကို ကူညီဖြေရှင်းနိုင်ရန် အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ကူညီသွားမည်ဟု စည်းရုံးမှု ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ဖြစ်စဉ်သည် ဥပဒေနှင့်အညီသာ အာဏာလွှဲပြောင်းပေးခြင်း ဖြစ်သည်။ နိုင်ငံတော်၏ အရေးပေါ်အခြေအနေအရ သက်ဆိုင်ရာက ဥပဒေအရ တာဝန်ပေးအပ်ခံထားရသည့်အတိုင်း သွေးတစ်စက်မှမကျစေရ၊ သေနတ်တစ်ချက်မှ မဖောက်ရဘဲ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နေကြောင်း ပြည်သူအပေါင်းက နားလည်သိမြင်ကြပြီး ဖြစ်ပေသည်။

**တွန်းပို့လိုက်ခြင်းဖြစ်**

CRPH ၏ "Civil Disobedience Movement နိုင်ငံသားများ၏ ငြိမ်းချမ်းစွာဖြင့် မတရားသည့်အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှု" ခေါင်းစဉ်တပ် လှုံ့ဆော်မှုသည် ရိုးသားသော ပြည်သူပြည်သားများကို လမ်းပေါ်ထွက်၍ ဆူပူအုံကြွမှုများဖြစ်ပေါ်လာအောင်၊ အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် တမင်ဖန်တီးနေခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် တိုင်းပြည်အား အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းပို့လိုက်ခြင်း ဖြစ်သည်။ ထိုသို့ တွန်းပို့ခဲ့သောကြောင့်လည်း ဝန်ထမ်းမဟုတ်သော ပြည်သူအချို့သည် အဓိကကျသော ဌာနအဖွဲ့အစည်း၊ ရုံးဌာနများသို့ နေ့စဉ်သွားရောက်ပိတ်ဆို့ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှု၍ ရိုးသားစွာတာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို စိတ်အနှောင့်အယှက်ဖြစ်စေရန်၊ စိတ်အပြောင်းအလဲဖြစ်စေရန်၊ စိတ်ဓာတ်ကျဆင်းစေရန် လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။

တိုင်းပြည်အုပ်ချုပ်ရေး အပြောင်းအလဲဖြစ်ရာတွင် ထိုကဲ့သို့သော လုပ်နည်းလုပ်ဟန်သည် အစိုးရတစ်ရပ်ပြုတ်ကျရေးအတွက် နည်းဗျူဟာသစ်တစ်ခုဟု သူတို့ဘာသာယူဆပြီး ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်ပေးကာ ဝန်ထမ်းများအား သွေးဆောင်စည်းရုံးမှုများ ပြုလုပ်လာကြသည်။ ထိုကဲ့သို့သောဖြစ်စဉ်သည် ၁၉၈၈ ခုနှစ် ဆူပူအုံကြွမှုအရေးအခင်းကာလတွင် ပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုစဉ်က စက်ရုံ၊ အလုပ်ရုံ၊ ရုံးလုပ်ငန်း၊ အဖွဲ့အစည်းများ ရပ်ဆိုင်းသွားသောကာလဖြစ်ပြီး နိုင်ငံရေးခံယူချက်ရှိသော၊ ဗကပ၏ ဝါဒမှိုင်းမိနေသော၊ ပယောဂတချို့ ပူးကပ်နေသော ဝန်ထမ်းအချို့မှာ လူထုဆန္ဒပြမှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြပါသည်။ အချို့ဝန်ထမ်းများမှာ ဆူပူဆန္ဒပြမှုတွင် ပါဝင်လိုခြင်း၊ နိုင်ငံရေးတွင် စိတ်ဝင်စားခြင်းမရှိ၍ ပါဝင်ခဲ့ခြင်းမရှိပေ။

> **တစ်တိုင်းပြည်လုံးလိုလို ဆူပူဆန္ဒပြခဲ့ကြသည့် ၁၉၈၈ ခုနှစ် ဖြစ်စဉ်နှင့် ယခု ၂၀၂၁ ဖြစ်စဉ်မှာ ကွဲပြားခြားနားပါသည်။ ၁၉၈၈ ခုနှစ်ဖြစ်စဉ်မှာ ထိုစဉ်က တစ်တိုင်းပြည်လုံး အထွေထွေအကျပ်အတည်းဖြစ်ပေါ်မှုကို အကြောင်းပြု၍ နိုင်ငံရေးပယောဂမျိုးစုံ ပူးကပ်ပြီး တိုင်းပြည်အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်မတည်ငြိမ်၊ ယိုယွင်းခြင်းကြောင့် ဖရိုဖရဲဖြစ်ခဲ့ရပြီး ဝန်ထမ်းများဆန္ဒပြမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်း၊ ယိုယွင်းရာ ယိုယွင်းကြောင်း လုပ်ဆောင်မှုများသည် မည်သည့်နည်းနှင့်မျှ ကောင်းသောလုပ်ဆောင်မှု မဟုတ်ပါ။ အောင်မြင်သောလှုပ်ရှားမှုလည်း ဖြစ်မလာနိုင်ပါ**

တစ်တိုင်းပြည်လုံးလိုလို ဆူပူဆန္ဒပြခဲ့ကြသည့် ၁၉၈၈ ခုနှစ် ဖြစ်စဉ်နှင့် ယခု ၂၀၂၁ ဖြစ်စဉ်မှာ ကွဲပြားခြားနားပါသည်။ ၁၉၈၈ ခုနှစ်ဖြစ်စဉ်မှာ ထိုစဉ်က တစ်တိုင်းပြည်လုံး အထွေထွေအကျပ်အတည်းဖြစ်ပေါ်မှုကို အကြောင်းပြု၍ နိုင်ငံရေးပယောဂမျိုးစုံပူးကပ်ပြီး တိုင်းပြည်အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ တိုင်းပြည်မတည်ငြိမ်၊ ယိုယွင်းခြင်းကြောင့် ဖရိုဖရဲဖြစ်ခဲ့ရပြီး ဝန်ထမ်းများဆန္ဒပြမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်း၊ ယိုယွင်းရာ ယိုယွင်းကြောင်း လုပ်ဆောင်မှုများသည် မည်သည့်နည်းနှင့်မျှ ကောင်းသောလုပ်ဆောင်မှု မဟုတ်ပါ။ အောင်မြင်သောလှုပ်ရှားမှုလည်း ဖြစ်မလာနိုင်ပါ။

**အချိန်ကိုက်ဖြစ်ပေါ်စေရန် ဖန်တီး**

"Civil Disobedience Movement" အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် အလားတူသောဖြစ်စဉ်မျိုးကို နိုင်ငံရေးပယောဂမျိုးစုံ ပူးကပ်ခဲ့သည့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလက ဖြစ်ပေါ်ခဲ့သလို ၁၉၈၈ ခုနှစ် အရေးအခင်းပြီးသောကာလတွင်လည်း ဖြစ်ပေါ်ခဲ့ပါသည်။ ထို့အပြင် ၁၉၈၉ ခုနှစ် ဧပြီလမှစတင်၍ ဩဂုတ်လအထိ ထိုကာလက အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်ရေးကို နည်းမျိုးစုံဖြင့် ဖန်တီးစည်းရုံးလှုပ်ရှားခဲ့ကြပြီး ဆန့်ကျင်စာဖြန့်ဝေမှုနှင့် ကျောင်းသားသမဂ္ဂအမည်ခံလျက် ဆူပူလှုပ်ရှားမှုများကို အချိန်ကိုက်ဖြစ်ပေါ်စေရန် ဖန်တီးခဲ့ကြသည်ကို လေ့လာကြည့်လျှင် သိနိုင်ပါသည်။

ထိုသို့ဖြစ်ပေါ်နေသောအချိန်တွင် ၁၉၈၉ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ လွှတ်တော်ကို တရားမဝင်ခေါ်ယူရေးနှင့် ယင်းတောင်းဆိုချက်ကို ထောက်ခံသည့်ဆူပူအုံကြွမှုများဖြစ်လာစေရန် စည်းရုံးလှုပ်ရှားသောခြေလှမ်းများ၊ လှုံ့ဆော်မှုအမျိုးမျိုးတို့ဖြင့် အားစမ်းမှုများပြုလုပ်ခဲ့သည်။ ထို့အပြင် ဆန့်ကျင်လှုံ့ဆော်စာများ ဖြန့်ဝေခြင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများသို့ လှုံ့ဆော်စာများ စာတိုက်မှပေးပို့ခြင်း၊ တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ကြပြီး တစ်ချိန်တည်းတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် အချိန်ကိုက်ချိတ်ဆက်လှုပ်ရှားကာ တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်ခဲ့ကြဖူးသည်။ ဤလှုပ်ရှားမှုများကို မည်သည့်နိုင်ငံရေးအဖွဲ့အစည်းက ပြုလုပ်ခဲ့သည်ကိုလည်း သိရှိနိုင်မည် ဖြစ်သည်။

**အပြုံးမပျက် ရုံးတက်**

ယနေ့အချိန်အခါတွင်လည်း CRPH သည် အလားတူလှုပ်ရှားမှုများအား ပြုလုပ်လာသည်ကို တွေ့ရပါသည်။ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်အတွက် ရုံးမတက်နှင့် ရုန်းထွက်ဟူသည့် လှုံ့ဆော်မှုများ ပြုလုပ်ပေးခဲ့သည်။ စိတ်ခံစားချက်အခံရှိသော ဝန်ထမ်းငယ်အချို့နှင့် စည်းရုံးခြင်းခံရသော ဝန်ထမ်းငယ်အချို့ CDM လှုပ်ရှားမှုတွင် ပါဝင်လာခဲ့ကြသည်။ ဆက်လက်၍ CDM လှုပ်ရှားမှုများကို နေ့စဉ် တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိကာ ရိုးသားစွာတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ စိတ်ဓာတ်ယိမ်းယိုင်သွားစေရန်အတွက် လေထဲတွင် အရုပ်ရေးသည့် မက်လုံးအမျိုးမျိုးပေးကာ စည်းရုံးနေကြသည်ကိုလည်း တွေ့ရပါသည်။ နိုင်ငံ့ဝန်ထမ်းအများစုကား အပြုံးမပျက် ရုံးတက်လျက် ရှိနေကြပေသည်။

၂၀၂၁ ခုနှစ် လူထုဆန္ဒပြမှုများသည် ယခင့်ယခင်က အကောင်အထည်ဖော်ခဲ့သည့် အမိန့်ဟူသမျှဖီဆန်ကြဟူသော ထိပ်တိုက်ရင်ဆိုင်လှုပ်ရှားမှုနှင့် အလားတူပင်ဖြစ်သည်။ ယင်းတို့ကို CRPH ကပင် လှုံ့ဆော်လှုပ်ရှားနေပေသည်။ လက်ရှိတွင် ပြည်သူအချို့သာ လမ်းပေါ်ထွက်လှုပ်ရှားဆန္ဒပြနေကြသည်။ ထိပ်တိုက်ဖြစ်ပေါ်လာသမျှကို ရင်ဆိုင်နေကြသည်။ ယခင်ကျင့်သုံးနေကျ အာဏာဖီဆန်ရေးလမ်းကြောင်းကဲ့သို့ပင် ထိုလမ်းကြောင်းပေါ်မှ တစ်ဆင့် လူထုအုံကြွမှုကြီးဖြစ်လာအောင်၊ လူထုတော်လှန်ရေးဖြစ်လာအောင် တွန်းပို့နေကြသည်။ လူထုလှုပ်ရှားမှုဖြစ်လာသည်ဟု မြင်စေသည့် ဝန်းရံသောနည်းသည် သူတို့၏ လက်သုံးဖြစ်သည်။ မသိနားမလည်သော ဘုစုခရုကလေးသူငယ်များအထိ ဆွဲခေါ်လာကြသည်။

အာဏာဖီဆန်ရေးနည်းလမ်းသည် စင်ပြိုင်အစိုးရဟု မြင်လာအောင် တမင်ဖန်တီးနေခြင်း ဖြစ်သည်။ ဒီမိုကရေစီသဘောဆန္ဒအရလည်းကောင်း၊ လူ့အခွင့်အရေး သဘောတရားအရလည်းကောင်း မတူကွဲပြားသောလူတန်းစားအားလုံးကို ကိုယ်စားပြုသည့် သဘောဆန္ဒ သို့မဟုတ် ခေါင်းဆောင်ဖြစ်သင့်သည်။ ငါတို့နှင့်မတူ ငါတို့ရန်သူဟူသော အားနည်းသောလူများအပေါ် အားများသော လူများဖြင့် ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်း၊ ထိပ်တိုက်တွေ့ခြင်း၊ ထင်ရာစိုင်းခြင်းသည် ဒီမိုကရေစီမဟုတ်ပေ။ အကြမ်းဖက်ဝါဒသာ ဖြစ်မည်။ သို့ဖြစ်ရာ ရိုးသားသော၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူတို့ကို အလုံးစုံပျက်သုဉ်းရေး လမ်းကြောင်းပေါ်သို့ တစ်ပါတီအာဏာချုပ်ကိုင်နိုင်ရေး ဦးတည်ချက်တစ်ရပ်ဖြင့် အန္တရာယ်ကို ဖိတ်ခေါ်ကာ တွန်းမပို့ပါနှင့်ဟု မေတ္တာရပ်ခံအပ်ပါသည်။ ။

## ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ပန်းတနော် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၂၆၀၀၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် ကျေးရွာ ၂၆ ရွာမှာ လိမ်ကုန်း၊ ခနော်၊ နတ်ချောင်း၊ အင်းတကော၊ သရက်နှစ်ပင်၊ လေ့ဆွဲ၊ မရမ်း၊ ရေပေါ်ကုန်းတန်း၊ ဂျို့ကုန်းစု၊ ဆင်ဂေါင်း၊ ပျဉ်းမချောင်း၊ ကတောက်ဆပ်(အနောက်)၊ တော်ကွဲကြီး၊ ရွာသစ်ကုန်း(အရှေ့)၊ ကျုံတိုင်းကြီး၊ ဂျိုးအိုင်၊ ကုန်းတန်းကြီး၊ ရေကျော်၊ မဿမံ၊ ကြံတောစု၊ ရေပေါ်ရေလဲ၊ ကုလားမချောင်၊ ရုံးတောအနောက်စု၊ ပေပင်ဆယ့်နှစ်ရွာ၊ ခတ္တိယ၊ ကညင်ကူ ကျေးရွာများဖြစ်ပြီး ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မီးရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ရွာသူ ရွာသားများကိုယ်တိုင် ဖေဖော်ဝါရီ ဒုတိယပတ်ကစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာနိုင်က ပြောသည်။

ငြိမ်းသူ


## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ပွင့်ဖြူမြို့နယ်မှ ကျေးရွာများ ကမ်းပြိုကာကွယ်ရေးအတွက် ဗာတီဗာမြက်များ စိုက်ပျိုးပေးသွားမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနသည် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရေတိုက်စားမှုကြောင့် မြစ်၊ ချောင်းများဘေးမှ ကျေးရွာများတွင် ကြုံတွေ့ရလေ့ရှိသည့် ကမ်းပြိုကျမှု အန္တရာယ်များ လျော့နည်းသက်သာစေရေးအတွက် ရည်ရွယ်လျက် လာမည့် မိုးရာသီအတွင်း ဗာတီဗာမြက် ပျိုးပင် ၆၀၀၀ ကို စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေနဲ့ လာမယ့် မိုးရာသီမှာ မြို့နယ်အတွင်းက ရောဝတီမြစ်နဲ့ မုန်းချောင်းဘေးက ကျေးရွာတွေမှာ ရေတိုက်စားမှုကြောင့်ကြုံတွေ့ရတဲ့ ကမ်းပြိုအန္တရာယ် လျော့နည်းသက်သာစေရေးအတွက် မြစ်/ချောင်း ကမ်းပြိုကျမှုကာကွယ်ရေးစီမံချက် အရ ဗာတီဗာမြက် ပျိုးပင်ပေါင်း ၆၀၀၀ စိုက်ပျိုးသွားဖို့ အခုကတည်းက ဗာတီဗာမြက်ပျိုးပင်များကို စတင် ပြုစုပျိုးထောင်နေပြီဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းတွေမှာ ပြည်သူတွေ ပူးပေါင်းပါဝင် ဆောင်ရွက်တဲ့ အလေ့အကျင့်တွေ ရရှိလာအောင် ဗာတီဗာမြက်များ စိုက်ပျိုးရာမှာ ကျေးရွာနေပြည်သူတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး စိုက်ပျိုးနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် မိုးရာသီကလည်း ကမ်းပြိုကာကွယ်ရေးအတွက် ဗာတီဗာမြက်စိုက်ပျိုးခြင်းကို ကျေးရွာခြောက်ရွာမှာ ဆောင်ရွက်ခဲ့ပြီး ပျိုးပင်ပေါင်း ၂၀၀၀ စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မော်က ပြောကြားသည်။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောသစ်ပင်များ ပြုန်းတီးမှုကြောင့် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲလာမှု ဂေဟစနစ်ကို မျှတကောင်းမွန်အောင် ထိန်းညှိပေးနိုင်ရေးအတွက် ရှား၊ ယူကလစ်၊ ကျွန်း၊ ဝါး၊ တမာ၊ မန်ကျည်း၊ ရေတမာ၊ ကံ့ကော်၊ မယ်ဇလီ စသည့် သစ်ပင်မျိုးစုံ အရိပ်ရ ပျိုးပင်များကို ဘဏ္ဍာရေးနှစ်အလိုက် ပြုစုပျိုးထောင်၍ နှစ်စဉ် မိုးရာသီကာလများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ ကြိုးဝိုင်းသစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်းနှင့် တစ်အုပ်တစ်မ စိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် လူထုဖြန့်အနေဖြင့် အရိပ်ရသစ်ပင်မျိုးစုံ ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးခြင်းနှင့် မိုးရာသီကာလများတွင် ရောဝတီမြစ်နှင့် မုန်းချောင်း အနီးမှ ကျေးရွာများတွင် ကမ်းပြိုကျမှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ဗာတီဗာမြက် ပျိုးပင်များကို ပြုစုပျိုးထောင်၍ မြစ်/ချောင်း ကမ်းပြိုကျမှု ကာကွယ်ရေး စီမံချက်ဖြင့် ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းစိုက်ပျိုးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



သစ်တောဦးစီးဌာနက ပျိုးထောင်ထားသော ဗာတီဗာမြက် ပျိုးပင်များ

## လှိုင်းဘွဲ့မြို့နယ်၌ ဂန္ဓမာပန်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် ဒေသခံတောင်သူများ ပုံမှန်ဝင်ငွေများ ရရှိနေ

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ဒေသခံတောင်သူများအနေဖြင့် ဂန္ဓမာပန်းများကို မိမိတို့ခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် ပုံမှန်ဝင်ငွေများ ရရှိနေကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့ (က)ရပ်ကွက် အောင်မြင်သာယာကွင်းမှ ပန်းစိုက်တောင်သူ ဦးနာဂိတ်က ၎င်း၏စိုက်ခင်းတွင် ပင်စိမ်း၊ ကိုရီးယား၊ လဂီး၊ မြနှင်းဖြူ၊ စံပယ်ဖြူ စသည့် ဂန္ဓမာပန်း အမျိုးအစားများကို ပျိုးပေါင် တစ်ပေါင်လျှင် အပင်ပေါင်း ၇၀၀၀ နှုန်းဖြင့် စုစုပေါင်းပန်းပင် ၁၁၂၀၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ ဂန္ဓမာပန်း စိုက်ပျိုးရာတွင် စတင်စိုက်ပျိုးချိန်မှ အချိန် သုံးလကျော်ကြာ စိုက်ပျိုးရမည်ဖြစ်ပြီး ပန်းပွင့်ချိန်တွင် တစ်ပင်လျှင် ကျပ် ၃၀၀၊ ဖောက်သည် ပန်းရောင်းသူများကို ငါးပင် တစ်စည်းလျှင် တစ်ထောင်ကျပ်နှုန်းဖြင့် ရောင်းချရကြောင်း၊ တစ်နှစ်လျှင် ပန်းရောင်းရငွေ အနည်းဆုံး ကျပ်သိန်း ၃၀ မှ သိန်း ၅၀ ခန့် ရရှိသည့်အတွက် မိသားစုအတွက် အပိုဝင်ငွေများရရှိပြီး အဆင်ပြေလျက်ရှိကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## တွံတေးမြို့မှ ရွှေဆံတော်စေတီတော်မြတ်ကြီးကို ပြန်လည်ဖူးမြော်ခွင့်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူအများ ဖူးမြော်ကြည်ညိုခွင့် ခေတ္တယာယီပိတ်ထားခဲ့သည့် တွံတေးမြို့နယ်မှ ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရှေးဟောင်း သမိုင်းဝင် ဆုတောင်းပြည့် ရွှေဆံတော် စေတီတော်မြတ်ကြီးကို ယခုအခါ ပြည်သူအများ ပြန်လည်ဖူးမြော်ကြည်ညိုခွင့် ပြုထားပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ဧပြီလမှ စတင်၍ ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ကြည်ညိုခွင့်ကို ခေတ္တယာယီ ပိတ်ထားခဲ့ရာမှ တစ်နှစ်နီးပါးအကြာ ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖူးမြော်ခွင့် ပြုထားခြင်းဖြစ်သည်။



ရွှေဆံတော်စေတီတော်မြတ်ကြီးကို ပြန်လည်ဖူးမြော်ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သတ်၍ "ဘုရားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်တွေနဲ့အညီ ပြန်လည် ဖူးမြော်ခွင့်ပြုလိုက်ပါပြီ။ လာရောက်ပြီး ဘုရားဖူးကြသူတွေကလည်း သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေအတိုင်း လိုက်နာရပါမယ်" ဟု စေတီတော်ဂေါပကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

လက်ရှိအချိန်တွင် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ တက်ရောက်ဖူးမြော်နိုင်ရန် အရှေ့ဘက်စောင်းတန်းမုခ်နှင့် တောင်ဘက်စောင်းတန်းမုခ်တို့ကို ဖွင့်လှစ်ပေးထားပြီး မြောက်ဘက်စောင်းတန်းမုခ်တွင် ပြန်လည်ပြုပြင်မှုများ ပြုလုပ်လျက်ရှိကာ အနောက်ဘက် စောင်းတန်းကိုလည်း ယာယီ အတက်အဆင်း ပိတ်ထားကြောင်း၊ ဘုရားဖူးလာသည့်ပြည်သူများ ပိုမိုများပြားစွာ လာရောက်ဖူးမြော်ပါက တည်ဆောက်ပြုပြင်နေဆဲ မြောက်ဘက်စောင်းတန်းမှလွဲ၍ ကျန်စောင်းတန်းများအားလုံးကို ပြန်လည် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသူများအား စေတီတော်ကြီး၏ လုံခြုံရေးဝန်ထမ်းများက စောင်းတန်းအတက်နှင့် စေတီတော်ရင်ပြင်တွင် ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ရေမလို လက်သန့်ဆေးရည်သုံး၍ လက်ဆေးစေခြင်း၊ နှာခေါင်းစည်း တပ်မလာသူများအား နှာခေါင်းစည်းများ အခမဲ့ပေး၍ တပ်ဆင်စေခြင်းနှင့် ဘုရားဖူးရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်ဖြစ်သည့် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေခွာ၍ ဖူးမြော်ကြည်ညိုကြစေရန် လိုက်လံအသိပေးခြင်းများ ပြုလုပ်လျက်ရှိသည်ဟုလည်း သိရသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးကို နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားကာ စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်ကြသူ အရေအတွက်မှာ ရာဂဏန်းအထိရှိပြီး ရုံးဖွင့်ရက်များတွင်မူ နေ့စဉ် လူဦးရေ ၄၀/၅၀ ခန့် လာရောက်ဖူးမြော်ကြကြောင်း သိရသည်။ ထို့အပြင် တစ်နှစ်နီးပါးကြာမျှ ဖူးမြော်ခွင့် ယာယီ ပိတ်ထားစဉ်အတွင်း စေတီတော်ရင်ပြင်သန့်ရှင်းရေးလုပ်ငန်းများကို စေတီတော်ဂေါပကအဖွဲ့နှင့် ရပ်ကွက်ဝတ်အသင်းတို့ ပူးပေါင်း၍ လုပ်ဆောင်ခဲ့ကြကြောင်းလည်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

## ပခုက္ကူဈေးကွက်သို့ ကမ္မနှင့် မြစ်ခြေနယ်ဘက်မှ မိုးကြက်သွန်နီ ပိဿာချိန် တစ်သိန်းခန့် နေ့စဉ်ဝင်ရောက်နေ

**ပခုက္ကူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ကမ္မ၊ မြစ်ခြေဒေသများဘက်မှထွက်ရှိသည့် မိုးကြက်သွန်နီများ တစ်ရက်လျှင် ပိဿာချိန်တစ်သိန်းခန့်အထိ ဝင်ရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။



ပခုက္ကူမြို့ရှိ ကြက်သွန်ပွဲရုံတစ်ခုရှေ့မှ ကြက်သွန်နီများ

ယခုဝင်ရောက်နေသည့် ကြက်သွန်နီများသည် ဥပြန်စိုက်ကြက်သွန် ခေါ် ဇော်မွှားကြက်သွန်နီများဖြစ်ပြီး မိုးကြက်သွန်နီဟုလည်း ခေါ်ကြကြောင်း၊ ဥပြန်စိုက်ကြက်သွန်နီများကို တန်ဆောင်မုန်းလတွင် အများဆုံး စိုက်ပျိုးကြပြီး အချိန် နှစ်လခွဲခန့်ဖြင့် ကြက်သွန်ပေါ်ကြောင်း၊ ကြက်သွန်စိုက်ပျိုးပြီးနောက် သုံးလေးခါသာ ရေသွင်းရပြီး ဆောင်းကြက်သွန်ခေါ် လှောင်ကြက်သွန်နီများ ရှားပါးချိန်တွင် တူးဖော်ရောင်းချခြင်းဖြင့် ဈေးကောင်းရလေ့ရှိကြောင်း မြစ်ခြေဒေသဘက်မှ မိုးကြက်သွန်စိုက်တောင်သူ ဦးထွန်းမြင့်က ပြောသည်။

ယခုနှစ်တွင်မူ ဥပြန်စိုက်ကြက်သွန်နီများ စတင်ပေါ်ချိန်က တစ်ပိဿာ ကျပ်ငါးရာအထိ ဈေးနှုန်းဖြင့် ရောင်းချခဲ့ရသော်လည်း လက်ရှိအချိန်၌ တစ်ပိဿာလျှင် ကျပ် ၂၃၀ ဝန်းကျင်သာ ဈေးရရှိတော့သဖြင့် တောင်သူများအတွက် မကိုက်တော့ကြောင်း၊ ထို့ကြောင့် အချို့တောင်သူများအနေဖြင့် ကြက်သွန်မှ ရမည့်အမြတ်ဖြင့် တူးဖော်ရသည့် လုပ်အားခကုန်ကျစရိတ် မကိုက်ခြင်းကြောင့် မတူးဖော်တော့ကြောင်းလည်း သိရသည်။

ဥပြန်စိုက်ကြက်သွန်နီများသည် နှစ်လ/ သုံးလခန့်သာ အထားခံပြီး ဆောင်းကြက်သွန်များသည် တစ်နှစ်ပတ်လုံး အထားခံကြောင်း၊ တောင်သူများအနေဖြင့် ဥပြန်စိုက်ကြက်သွန်နီများကို စိုက်ခင်းထဲ၌ မတူးဖော်ဘဲထားရှိကာ ဈေးကောင်းရလျှင် ပြန်လည် တူးဖော်နုတ်ယူ၍ ရောင်းချနိုင်သေးကြောင်း၊ လက်ရှိအချိန်တွင် ဥပြန်စိုက် ကြက်သွန်နီများမှာ တစ်ပိဿာလျှင် ကျပ် ၂၃၀ ခန့်သာ ရရှိပြီး ဈေးကျနေသောကြောင့် ကျေးရွာများမှ တောင်သူများအနေဖြင့် စရိတ်စက မကာမိ၍ တူးဖော်ရောင်းချမှု မပြုကြသေးခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## တံတားဦးမြို့နယ်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**တံတားဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းမှ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

တိုင်းဒေသကြီးဦးစီးမှူးသည် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးခင်မောင်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွဲမှ ပန်းယု(မ)ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ကျေးရွာ စီမံကိန်းကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းခွဲပြီးမြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သော ကျေးရွာသူ၊ ကျေးရွာသားများအား အသိအမှတ်ပြုဂုဏ်ပြုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးသည် ချောင်းခွကျေးရွာကုန်ထုတ်လမ်းတွင် ဒုတိယအလွှာလမ်းခင်းခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်မည့် ဂျင်းခင်းခြင်း၊ ရေပြွန်တပ်ဆင်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ စနစ်ကျရေး၊ လုပ်ငန်းများ မိုးမကျမီ ပြီးစီးနိုင်ရေး စသည်တို့ကို တာဝန်ယူဆောင်ရွက်နေသည့် Hein Unity ကုမ္ပဏီနှင့် ကျေးရွာလမ်းကော်မတီတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# အမှတ်ပေးဇယား ရပ်တည်မှုအရ အများခံလို့ မရတော့တဲ့ လီဗာပူး

■ မိုးဇက် – စုစည်းသည်



ယနေ့ စနေနေ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ချယ်ဆီး၊ လီဗာပူးစသည့်အသင်းကြီးများအပါအဝင် တန်းဆင်းဇုန်အတွင်းက အသင်းအချင်းချင်းတွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ပုံစံကောင်းရရှိနေတဲ့ ချယ်ဆီးအသင်းက ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး လီဗာပူးအသင်းက အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင် ကစားသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ဆောက်သမ်တန် VS ချယ်ဆီး

ပ_ကျော့ရလဒ် ဆောက်သမ်တန် ၃-၃ ချယ်ဆီး

ပရီမီယာလိဂ် ပွဲစဉ် (၂၅) မှ ဆောက်သမ်တန်နဲ့ ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ယနေ့ည ၇ နာရီမှာ ဆောက်သမ်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နောက်ဆုံးခြောက်ပွဲမှာ ငါးပွဲအထိရှုံးနိမ့်ထားတဲ့ ဆောက်သမ်တန်အသင်းရဲ့ ခြေစွမ်းက ကျဆင်းနေတာကို တွေ့ရတယ်။ ပြိုင်ဘက် ချယ်ဆီးအသင်းက နည်းပြသစ် တူချယ်လက်အောက်မှာ ပုံမှန်ခြေစွမ်းပြသထားနိုင်တာ တွေ့ရပြီး နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ငါးပွဲမှာ ငါးပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်အထိ ခြေစွမ်းထက်မြက်နေပါတယ်။ ချယ်ဆီးအသင်းက ယခုပွဲစဉ်ပြီးရင် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရဖို့ရှိတာကြောင့် လူစုံထုတ်ကာ ဆောက်သမ်တန်အသင်းကို ရင်ဆိုင်လာမလား စိတ်ဝင်စားဖွယ်ရာပင်။ ဆောက်သမ်တန်အသင်းက ပြီးခဲ့တဲ့ ဝုဖ်အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး– တစ်ဂိုးနဲ့ရှုံးနိမ့်ထားတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိဖို့ အားစိုက်ကစားလာမှာ သေချာပါတယ်။

## ဘန်လေ VS ဝက်စ်ဘရွန်း

ပ_ကျော့ရလဒ် ဝက်စ်ဘရွန်း ၀-၀ ဘန်လေ

ဘန်လေအသင်းနဲ့ ဝက်စ်ဘရွန်းအသင်းတို့ပွဲစဉ်ကို ယနေ့ည ၉ နာရီခွဲတွင် ဘန်လေအိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒီနှစ်သင်းပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝက်စ်ဘရွန်းအသင်းရဲ့ အိမ်ကွင်းမှာတော့ ဂိုးမရှိသရေကျထားပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာ ဘန်လေအသင်းက ၂၄ ပွဲကစားပြီး ၂၇ မှတ်ဖြင့်နဲ့ တန်းဆင်းဇုန်အထက်နား ရပ်တည်နေပါတယ်။ ဝက်စ်ဘရွန်းအသင်းက ၂၄ ပွဲကစားပြီး ရမှတ် ၁၃ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေပါတယ်။ လက်ရှိခြေစွမ်းအရ ဘန်လေအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့် ချယ်ဆီး၊ မန်စီးတီး၊ ဘရိုက်တန်၊ ဘုန်းမောက်အသင်းတို့နဲ့ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဝက်စ်ဘရွန်းအသင်းရဲ့ ခြေစွမ်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲမှာ နိုင်ပွဲပျောက်ဆုံးထားတာ တွေ့ရတယ်။ တန်းဆင်းဇုန်က ရုန်းထွက်ဖို့ကြိုးစားလာမည့် ဝက်စ်ဘရွန်းအသင်း ရလဒ်ကောင်း ပိုင်ဆိုင်နိုင်ပါတယ်။

| ပရီမီယာလိဂ် ပွဲစဉ် (၂၅ ) | | |
|---|---|---|
| ၂၀-၂-၂၀၂၁ | | (စနေနေ့) |
| ဆောက်သမ်တန် | – ချယ်ဆီး | ည ၇:၀၀ |
| ဘန်လေ | – ဝက်စ်ဘရွန်း | ည ၉:၃၀ |
| လီဗာပူး | – အဲဗာတန် | နံနက် ၀၀:၀၀ |
| ဖူလ်ဟမ် | – ရှက်ဖီးလ် | နံနက် ၂:၃၀ |

## လီဗာပူး VS အဲဗာတန်

ပ_ကျော့ရလဒ် အဲဗာတန် ၂-၂ လီဗာပူး

လီဗာပူးနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်အစောပိုင်းမှာ လီဗာပူးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ လီဗာပူးအသင်းက ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ ချန်ပီယံလိဂ်ပွဲ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ လီဗာပူးအသင်းအနေနဲ့ ဘရိုက်တန်၊ မန်စီးတီး၊ လက်စတာစသည့်အသင်းတွေကို သုံးပွဲဆက် ရှုံးနိမ့်ထားမှုမှ ပြီးခဲ့တဲ့ ချန်ပီယံလိဂ် လိုက်ပ်ဇစ်အသင်းနဲ့ပွဲစဉ်မှာ ချေဖျက်ထားနိုင်ခဲ့ပါတယ်။ သို့သော်လည်း အမှတ်ပေးဇယားရပ်တည်မှုမှာ ၂၄ ပွဲကစားပြီး ရမှတ် ၄၀ နဲ့ အဆင့် (၆) နေရာမှာ ရပ်တည်နေတာကြောင့် ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရရှိအောင် ပြင်ဆင်လာဖွယ်ရှိပါတယ်။ အဲဗာတန်အသင်းကလည်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ ရက်မှာ လက်ကျန်ပွဲအဖြစ် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုး–တစ်ဂိုးနဲ့ရှုံးနိမ့်ထားပါတယ်။ ဒါကြောင့် နောက်ဆုံးနှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ထားရတဲ့ အဲဗာတန်အသင်းအနေနဲ့ လီဗာပူးအသင်းကို ကျော်ဖြတ်သွားနိုင်မလား။

## ဖူလ်ဟမ် VS ရှက်ဖီးလ်

ပ_ကျော့ရလဒ် ရှက်ဖီးလ် ၁-၁ ဖူလ်ဟမ်

ဖူလ်ဟမ်နဲ့ ရှက်ဖီးလ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၂ နာရီခွဲမှာ ဖူလ်ဟမ်အိမ်ကွင်း၌ ကျင်းပသွားမှာဖြစ်ပါတယ်။ တန်းဆင်းဇုန်အတွင်းက နှစ်သင်းဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။ လက်ရှိအမှတ်ပေးဇယားမှာ ဖူလ်ဟမ်အသင်းက ၂၄ ပွဲကစားပြီး ၁၉ မှတ်နဲ့ အဆင့် (၁၈) နေရာမှာ ရပ်တည်နေပါတယ်။ ရှက်ဖီးလ်အသင်းက ၂၄ ပွဲကစားပြီး ၁၁ မှတ်နဲ့ အမှတ်ပေးဇယား အောက်ဆုံးမှာ ရပ်တည်နေပါတယ်။ မည်သို့ပင်ဆိုစေ တန်းဆင်းဇုန်အတွင်းက ရုန်းထွက်ရန် နှစ်သင်းစလုံးကြိုးစားလာမှာဖြစ်တဲ့အတွက် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာပါတယ်။ လက်ရှိဖူလ်ဟမ်အသင်းရဲ့ ခြေစွမ်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၀ ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းထားနိုင်တဲ့အတွက် အားရစရာမရှိပါဘူး။ ရှက်ဖီးလ်အသင်းက နောက်ဆုံးခုနစ်ပွဲမှာ လေးပွဲအထိ နိုင်ပွဲရရှိထားတာကြောင့် ရှက်ဖီးလ်အသင်းရဲ့ရုန်းအားကို စောင့်ကြည့်ရမယ်။

## ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းထားသူများ



| | | |
|---|---|---|
| **ဆာလာ** လီဗာပူး | – | ၁၇ ဂိုး |
| **ဖာနန်ဒက်ဇ်** မန်ယူ | – | ၁၄ ဂိုး |
| **ဟယ်ရီကိန်း** စပါး | – | ၁၃ ဂိုး |
| **ဆွန်ဟောင်မင်** စပါး | – | ၁၃ ဂိုး |
| **ကားဗက်လီဝင်** အဲဗာတန် | – | ၁၃ ဂိုး |

## နောက်ဆုံးရ သတင်းတိုများ

■ အဲဗာတန်အသင်းမှ အသက် ၂၉ နှစ်အရွယ် ကိုလံဘီယာတိုက်စစ်ကစားသမား ဂျိမ်းစ် ရိုဒရီဂွက်ဇ်သည် ပြီးခဲ့သည့် နွေရာသီက ဂွတ်ဒီဆင်ပတ်ခ်သို့ ရောက်ရှိလာခဲ့သော်လည်း အသင်းမှ ထွက်ခွာလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ ချယ်ဆီးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၅ နှစ်အရွယ် ဂျာမနီခံစစ်ကစားသမား ဆူလီကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အခြားသတင်းရင်းမြစ်တစ်ခုတွင် တူချယ်၏ ချယ်ဆီးအသင်းသည် မိုချန်ဂလာဘတ်အသင်းမှ ဂျာမနီ ကွင်းလယ်ကစားသမား ဟုဖ်မန်းကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။ လက်ရှိတွင် ချယ်ဆီးအသင်းသည် နည်းပြသစ် တူချယ် ရောက်ရှိလာပြီးနောက်ပိုင်း ပုံစံကောင်းရရှိနေသည့်အသင်းဖြစ်သည်။



■ အမ်ဘတ်ပီသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာဖြစ်ခဲ့ပါက ရီးရဲမက်ဒရစ်အသင်း သို့မဟုတ် လီဗာပူးအသင်းသို့သာ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၂ နှစ်အရွယ်ရှိ အဆိုပါတိုက်စစ်ကစားသမားသည် ပြီးခဲ့သည့် အင်္ဂါနေ့က ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ပီအက်စ်ဂျီအသင်းက ဘာစီလိုနာ အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်ရယူနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီ လီဂူးဝမ်းတွင် ၂၁ ပွဲကစားပြီး ၁၆ ဂိုးသွင်းယူထားနိုင်ကာ ဂိုးရရှိအောင် ခြောက်ကြိမ် ဖန်တီးပေးနိုင်ကြောင်း သိရသည်။

■ သီယာရီ ဟင်နရီကို လာမည့်သီတင်းပတ်အတွင်း ဘုန်းမောက်အသင်းနည်းပြအဖြစ် အတည်ပြုကြေညာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ ဂျူဗင်တပ်စ်အသင်းသည် အဲဗာတန်အသင်းမှ အီတလီတိုက်စစ်ကစားသမား မွိုက်စ်ကိန်း (၂၀နှစ်) ကို ပြန်လည်ခေါ်ယူဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် လက်ရှိတွင် ပီအက်စ်ဂျီအသင်း၌ အငှားကစားနေသူဖြစ်သည်။ အဲဗာတန်အသင်းသည် မွိုက်စ်ကိန်းကို ၂၀၁၉ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းထံမှ ခေါ်ယူခဲ့သည်။

■ အဲဗာတန်အသင်းသည် နာပိုလီအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ရီးရဲမက်ဒရစ်တောင်ပံကစားသမား ဗက်စ်ကွက်စ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**အောင်**

# အမှတ်ဆက်လက်ဖြတ်ထားနိုင်ဖို့ လီဗန်တေး အနိုင်ယူရမယ့် အေတီမက်


အက်သလက်တီကို မက်ဒရစ်အသင်းနှင့် လီဗန်တေးအသင်းတို့ ပထမအကျော့ ယှဉ်ပြိုင်ကစားစဉ်။

ယနေ့တွင် အသင်းကြီး ရီးရဲမက်ဒရစ်အသင်း၊ အမှတ်ပေးဇယားဦးဆောင်နေသည့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့အပါအဝင် စပိန်လာလီဂါ ပွဲစဉ် (၂၄) မှ ပွဲစဉ်လေးပွဲကို ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပရိသတ်အကြိုက်တွေ့စေမည့်ပွဲစဉ်အဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် လီဗန်တေးအသင်းတို့ရှိနေသည်။ အဆိုပါပွဲစဉ်ကို ယနေ့ည ၉ နာရီ ၄၅ မိနစ်တွင် အက်သလက်တီကိုမက်ဒရစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အေတီမက်အသင်းသည် လာလီဂါတွင် ၂၂ ပွဲကစားပြီး ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ အဆိုပါ ၂၂ ပွဲတွင် နိုင်ပွဲ ၁၇ ပွဲအထိ ရှိထားပြီး ပေးဂိုးက ၁၄ ဂိုးသာရှိသောကြောင့် ယခုနှစ်ရာသီ လာလီဂါတွင် ခံစစ်အကောင်းဆုံးအသင်းဖြစ်သည်။ ဒုတိယနေရာမှ ရီးရဲမက်ဒရစ်အသင်းကို တစ်ပွဲလျော့အနေအထားဖြင့် ခြောက်မှတ်အထိဖြတ်ထားနိုင်သောကြောင့် ဖိအားကင်းကင်းနှင့် လီဗန်တေးအသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ လီဗန်တေးအသင်းက ၂၃ ပွဲကစားပြီး ရမှတ် ၂၈ မှတ်ဖြင့် အဆင့် (၁၁) နေရာတွင် ရပ်တည်နေသည်။ အဆိုပါ နှစ်သင်း ပထမအကျော့ယှဉ်ပြိုင်ကစားစဉ်က တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။ အေတီမက်အသင်းသည် နောက်ဆုံး ခြောက်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ငါးပွဲနိုင်ပြီး တစ်ပွဲ သရေကျထားသည်။ လီဗန်တေးအသင်းက နောက်ဆုံး ၁၀ ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ပုံစံကောင်းရရှိနေသည်။ အေတီမက်အသင်းအနေဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် ချယ်ဆီးအသင်းနှင့် ချန်ပီယံလိဂ် ကစားရန် ရှိသောကြောင့် ယခုပွဲစဉ်ကို လူစုံထုတ်ကာ ရင်ဆိုင်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။ အေတီမက် အသင်းမှ တိုက်စစ်မှူး ဆွာရက်ဇ်သည် လာလီဂါ ၁၉ ပွဲတွင် ၁၆ ဂိုးအထိ သွင်းယူပေးထားသည်။

■ အောင်ဇော် - စုစည်းသည်

*✻ ကျောဖုံးမှ*

**ခံစစ်ပိုင်း အမှားအယွင်း ပြုလုပ်ခဲ့**

မန်ယူအသင်းကို အနိုင်ရရှိရန် ပြင်ဆင်လာသည့် ဆိုစီဒက်အသင်းအနေဖြင့် ပွဲစသည်နှင့်တစ်ပြိုင်နက် ထိုးဖောက်တိုက်စစ်မှုပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ပွဲအစ တစ်မိနစ်မှာပင် ဆိုစီဒက်အသင်း မန်ယူအသင်းနောက်ခံလူ၏အမှားမှတစ်ဆင့် ဂိုးရရှိရန်နီးစပ်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မန်ယူအသင်းမှ ရပ်ဖို့ဒ်ကလည်း ပွဲချိန် ငါးမိနစ်တွင် ဂိုးရရှိလောက်သည်အထိ အခွင့်အရေးရရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။ ယနေ့ပွဲစဉ်တွင် မန်ယူ အသင်း ခံစစ်ပိုင်း အမှားအယွင်းအချို့ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ထို့နောက် ပွဲ ချိန် ၁၈ မိနစ်အရောက်တွင် မန်ယူတိုက်စစ်ကစားသမား ရပ်ဖို့ဒ် အပိုင်အခွင့်အရေးကို အသုံးမချနိုင်ခဲ့သည့်အတွက် မန်ယူအသင်း စောစီးစွာ ဦးဆောင်ဂိုးရရှိမည့် အနေအထားမှ ဝေးကွာခဲ့ရခြင်းဖြစ်သည်။

**ဦးဆောင်နိုင်ခဲ့**

ပွဲကစားချိန် ၂၇ မိနစ်အရောက်တွင် မန်ယူအသင်းလိုအပ်နေသည့် ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ရက်ဖို့ဒ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာနန်ဒက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ပိုင်း ဆိုစီဒက်အသင်း ချေပဂိုးရရှိရန် မန်ယူအသင်းကို ဖိအားပေးကစားလာကာ ပွဲချိန် ၃၈ မိနစ် အရောက်တွင် ဂိုးရလုနီးပါးဖြစ်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ထို့နောက် နှစ်သင်းစလုံး ထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းပြီးချိန်တွင် မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်တွင် ဆိုစီဒက်အသင်း၏ ဂိုးရရှိနိုင်မည့် အခွင့်အရေးတစ်ရပ်ကို မန်ယူခံစစ်မှူး မက်ဂွိုင်းယား ဖျက်ထုတ်ပုံကောင်းခဲ့သည့်အတွက် မန်ယူအသင်း သက်သာရာရခဲ့သည်။ ပွဲချိန် ၅၇ မိနစ်တွင် မန်ယူအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဂျိမ်းစ်၏ ဖန်တီးပေးမှုတစ်ဆင့် ဖာနန်ဒက်ဇ်ကပင် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း မန်ယူအသင်းလူစားလဲမှုစတင်ပြုလုပ်လာခဲ့ရာ မက်တွန်မီနေး၏ နေရာကို မာတစ်ဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် မန်ယူအသင်း၏ ကစားပုံကောင်းမွန်ခဲ့သည်ကို တွေ့ရသလို အဆုံးသတ်မှုအားနည်းခဲ့သည်ကိုလည်း တွေ့ရသည်။ ပွဲချိန် ၆၅ မိနစ်တွင် မန်ယူအသင်း တတိယဂိုးရရှိခဲ့ပြီး ဖရက်၏ ဖန်တီးပေးမှုမှတစ်ဆင့် ရက်ဖို့ဒ်က သွင်ယူပေးနိုင်ခဲ့သည်။

**စတုတ္ထဂိုး ရရှိ**

ထို့နောက်တွင် မန်ယူအသင်း ဒုတိယမြောက် လူစားလဲမှုကိုပြုလုပ်ခဲ့ပြီး ရက်ဖို့ဒ်၏ နေရာကို မာရှယ်ဖြင့် အစားထိုးခဲ့သည်။ လူစားလဲပြီးနောက်ပိုင်း မန်ယူအသင်း ဆိုစီဒက်အသင်းအပေါ် သိသိသာသာဖိအားပေးကစားလာနိုင်ခဲ့ပြီး ဂျိမ်းစ်၊ ဂရင်းဝုဒ်တို့၏ ကန်သွင်းချက်များကို ဆိုစီဒက်ဂိုးသမား ကာကွယ်နိုင်ခဲ့လို့ ဆိုစီဒက်အသင်း သက်သာရာရခဲ့သည်။ မန်ယူအသင်းအတွက် စတုတ္ထဂိုးကို ဒုတိယပိုင်းပွဲချိန်ပြီးခါနီးတွင် ဘိုင်လီ၏ ဖန်တီးပေးမှုတစ်ဆင့် ဂျိမ်းစ်က သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် မန်ယူအသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော ဖာနန်ဒက်ဇ်သည် အသင်းအတွက် ပြိုင်ပွဲစုံ ၅၈ ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု ၅၂ ကြိမ်အထိ ရှိခဲ့ပြီး ၃၃ ဂိုးသွင်းကာ ၁၉ ကြိမ် ဖန်တီးပေးထားသည်။ မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဆိုစီဒက်အသင်းက ဖေဖော်ဝါရီ ၂၁ ရက်တွင် အလာဗက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်ယူအသင်းနှင့် ရီးရဲဆိုစီဒက်အသင်းတို့၏ ယူရိုပါလိဂ် ဒုတိယအကျော့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

### ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပ_ကျော့ရလဒ်

| | | |
|---|---|---|
| ဘရာဂါ | ၀-၂ | ရိုးမား |
| ခရက်စ်နိုဒါ | ၂-၃ | ဒိုင်နမို ဇာဂရက် |
| ဇဗက်ဒါ | ၂-၂ | အေစီမီလန် |
| အိုလံပီယာကော့စ် | ၄-၂ | ပီအက်စ်ဗွီ |
| စလာဗီယာ ပရော့ | ၀-၀ | လက်စတာ |
| ဝုဖ်ဘာဂါ | ၁-၄ | စပါး |
| ယန်းဘွိုင်းစ် | ၄-၃ | လေဗာကူဆင် |
| ဘင်ဖီကာ | ၁-၁ | အာဆင်နယ် |
| ဂရန်နာဒါ | ၂-၀ | နာပိုလီ |
| လိုင်လီ | ၁-၂ | အိုင်းယက်စ် |
| မက္ကာဘီတဲလ်အဗစ် | ၀-၂ | ရက်တာဒိုးနက် |
| မိုလ်ဒီ | ၃-၃ | ဟော်ဖန်ဟိန်း |
| ရွိုင်ရယ်အန့်ဝပ် | ၃-၄ | ရိန်းဂျား |
| ဆဲလ်ဘတ် | ၀-၂ | ဗီလာရီးရဲ |

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# ဆေးလွန်မှုဖြစ်ပြီးနောက် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ ခံစားခဲ့ရဟု အဆိုတော် ဒီမီလိုဗာတို ပြော

၂၀၁၈ ခုနှစ်တုန်းက အဆိုတော် ဒီမီလိုဗာတိုဟာ ဆေးအလွန်အကျွံသုံးစွဲမှု ဖြစ်ပေါ်ခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ဆေးအလွန် အကျွံသုံးစွဲမှုနောက်ပိုင်း လေဖြတ်ခြင်း သုံးခါကြုံခဲ့ရပြီး နှလုံးထိခိုက်မှုနဲ့ ဦးနှောက်ထိခိုက်မှု ဖြစ်ခဲ့ရတယ်လို့ အဆိုတော်ဒီမီလိုဗာတိုက ပြောပါတယ်။ အသက် ၂၈ နှစ်အရွယ် ဒီမီလိုဗာတိုဟာ သူ့ရဲ့မှတ်တမ်း ရုပ်ရှင်သစ်အတွက် ထုတ်ဖော်ပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။


အဆိုတော် ဒီမီလိုဗာတို

အတိတ်ကာလတုန်းက အရက်နဲ့ ဆေးစွဲလမ်းခဲ့ကြောင်းလည်း သူက ဆက်ပြောပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ ဒီမီလိုဗာတိုကို ဟောလိဝုဒ်ကနေအိမ်မှာ သတိလစ်နေတာကို တွေ့ရှိခဲ့ရပါတယ်။ ဦးနှောက်ထိခိုက်ခဲ့မှုကြောင့် ကားမောင်းရာမှာ အခက်အခဲတွေ့ရသလို အမြင်အာရုံ ဝေဝါးမှုကြောင့် စာလည်း ကောင်းကောင်းမဖတ်နိုင်ဘူးလို့ သူက ဆက်ပြောပါတယ်။

ဒီမီလိုဗာတိုဟာ အသက် ၁၇ နှစ်အရွယ် ကတည်းက ဆေးသုံးစွဲခဲ့သူ ဖြစ်ပြီး အသက် ၁၈ နှစ် အရွယ်မှာတော့ ပထမဆုံးအကြိမ်အဖြစ် ပြန်လည် ထူထောင်ရေးစခန်းကို သွားခဲ့ရပါတယ်။

နောက်ပြီး သူကြုံတွေ့ခဲ့ရတဲ့ အစားအသောက် ပုံမှန်မဟုတ်မှု ပြဿနာကိုလည်း ရှင်းပြခဲ့ပါတယ်။ ဒီမီလိုဗာတိုရဲ့ မှတ်တမ်းရုပ်ရှင် သစ်မှာတော့ အနုပညာလောကအတွင်းမှာ ကြုံတွေ့ရတဲ့ ဖိအားတွေကိုပါ ပြသထားမယ်လို့ သိရပါတယ်။

စကိုင်းနယူးစ်


ပဲရစ်ဟီတန်နှင့် သူ၏ချစ်သူ ကာတာရီအမ်

### မော်ဒယ်နဲ့ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ပဲရစ်ဟီတန် စေ့စပ်

မော်ဒယ်နဲ့ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ပဲရစ်ဟီတန်ဟာ သူ့ရဲ့ချစ်သူ ကာတာရီအမ်နဲ့ စေ့စပ်လိုက်ပြီလို့ သိရပါတယ်။ အဲဒီသတင်းကို ပဲရစ်ဟီတန်ကိုယ်တိုင် သူ့ရဲ့အင်စတာဂရမ်နဲ့ ဝက်ဘ်ဆိုက်တို့မှာ အတည်ပြုခဲ့ပြီး ကာတာကိုလည်း ဘဝလက်တွဲဖော်လို့ ရည်ညွှန်းပြောဆိုခဲ့ပါတယ်။

စေ့စပ်ပွဲပုံတွေကိုလည်း ထုတ်ပြခဲ့ပါတယ်။ စပြီးချစ်ကြိုက်ခဲ့တဲ့နေ့ကစလို့ အခုထိ မခွဲအတူရှိနေတယ်လို့လည်း ပဲရစ်ဟီတန်က ပြောပါတယ်။ ပဲရစ်ဟီတန်ရဲ့ မိတ်ဆွေတွေကလည်း သူ့ကို ဂုဏ်ယူကြောင်း ပြောဆိုခဲ့ကြပါတယ်။ ပဲရစ်ဟီတန်ဟာ သူ့ချစ်သူ ကာတာနဲ့ တစ်နှစ်ကျော် လက်တွဲပြီးတဲ့နောက် စေ့စပ်မှုပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

ကာတာဟာ ဖေဖော်ဝါရီ ၁၃ ရက်က ပဲရစ်ဟီတန်ရဲ့ မွေးနေ့ပွဲမှာ လက်ထပ်ခွင့်တောင်းခဲ့တာပဲ ဖြစ်ပါတယ်။ အသက် ၄၀ ပြည့် မွေးနေ့ပွဲအတွက် လက်ဆောင်အကြီးကြီး ရလိုက်တာပါပဲ။ ပဲရစ်ဟီတန်ရဲ့ ချစ်သူ ကာတာရီအမ်ကတော့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလို့ သိရပါတယ်။ စကိုင်းနယူးစ်

## မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းဒေသကြီးအတွင်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ – ၁၄၄ အရ တားမြစ်သည့်အမိန့် ထုတ်ပြန်ထားခြင်းအပေါ် အသိပေးနှိုးဆော်ချက်ကို ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ယင်းအသိပေးနှိုးဆော်ချက်တွင် ယခုအခါမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် လူအချို့သည် အများပြည်သူတို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် စိုးရိမ်ဖွယ်အပြုအမူများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းသည် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး/တရားဥပဒေစိုးမိုးရေး နှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသည့်အပြင် ရန်ငြိုးဆန့်ခတ်မှုများ ဖြစ်ပွားစေနိုင်သောကြောင့် မြို့နယ်များအတွင်း စုဝေးခြင်း/ ဟောပြောခြင်း/ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ/ လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း/ လှုံ့ဆော်ဆန္ဒပြခြင်း/ ဖျက်ဆီးခြင်း/ ရန်ငြိုးဆန့်ခတ် ပြုမူခြင်းများကို မပြုရန် တားမြစ်လိုက်သည့်အပြင် လူ (၅) ဦး သို့မဟုတ် (၅) ဦး ထက်ပိုသောသူများသည် လမ်းမကြီးများ၊ အများပြည်သူသွားရာလမ်း၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ် (သို့မဟုတ်) အများပြည်သူနှင့်ဆိုင်သော နေရာများတွင် စုဝေးခြင်းမပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ – ၁၄၄ အရ တားမြစ်သည့် အမိန့်ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

အဆိုပါ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ – ၁၄၄ အရ ထုတ်ပြန်ထားသည့် တားမြစ်သည့်အမိန့်အား လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာဇသတ်ကြီးပုဒ်မ ၁၈၈ အရ အရေးယူတရားစွဲဆို ခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားတွေ့ရှိပါက (၆) လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သောကြောင့် ပြည်သူလူထုအနေဖြင့် အသိတရားနှင့် ဂရုပြုရှောင်ကြဉ်နိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

သတင်းစဉ်

## လှိုင်လင်မြို့နယ် ပင်လုံမြို့တွင် ငွေကျပ် ၂ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လှိုင်လင်မြို့နယ် ပင်လုံမြို့တွင် ငွေကျပ် ၂ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခွဲက လှိုင်လင်မြို့နယ် ပင်လုံ-လဲချားသွားကားလမ်း မိုင်တိုင်အမှတ် (၁၀) အနီးတွင် လဲချားဘက်မှ ပင်လုံဘက်သို့ အွမ်ခေး မောင်းနှင်ပြီး စိုင်းဆွေထွန်း (ခ) အိုက်ကြိမ်၊ စိုင်းဆိုင်တန် (ခ) အိုက်တန်၊ မခင်ဦး (ခ) မိန်မိန်းတို့ လိုက်ပါလာသည့် NOAH မော်တော်ယာဉ်ကိုရှာဖွေရာ ငွေကျပ် ၂ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၂၈ သန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရှမ်းပြည်နယ် တောင်ပိုင်း မိုင်းရှူးမြို့နယ်မှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန် လမ်း အမှတ် (၃) တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ငါး စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ၁၁ စီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ၁၀ စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် သုံးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး၊ စုစုပေါင်း ၃၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ဖယ်ယာသီရိမြို့နယ်၌ 94 အမျိုးအစား လက်ပစ်ဗုံး(သက်မဲ့) တစ်လုံးတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က 94 အမျိုးအစား လက်ပစ်ဗုံးတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ဇေယျာသီရိမြို့နယ် ခါမကျေးရွာနေ မောင်ဖိုးချစ် (၁၅) နှစ်သည် ကျည်တောင်ကျေးရွာအနီး ပေါင်းလောင်းမြစ်အတွင်း၌ ခုံး/ခရုများအား ရေငုပ်ရှာဖွေစဉ် ရေအောက်တွင် လက်ပစ်ဗုံးတစ်လုံး တွေ့ရှိခဲ့ကြောင်း သတင်းအရ ဇေယျာသီရိ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ လက်ပစ်ဗုံးမှာ(သက်မဲ့) အမျိုးအစားဖြစ်ပြီး နယ်မြေခံတပ်မှ သိမ်းဆည်းသွားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## မြဝတီမြို့နှင့် ရှာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် မြဝတီမြို့ အမှတ် (၄) ရပ်ကွက် အောင်သုခလမ်းတွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးရှာဖွေရာ အိုက်စ် ၀ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇၄ ပြားတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၈ နာရီခွဲတွင် ရှာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာအုပ်စု ကျောက်ကူပြင်ကျေးရွာအနီး ရှာငံ-ကျောက်ဆည်သွားကားလမ်းတွင် ကေဖြလက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၄ ဒသမ ၅ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိသည်။ အလားတူ ညပိုင်းတွင် အဆိုပါနေရာ၌ ခူစောမောင် (ခ) မောင်စော မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၄ ဒသမ ၅ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်း(၃)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်-

(က) Micro Furnance DMF-05 — 1 No
(ခ) pH meter DMF- 1100 — 1 No
(ဂ) Aflatoxin EZReac- 400 Research — 1 Set

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ** စတင်ရောင်းချမည့်ရက် - ၂၀-၂-၂၀၂၂ ရက်မှ ၁၂-၃-၂၀၂၂ ရက်နေ့အထိ (နံနက်၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ)
(ခ) တင်ဒါရောင်းချမည့်နေရာ - ပြည်နယ်ဦးစီးမှူးရုံး၊ ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ စစ်တွေမြို့
(ဂ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၅-၃-၂၀၂၂ရက် (ညနေ ၃နာရီ)
(ဃ) **အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်ရက်** - တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ရုံး ဖုန်း- ၀၄၃-၂၁၂၂၉၄၉ နှင့် ၀၉-၇၇၇၆၈၀၄၂၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက်ကျေးရွာနေ ဦးမောင်စောလှ၏သမီး ဒေါ်မသန်းရီ ၁၁/ပဏတ(နိုင်)၀၀၇၄၈၆ (စာရေးအဆင့်-၁)၏ အမည်မှန်မှာ ဒေါ်အရီမေ ဖြစ်ပါကြောင်း။ **ဒေါ်အရီမေ**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယား ဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်) | ၃၀၀၀ | ၂၃-၃-၂၀၂၂ | ၁၂:၀၀ | ၂၃-၃-၂၀၂၂ | ၁၄:၀၀ |
| ယူရီးယားအောက်ကျုံး (မြောင်းတကာ+ ကန်ကြီးထောင့်) | ၁၀၈.၈၂ | ၂၃-၃-၂၀၂၂ | ၁၂:၀၀ | ၂၃-၃-၂၀၂၂ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင် ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### ဇနီးအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်လမ်းမတန်း၊ အိမ်အမှတ် (၁၅၂)နေ ဦးစိုးမောင်၏သား ဦးထွန်းထွန်းဦး(ခ)ဦးနေမျိုး ၁၀/သထန (နိုင်)၁၀၉၇၄၆၏ဇနီး မဇင်မာလွင် ၁၀/သထန(နိုင်)၁၂၃၆၃၄သည် မိသားစု၏စီးပွားရေးကို အကြိမ်ကြိမ်ကျဆင်းအောင် ဆောင်ရွက်ခြင်း၊ ၁၀-၂-၂၀၂၂ရက်တွင် ၎င်း၏သဘောဆန္ဒဖြင့် အိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးထွန်းထွန်းဦး(ခ)ဦးနေမျိုး**

### သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းရှေ့နေ ဒေါ်ဆွေဇင်ဦး ၉/ခအဇ(နိုင်) ၀၂၁၆၃၄၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါ ဒေါ်ဆွေဇင်ဦးသည် မိသားစုအပိုဝင်ငွေရရှိရန် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် Zin Zin အကောင့်ဖြင့် ၎င်းကျွမ်းကျင်ပိုင်နိုင်ခြင်းမရှိသည့် လေလံမဲစုခြင်း၊ ဒိုင်ကိုင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ၎င်းမှတာဝန်ခံအဖြစ် လေလံစုမဲစုဆောင်းပေးခဲ့ရာတွင် နံပါတ်စဉ်စော၍ ထုတ်ယူပြီးသူများသည် စုမဲငွေထုတ်ပြီးနောက်ပိုင်း ပြန်လည်ထည့်ဝင်ပေးအပ်ခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေကြသောကြောင့် ၎င်း၏မိသားစုကိုယ်ပိုင်ငွေများဖြင့် စိုက်ထုတ်ဖြေရှင်းခဲ့ရပြီး ယခုအခါ အခက်အခဲများစွာဖြစ်ပေါ်နေရသည့်အခြေအနေသို့ ရောက်ရှိနေပါသောကြောင့် ၎င်းအနေဖြင့် စုမဲများကို ဆက်လက်စိုက်ထုတ်ဖြေရှင်းနိုင်ခြင်းမရှိတော့ သည့်အပေါ် တဒင်္ဂပြေလည်စေရန် စုမဲများကို အရှုံးဖြင့် ဆက်လက်စုဆောင်းခြင်းများပြုလုပ်ပါက ပိုမိုခက်ခဲလာမည်ဖြစ်သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ လေလံမဲစုခြင်း၊ ဒိုင်ကိုင်ခြင်းများ လုံးဝမပြုလုပ်တော့ပါကြောင်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ ဒေါ်ဆွေဇင်ဦးအား စုမဲငွေပေးရန်ရှိသူများကို ဥပဒေနှင့်အညီ တရားစွဲတောင်းခံခြင်းတို့ဖြင့် ရရှိလာသည့်ငွေများဖြင့်သာ ၎င်းထံမှရရန်ရှိသူများကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ကြောင့် သက်ဆိုင်သူများမှ ဒေါ်ဆွေဇင်ဦး၏ အခက်အခဲကို သိလျက်နှင့် အတင်းအကျပ်လာရောက်ဖိအားပေးကာ ငွေယုံကြည်အပ်နှံခြင်း သို့မဟုတ် ငွေချေးငှားခြင်းခေါင်းစဉ်ဖြင့် ဟန်ဆောင်စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ နေအိမ်သို့ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ ကြောက်လန့်စေရန် ခြိမ်းခြောက်ခြင်း၊ မသမာသောနည်းဖြင့် ရာဇဝတ်ကြောင်းအရ လီဆယ်အမှုဖွင့်လှစ်ခြင်း၊ ဒေါ်ဆွေဇင်ဦးနှင့် ပြုလုပ်ထားသည့် ကိစ္စရပ်များကို လုံးဝသက်ဆိုင်ခြင်းမရှိသည့် ၎င်း၏မိသားစုဝင်များထံ လာရောက်တောင်းခံခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေရန် ပြုလုပ်ခြင်းတို့ကို လုံး၀(လုံး၀)ခွင့်လွှတ်မည်မဟုတ်သည့်အပြင် ဒေါ်ဆွေဇင်ဦးနှင့် မိသားစုဝင်ဓာတ်ပုံများကို Screen Shot ရိုက်ကူးပြီး ယုတ်ညံ့သောစာသားများဖြင့် တွဲဖက်ကာ Post တင်ခြင်း၊ Comment ရေးသားခြင်း၊ Tag တွဲခြင်း၊ ယခုသတင်းစာကြေညာချက်အား ဒေါ်ဆွေဇင်ဦးနှင့် ကျွန်ုပ်၏ခွင့်ပြုချက်မရှိဘဲ Screen Shot သို့မဟုတ် ဓာတ်ပုံရိုက်ကူး၍ ဂုဏ်သိက္ခာထိခိုက်စေသည့်စာသားများနှင့်တွဲ ဖက်၍ Post တင်ခြင်း၊ လှောင်ပြောင်ရေးသားခြင်းများပြုလုပ်သူ မည်သူ့ကိုမဆို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေတို့အရ ပြန်လည်တုံ့ပြန်အမှုဖွင့် တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်၏ နောက်ပိုင်းမှစ၍ ဒေါ်ဆွေဇင်ဦးထံမှ စုမဲငွေရရန်ရှိသူများသည် မိမိတို့၏ခိုင်မာသည့် သက်သေခံစာ၊ မှတ်တမ်းအထောက်အထားစုံလင်စွာဖြင့် ဒေါ်ဆွေဇင်ဦးထံသို့ ဆက်သွယ်ညှိနှိုင်းနိုင်ပါကြောင်းနှင့် ညှိနှိုင်းလိုသူများသာ ကိုယ်တိုင်ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆွေဇင်ဦး၏ ညွှန်ကြားချက်များအရ-**

**ဦးမင်းမင်းဝင်း (LL.B)** (စဉ်-၉၉၂၉) (၂၇-၅-၂၀၁၄) တရားလွှတ်တော်ရှေ့နေ

**ဦးဝင်းညွှန့်(LL.B)** (စဉ်-၃၅၆၂၂) (၁၆-၁၂-၂၀၁၀) အထက်တန်းရှေ့နေ

**အမှတ်-၁၆၁၆၊ ဦးမင်းလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့နှင့် မင်းတပ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွိုင်ကော်မြို့တွင် ၀ ဒသမ ၈၃ လက်မ၊ တောင်ကြီးမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၂၄ လက်မ၊ နမ့်စန်မြို့တွင် ၀ ဒသမ ၁၉ လက်မ၊ မိုးညှင်းမြို့နှင့် ကျိုင်းတုံမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီ၊ လွိုင်လင်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

## မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့

## ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုရန်ဖိတ်ခေါ်ခြင်း

၁။ မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့သည် နိုင်ငံတော်တည်ဆောက်ရေးအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများတွင် စံချိန်စံညွှန်းနှင့်အညီ မှန်ကန်ရေးကို အောက်ဖော်ပြပါရည်ရွယ်ချက် (၄) ချက်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်-

(က) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်။

(ခ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

(ဂ) ပြည်တွင်းပြည်ပ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(ဃ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ကူညီရန်။

၂။ ထိုသို့ ဖော်ပြပါရည်ရွယ်ချက် (၄) ချက်ကို ဖော်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ဗဟိုကော်မတီဝင်များကို MICEG မှ ဖိတ်ခေါ်ပါကြောင်းနှင့် MICEG ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၂၇) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံတွင် MICEG ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအရ (၂) နှစ်တစ်ကြိမ် ပြုလုပ်သည့် (၂၀၂၁-၂၀၂၂) ခုနှစ် သက်တမ်းအတွက် ဗဟိုကော်မတီဝင်များ ရွေးချယ်ခြင်းကိုပါ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုလိုသော အဖွဲ့ဝင်သက်တမ်း (၁) နှစ်ပြည့်ပြီး Professional Engineer (PE) လက်မှတ် (သို့မဟုတ်) Senior Licensed Architect (SLA) လက်မှတ်ရရှိပြီးသူများသည် MICEG မှ သတ်မှတ်ထားသောအဆိုပြုလွှာတွင် ဖြည့်စွက်ကာ (၁၉.၂.၂၀၂၁) ရက် (သောကြာနေ့)၊ ညနေ (၄) နာရီ နောက်ဆုံးထား၍ MICEG ရုံး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အဆောက်အဦ၊ လှိုင်တက္ကသိုလ်များနယ်မြေ ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။

၃။ အဆိုပြုလွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ (၃) ပုံ၊ ဘွဲ့/ ဒီပလိုမာလက်မှတ်များ၏ မိတ္တူ ၊ PE/ SLA မှတ်ပုံတင်လက်မှတ်မိတ္တူတို့ကို MICEG ရုံးသို့ ပူးတွဲပေးပို့ရမည်။ အဆိုပြုလွှာကို MICEG Website : www.miceg.com တွင် Download ရယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်- 09-456614356, 09-409884859 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့

## Myanmar International Consulting Engineers Group Incorporated (MICEG)

## နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ နှင့် (၂၀၂၁-၂၀၂၂) ဗဟိုကော်မတီဝင်ရွေးချယ်တင်မြှောက်ပွဲ ဖိတ်ကြားလွှာ

မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့၏ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ (Virtual Zoom Conference) ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားတိုင်း တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၂၇-၂-၂၀၂၁ (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် (၀၉:၀၀ နာရီ)

- Conference ID and Passcode ကို မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့၊ Website: www.miceg.com တွင် ၂၄.၂.၂၀၂၁ ရက်တွင် ကြေညာပေးမည်ဖြစ်ပါသည်။
- (၂၇.၂.၂၀၂၁) နေ့အထိ အဖွဲ့ဝင်ပြီးသူ MICEG အဖွဲ့ဝင်အားလုံး နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံသို့ တက်ရောက်ခွင့်ရှိသည်။
- (၂၇.၂.၂၀၂၁) နေ့တွင် အဖွဲ့ဝင်သက်တမ်းအနည်းဆုံး (၁) နှစ်ပြည့်ပြီး အဖွဲ့ဝင်သက်တမ်း ရှိသူများအားလုံး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
- ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံလိုသူများအနေဖြင့် (၂၇.၂.၂၀၂၁) နေ့တွင် အဖွဲ့ဝင်သက်တမ်း အနည်းဆုံး (၁)နှစ် ပြည့်ပြီး၊ Professional Engineer (PE) လက်မှတ် သို့မဟုတ် Senior Licensed Architect (SLA) လက်မှတ်ရရှိပြီးသူများဖြစ်ရမည်။
- ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံလိုသူများသည် (၂၈.၁.၂၀၂၁) နေ့မှ စတင်၍ အဆိုပြုလျှောက်လွှာများအား www.miceg.com မှ Download ရယူနိုင်ပါကြောင်းနှင့် လျှောက်လွှာများကို (၁၉.၂.၂၀၂၁) နေ့၊ ညနေ (၄:၀၀) နာရီ နောက်ဆုံးထား၍ MICEG ရုံးသို့ အရောက်ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။
- မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့၏ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ (Virtual Zoom Conference) တွင် (၂၀၂၁-၂၀၂၂) ဗဟိုကော်မတီအသစ်ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားအဆင့်ရှိပြီး ၂၀၂၁ ခုနှစ်ထိ နှစ်စဉ်ကြေး ပေးသွင်းပြီးအသင်းသားများသည် ဗဟိုကော်မတီဝင်အသစ်များရွေးချယ်ရာတွင် Online မှ ဆန္ဒမဲ ပေးရမည်ဖြစ်ပါ၍ ထိုသို့ဆန္ဒမဲပေးရန်အတွက် ကြိုတင်ပြီး Online Registration ပြုလုပ်ရန်နှင့် အသင်းဝင်သက်တမ်းတိုးရန်တို့နှင့်ပက်သက်ပြီး MICEG ၏ Website: www.miceg.com တွင် ကြည့်ရှုဆောင်ရွက်နိုင်ပါသည်။

# ဖွဲ့ထက်စိန်ရွှေရတနာဆိုင်နှင့်ပတ်သက်၍ တစ်ဦးတည်းပိုင်ဖြစ်ကြောင်း ရှင်းလင်းအသိပေးကြေညာခြင်း

၁။ လားရှိုးမြို့၊ နယ်မြေ(၈)၊ ဘူတာလမ်းနေ ဒေါ်ဝင်းမာ(ဘ)ဦးတင်အောင် ၁၃/လရန(နိုင်)၀၀၇၉၅၁ ဖွဲ့ထက်စိန်ရွှေရတနာဆိုင်ပိုင်ရှင် ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

၂။ ဖွဲ့ထက်စိန်ရွှေရတနာဆိုင်ကို လားရှိုးမြို့၊ မြို့မဈေး၌ ဦးဆန်းဝင်း-ဒေါ်ဝင်းမာ တို့ဇနီးမောင်နှံမှ (၂၀၀၃)ခုနှစ်တွင် ဆိုင်အသေးလေး မှ စတင်၍ တစ်ဦးတည်းပိုင်ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ (၁၈)နှစ်တိုင်ခဲ့ပြီး မိတ်ဆွေ Customer များ၏ အားပေးမှုကြောင့် အောင်မြင်လာသဖြင့် (၂၀၁၄)ခုနှစ်တွင် ဖွဲ့ထက် ကုန်အမှတ်တံဆိပ်အားမှတ်ပုံတင်စာချုပ်အမှတ် ၁၂၅/ ၂၀၁၄ ဖြင့် ဒေါ်ဝင်းမာ တစ်ဦးတည်းမှုပိုင် အမှတ်တံဆိပ်ဖြင့် လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပါသည်။

၃။ ထို့အပြင်ဆိုင်ခွဲများအားလုံးကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် စည်ပင်သာယာရေးခွင့်ပြုမိန့်များနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးများ၏ အခွန်ထမ်းဆောင်ပြီးကြောင်း လက်မှတ်များတွင် ဦးဆန်းဝင်း-ဒေါ်ဝင်းမာ အမည်ဖြင့် တရားဝင် အစဉ်တစိုက် ရပ်တည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဖွဲ့ထက်စိန်ရွှေရတနာဆိုင်သည် ဦးဆန်းဝင်း-ဒေါ်ဝင်းမာတို့မှ တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် အမွေခံများ အဖြစ်(၁) သားကြီး ဦးကျော်စွာဝင်း၊ (၂) သမီးလတ် ဒေါ်ထက်သဉ္ဇာအောင်၊ (၃) သားငယ် ဦးအောင်မင်းမြတ်တို့(၃)ဦး ဖြစ်ကြောင်းနှင့် အခြားမည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီမည်သူတစ်ဦးတစ်ယောက်နှင့်မျှ ဆက်နွှယ်ပိုင်ဆိုင်မှုမရှိသည့် ရွှေဆိုင်ဖြစ်ပါကြောင်း အများပြည်သူများသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

၅။ ယခုအခါ ဆိုင်၏အမည်ကောင်းပုံရိပ်ကို ဖျက်လိုသူ အချို့က မည်သည့်အထောက်အထားမျှမရှိဘဲ အများထင်ယောင်ထင်မှားဖြစ်စေသည့် ဆိုင်၏ပုံရိပ်ကို ထိခိုက်စေသည့် မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် Account တုများဖြင့်တင်နေသည်ကို တွေ့ရှိရပါသည်။ ယခုဖြေရှင်းချက်ထုတ်ပြန်ပြီးသည့် အချိန်မှစ၍ စီးပွားရေးကိုယ်ချင်းစာသောအားဖြင့် မဟုတ်မမှန်တင်ထားသည့်သတင်းများကို ဖျက်ပေးပါရန် မေတ္တာရပ်ခံပါသည်။

၆။ ထိုကဲ့သို့လူမှုကွန်ရက်ပေါ်တွင်အထောက်အထားမဲ့မဟုတ်မမှန်သတင်းလွှင့်သူများအပေါ်သက်ဆိုင်ရာတွင်တိုင်ကြားအမှုဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့်ဆက်လက်ကျူးလွန်မှုပေါ်ပေါက်ပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ မလွှဲမရှောင် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | | လွှဲအပ်ညွှန်ကြားချက်အရ- | | |
|---|---|---|---|---|
| ဦးဆန်းဝင်း၊ | ဒေါ်ဝင်းမာ | ဦးကျော်ငြိမ်း | ဒေါ်ခင်မေသန်း | ဦးမျိုးသိန်းဌေး |
| ၈/ ရစက(နိုင်)၀၀၀၀၉၂ | ၁၃/လရန(နိုင်)၀၀၇၉၅၁ | B.A(Law), LL.B, DBL, DML | LLB, DBL, DML, DIL | LLB, DBL, DIL, DIPL |
| | | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | | စဉ်- ၂၃၀၂/၈၂ | စဉ်-၃၂၂၈/၈၅ | စဉ်-၁၃၉၃၃/၁၇ |
| | | ဖုန်း- ၀၉-၅၁၁၈၅၂၁ | ဖုန်း- ၀၉-၅၀၁၅၃၁၆ | အမှတ် ၁၆၂(ပထမထပ်)၊ ၃၅လမ်း(အလယ်) |
| | | | | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| | | | | ဖုန်း- ၀၉- ၄၂၀၂၆၉၄၇၂ |

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၁,၄၁၁) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၂၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၂၀၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၄) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်သူများသို့ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ပြည်သူများသို့ အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

လတ်တလောအခြေအနေတွင် ရောဂါဝေဒနာခံစားရမှုကြောင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသသော်လည်း ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ မရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနိုင်ခြင်းမရှိသော ပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိပါက နီးစပ်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ တိုင်ကြားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရန်ကုန်မြို့၌ YBS ခရီးသည်တင်ယာဉ်များ ခရီးသည်သွားလာမှုပေါ်မူတည်၍ တိုးချဲ့ပြေးဆွဲပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) အောက်ရှိ YBS ခရီးသည်တင်ယာဉ်လိုင်းများကို ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ခရီးသည် သွားလာမှုပေါ်မူတည်ကာ နေ့စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း YRTA ရုံးမှ သိရသည်။

“လတ်တလော ခုရက်ပိုင်းမှာတော့ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေသော YRTA လက်အောက်မှာရှိတဲ့ ခရီးသည်တင်ယာဉ်လိုင်းတွေကို ခါတိုင်းရက်တွေလိုပဲ ပုံမှန်ပြေးဆွဲပေးနေပါတယ်။ ဒါပေမယ့် နေ့စဉ်တော့ လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေပေါ်မူတည်ပြီး ခရီးသည်တင်ယာဉ်တွေကို ခရီးစဉ်လမ်းကြောင်းပိုင်းအလိုက် ပြောင်းလဲပြေးဆွဲပေးမှုလေးတွေလည်းရှိပါတယ်။ ခုရက်ဆိုရင် အရင်ရက်ပိုင်းတွေကထက် YBS ယာဉ်စီးရေကို တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးချဲ့ပြေးဆွဲပေးနေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူ ပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲပေးနေမှုအပေါ် ပြည်သူအချို့မှ ခရီးသည်တင်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲမှုမရှိဘဲ ယာဉ်လိုင်းပြေးဆွဲမှု စီးရေမှာ လျော့နည်းနေသည်ဟူသော ပြောဆိုသံများ ခရီးသွားပြည်သူများအကြား ကြားသိနေရသည်။ YRTA အနေဖြင့် ယင်းသို့ အဖြစ်မခံဘဲ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်လိုင်းများကို တစ်နေ့ထက်တစ်နေ့ အစီးရေကို ပိုမိုတိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

“ အရင် ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်မီက YBS ယာဉ်လိုင်းတွေ စီးရတာ အဆင်ပြေတယ်။ တစ်စီးနဲ့တစ်စီး သိပ်အကြာကြီးမစောင့်ရဘူး။ ခုဆိုရင် မှတ်တိုင်မှာ နာရီဝက်၊ ၄၅ မိနစ်လောက်စောင့်ရတယ်။ ခုရက်ပိုင်း လမ်းမကြီးတွေပေါ်မှာ CDM လုပ်တဲ့သူတွေက ကားတွေကို အပျက်ပြပြီး ကန့်လန့်ရပ်ထားတော့ အရင်ကထက် အိမ်ကနေ အလုပ်ကို တတ်နိုင်သလောက် ခပ်စောစော ထွက်နေရတယ်။

စာမျက်နှာ ၇ ကော်လံ ၅ ❖




ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေသော YBS ခရီးသည်တင်ယာဉ်ကို တွေ့ရစဉ်။

# ယူရိုပါလိဂ် ၃၂ သင်းအဆင့်တွင် မန်ယူတို့ ဆိုစီဒက်ကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်း

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၃၂ သင်း အဆင့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက စပိန်ကလပ် ရီးရဲဆိုစီဒက်အသင်းနှင့် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းအတွက် ဂိုးများကို ဖာနန်ဒက်စ်၊ ရက်ဖို့ဒ်နှင့် ဂျိမ်းစ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် နောက်တစ်ဆင့်သို့ တက်ရောက်ရန် အခြေအနေကောင်းတစ်ခု ပိုင်ဆိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲစဉ်တွင် အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား ကာဗာနီနှင့် ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်တို့ကို ချန်လှပ်ပြီး ဟန်ဒါဆင်၊ တဲလပ်စ်၊ မက်ဂွိုင်းယား၊ ဘိုင်လီ၊ ဝမ်ဘစ်ဆာကာ၊ ဖရက်၊ မက်တွန်မီနေး၊ ဂျိမ်းစ်၊ ဖာနန်ဒက်ဇ်၊ ဂရင်းဝုဒ်၊ ရက်ဖို့ဒ်တို့ကိုအသုံးပြုကာ ဆိုစီဒက်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဆိုစီဒက်အသင်းကလည်း ရီမီယို၊ နော်မန်၊ မွန်ရီရယ်၊ ဆေးဗားလ်၊ မီရီနို၊ ဂျာနူဇက်၊ အီဆတ်ခ်၊ အိုယာဇာဘယ်စသည့်များကို အသုံးပြုကာ မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ❋



အမေရိကန်တွင် အအေးလွှိုင်းဖြတ်မှုကြောင့် လူ ၄၀ ကျော် သေဆုံး

စာ » ၁၂

. . . . . . . . . . . . . . .

အမှတ်ပေးဇယား ရပ်တည်မှုအရ အမှားခံလို့ မရတော့တဲ့ လီဗာပူး

စာ » ၂၆